www.burmeseclassic.com

ဉာဏ်ဝင်းစာပေ



လုံးချင်းဝတ္ထုသစ်

# ဆုလေးနှယ်

(ရန်ကုန်တက္ကသိုလ်)

ကောင်းကင်ပေါ်က အနမ်းလက်ဆောင်

L လင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် . . . . . . ၅၀၀၈၂၇၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက် . . . ၅၀၀၉၄၄၀၈၁၁
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၁ စက်တင်ဘာ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ -Lလင်း

စီစဉ်သူ -ဒေါ်ဌေးဌေးမော်

၈၉၅ . ၈၃

ဆုလေးနွယ်
ကောင်းကင်ပေါ်ကအနမ်းလက်ဆောင် / ဆုလေးနွယ်။
- ရန်ကုန်
ဉာဏ်ဝင်း စာပေ ၂၀၁၁၊
၂၄၈ - စာ ၊ ၁၂. ၅ X ၁၇. ၅ စင်တီ။
(၁) ကောင်းကင်ပေါ်ကအနမ်းလက်ဆောင်

ထုတ်ဝေသူ
ဒေါ်ဌေးဌေးမော်၊ဉာဏ်ဝင်းစာပေတိုက်
အမှတ် ၂၇ ၊ သင်္ဂဟာလမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

**ပုံနှိပ်သူ**
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်
အမှတ်(၁၂၇) ၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှိုက်**
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေ

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ်ပြည့်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အေ တည်ဆောက်ရေး၊
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသာ ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာမျ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး၊
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး၊

# ဆုလေးနှယ်ပါ

# ကောင်းကင်ပေါ်က

# အနမ်းလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ငါးယောက်ဟာ ကျောင်းနေကတည်းက ခင်မင်လာကတွဲလာတဲ့သူငယ်ချင်းတွေပါ။ ယောက်ျားလေးက သုံးယောက် မိန်းကလေးကနှစ်ယောက်။

အဲဒီ ငါးယောက်မှာ လေးယောက်က ဝါသနာတူတယ်။ ကျွန်တော်၊ အဂ္ဂ၊ နှင်းနဲ့ ရှင်ညီညီတို့က တေးဂီတကို ခုံမင်ရူးသွပ်တယ်။ မဂီလို့ ခေါ်တဲ့ သီဂီကတော့ သီချင်းနဲ့ပတ်သက်ရင် သိပ်ဝါသနာ မပါလှဘူး ဆိုပါတော့။

တကယ်တမ်း ပြောရရင် ညီညီရော မဂီရော မိန်းမချော လေးတွေလို့ ဆိုရမှာပါ။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော့်ယက်က ရိုးရိုးပဲ . . . သူတို့အပေါ် ငြင်းခုန်မိဘူးဗျ . . .

တစ်နေ့မှာ မထင်မှတ်ဘဲ . . .

ကျွန်တော့်ယက်ထဲက အသည်းလေးတစ်ခု ဖျတ်ခနဲ ပေါက်ကွဲ သွားခဲ့တယ်။

အဲဒါ • အဲဒီကောင်မလေးရဲ့အနားမှာပဲ . . .

လတ်ငင်း





"Valentineday" လာဖို့ တစ်လတိတိအလိုမှာ . . .

ကောင်လေးတစ်ယောက်ကို အဖြေပေးလိုက်ပါတယ် . . .

သူငယ်ချင်းတွေက ညည်းစားကိုယ်စီရှိပြီး . . .

ကိုယ့်မှာ ချစ်သူမရှိရင် မျက်နှာငယ်တယ်လို့ ထင်မိတာနဲ့ သူ့ကို သိပ်စဉ်းစားမနေဘဲ လက်ခံလိုက်တာပါ။

ဒါပေမယ့် . . .

နေ့ထက်တစ်ပတ်မှာပဲ ကျွန်မ သိသွားတယ်၊

အချစ်ဆိုတာ . . .

အဖြေပေးတာ မပေးတာနဲ့ မဆက်ဆိုင်ဘူး . . .

ယိုးဇဇ်ဖွဲ့

www.burmeseclassic.com

လက်ငင်းသည် အိပ်ရာပေါ် ထောင်ထားတဲ့ ဟော်လိုဂစ်တာကို လှမ်းဆွဲယူတော့ စိတ်ကူးရလာတဲ့ သံစဉ်လေးတစ်ခု ရှာကြည့်မယ် စိတ်ကူးနဲ့ ကြံရွယ်စဉ်မှာပဲ စားပွဲပေါ်က သူ့ဖုန်းလေးက မြည်လျှားတုန်ခါလာပါသည်။ ပြီးမှ မြူးဇစ်သံလေးပါ ဆက်လက်ထွက်ပေါ်လာသည်။

"ကျွတ်"

စိတ်မရှည်တတ်သော လက်ငင်းဟာ ကျွတ်ခနဲ ရေရွတ်၍ ဂစ်တာကို မွေ့ယာပေါ် ပြန်ချထားလိုက်မိ၏။

သူ သိချင်းရေးတော့မယ်။

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတီးတော့မယ်ဆိုရင် အဲဒီဖုန်းက မြည်လာပါပြီ။ ဖုန်းမှမမြည်ဘူးဆိုရင်လည်း အိမ်မှာ အစာူနေတဲ့ သူ့တူလေး နှစ်ယောက်ဖြစ်တဲ့ ကိကဲနဲ့ ချမ်းချမ်းက အခန်းထဲ လာရှုပ်ပါပြီ။

သူတစ်ခုခု စိတ်အေးလက်အေး စိတ်ဝင်တစား လုပ်မယ်ကြံတိုင်းမှာ တစ်ခုမဟုတ်တစ်ခုက အနှောင့်အယှက် ပေါ်တတ်တာ ထုံးစံလို ဖြစ်နေသည်။

သူ သတိထားမိတာ နှစ်ခုရှိသည်။

သူဟာ ဘယ်သွားသွား မကြာခဏ မိုးမိတတ်တာနှင့် တစ်ခုခုကြံစည်တိုင်း အနှောင့်အယှက် ဝင်တတ်တာပဲ။

အဲဒီနှစ်ခုဟာ သူ မကြာခဏ ကြုံနေကျကိစ္စပဲ ဖြစ်သည်။

မြိန်မြိန်ယှက်ယှက်နဲ့ သူကြိုက်တဲ့ဟင်းနဲ့ ထမင်းစားဖို့ ထမင်းစားပွဲမှာ ထိုင်တာနှင့် သူငယ်ချင်းက ကားဟွန်းတီးလာခေါ်တာမျိုး၊ ဘောလုံးပွဲကြည့်ပြီး အိပ်ရေးပျက်လို့ ဖုန်းပိတ် တံခါးပိတ် ကျိုးပစ်လိုက်မယ်ဆိုပြီး စောင်ခြုံအိပ်လိုက်တာနှင့် မာမီက တံခါးလာခေါက် နှိုးတတ်တာမျိုး၊ ကွန်ပျူတာဖွင့်ပြီး မြူဇစ်ရှာနေတုန်း အိမ်ကို သူငယ်ချင်းရောက်လာပြီး သူ့အကြောင်းတွေ တစ်နေကုန် နန်းစံတော့ပ် ပြောနေတာမျိုး. . . ။





အင်း. . . တစ်နေ့တစ်နေ့ သည်းခံစိတ်ရှည်ရတာတွေ တယ်များပါလား. . .

အခုလည်း ဘယ်သူ့ဖုန်းလဲ. . .

အဂ္ဂလား. . . နန္ဒလား. . .

ဘာကိစ္စပဲ ရှိရှိ မရှိရှိ သူဆီ တစ်နေ့ကို ဖုန်းနှစ်ခါလောက် အနည်းဆုံး မဆက်ရရင် မနေတတ်တာက နန္ဒနဲ့ အဂ္ဂပဲလေ။ ဒါမှမဟုတ် ရှင်ညိုလား. . . မဂီလား. . .

ညိုညိုနဲ့ မဂီလည်း သူ့ကို ဦးနှောက်စားတတ်တာပါပဲ။

စိတ်ထဲက အတွေးနှင့် ဖုန်းစခရင်ကို ကြည့်တော့ သူ မသိတဲ့ နံပါတ်တစ်ခု. . .

လက်ငင်းက မျက်မှောင်ကုပ်စဉ်းစားရင်း ဖွင့်နားထောင်လိုက်သည်။

“ဟက်လို”

ခပ်ညြညြထူးသံကြောင့် ယိုးမယ်ဖွဲ့က မျက်ခုံးလေး အရင်ပင့်မိသည်။

မတတ်နိုင်ပါဘူး။ ဝင်တဲ့ဖုန်းကို ပြောရမှာပဲ. . .

“အခု ပြောနေတာ ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်း မေးသံကြောင့် ဖုန်းထူးရတဲ့ လက်ငင်းမှာ ပို၍ စိတ်တိုသွားရသည်။

"မင်း. . . ဘယ်သူလဲ၊ အရင်ပြောရမယ်ဆိုတာ နား မလည်ဘူးလားကွ"

"အောင်မာ. . . ကြီးကျယ်လိုက်တာ"

တစ်ဖက်က မိန်းကလေးက မခေ။

သူ့လိုပဲ ခပ်မာမာ တုန့်ပြန်ပါသည်။

သူလည်း ဖုန်းဆက်သေး. . . သူကပဲ လေသံမလျှော့ ဘူးဆိုတော့ လက်ငင်းကို ဘာများ မှတ်နေလို့လဲ။

"မင်း . . . ဘယ်သူလဲ၊ ဖုန်းထဲကနေ ဇာတ်လမ်းရှာမယ် အီစီကလီလုပ်မယ်ဆိုရင် လက်လျှော့လိုက်၊ ငါ့မှာ အချိန်မရှိဘူး"

"ဟင်. . . ဘာပြောတယ်၊ ရှင် စော်ကားလှချည်လား။ ကျွန်မကို ဘယ်လိုမိန်းမများ ထင်နေလို့လဲ"

"ဒါတော့ ငါ. . . မသိဘူးလေ"

ကြည့်စမ်းပါဦး. . . တော်တော် အမြင်ကပ်စရာကောင်း တဲ့ အသံကြီး. . . အသံမှာကိုက ဘဝင်မြင့် အောက်ခြေလွတ်နေ တဲ့ ပုံစံပေါက်နေတာ။





"ရှင် စကားပြောရင် ယဉ်ယဉ်ကျေးကျေးပြောစမ်းပါ"

"ဆိုပါဦး. . . မယဉ်ကျေးကရော ဘာပြောချင်တာလဲ"

သူက ပြန်ခနဲ့သည်။

ယိုးမယ်က နှုတ်ခမ်းလေးကို မဲ့ရွဲ့ပြီးမှ. . .

"ရှင် . . . မဂီ သူငယ်ချင်းလား"

"ဟုတ်တယ်"

"ရှင့်ကိုတော့ မသိဘူး၊ ဒီမှာ ဖုန်းနံပါတ်တွေ့လို့ ဆက် လိုက်တာ"

စောစောကတည်းက ဒီလို မိတ်ဆက်ရင်ပြီးရော. .

ဒါဖြင့် မဂီနဲ့ ပတ်သက်တာပေါ့. . .

"ဆိုပါဦး. . ."

"အခု ပြောနေတာ မဂီညီမ ထူးထူးရဲ့သူငယ်ချင်း၊ ထူးထူးကို ဒီနေ့ကရှင်မရှိဘူးလို့ ဆရာမက ပြောခိုင်းလို့ပါ၊ မဂီတို့ အိမ်ဖုန်းက ဆက်မရဘူး၊ Hand Phone ကလည်း စက်ပိတ်ထား တယ်၊ ဒါကြောင့် ရတဲ့ဖုန်းကိုခေါ်ပြီး ပြောရတာ နားလည်ရဲ့လား"

"အဲဒါဆိုလည်း မင်းက ကောင်းကောင်းမွန်မွန် ပြောပါလား"

"ရှင်ကမှ အေးအေးဆေးဆေး မပြောဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်. . . မင်းကိစ္စကို ငါက နားထောင်ပေးရဲ့ ဘာ"

"ကျွန်မ ကိစ္စမဟုတ်ဘူး၊ ထူးထူး မသိဘဲ ထွက်လာမှာ စိုးလို့ ပြောပေးရတာ"

"မင်းတောင် ဆက်လို့မရတာ၊ ငါကရော မဂီကို ဘယ်လို ဆက်သွယ်မလဲ"

"ရှင်တို့က တွေ့နေကျဆို. . ."

"ဟာ. . . တွေ့နေကျဆိုတာ ညဖက်. . ."

"နေ့တွေညတွေတော့ ကျွန်မ မသိဘူး၊ ဆက်လို့ရတဲ့ ဖုန်းကိုခေါ်ပြီး ပြောလိုက်ပြီ၊ ကျွန်မ တာဝန်ကုန်ပြီ"

"မင်းဟာက သူများအပေါ် တာဝန်လွှဲချနေတာပဲ၊ မင်း ကိစ္စ မင်းဘာသာ ရအောင် ပြောပေးရမှာ၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"ရှင် ဘယ်လိုလူလဲ၊ မဂီကိုပြောပေးလိုက်ရင် ရပြီပဲဟာ"

"မဂီနဲ့ ငါနဲ့ အခုတွေ့စရာ မရှိသေးဘူး"

"အိမ်ချင်းနီးတယ်မို့လား၊ သွားပြောပေးလိုက်ပေါ့"

နေရင်းထိုင်ရင်းက အခမဲ့အကျိုးဆောင်ဖြစ်လာပါပြီ၊ အိမ်ကိုပင် သွားပြောပေးရဦးမတဲ့.





"ဘယ်ကလာ. . . အိမ်ချင်းမနီးပါဘူး၊ တစ်ခြားစီ"

ကောင်မလေးနှင့် အတော်ငြင်းခုန်နေရသည်။ ဒီနေ့တော့ ပြဿနာ ဖြစ်နိုင်သည်။ သူတို့ ကျူရှင် ရှိမရှိကိစ္စဟာ ဘယ်လိုက ဘယ်လို သူခေါင်းပေါ် ရောက်လာသလဲ မသိပါ။

"ရှင် စိတ်မပုပ်နဲ့နော်"

"မင်း လွန်လာပြီကွာ၊ မင်းလည်း အကူအညီ တောင်းသေးတယ်"

"ဒါလေးများ ဘာခက်ခဲလို့လဲ၊ ရှင်လည်း လှိုင်မြင့်မိုမှာ နေတာပဲ မဟုတ်လား၊ ဖုန်းဆက်လို့ မရရင် မဂီတို့အိမ် သွားပြောပေးလိုက်ပေါ့၊ ကျူရှင်က လေးနာရီမှတက်ရမှာ၊ တော်ကြာ ထူးထူးက ဘတ်စ်ကားနဲ့ မြေနီကုန်းထိလာပြီးမှ ကျူရှင်ဖျက်တယ်မှန်း သိရင် အလကားသက်သက် ပင်ပန်းဦးမယ်"

"နေစမ်းပါဦး. . . ငါက လှိုင်မြင့်မိုမှာ နေတယ်လို့ မင်းကို ဘယ်သူပြောလဲ"

"ဒါဖြင့် ရှင်က ဘယ်မှာနေလို့လဲ သွားမပြောပေးချင်တိုင်း ညာလို့ရမယ် မှတ်နေလား၊ ထူးထူးက ကျွန်မကို အကုန် ပြောပြီးသား၊ မဂီရဲ့ဘော်ဒါကြီး ကိုနန္ဒဆိုတာ အိမ်နီးချင်းမှန်း သိပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မှားနေပြီ၊ ငါက နန္ဒလည်း မဟုတ်ဘူး၊ နန္ဒလည်း ဒီဆိုင်မှာ မနေတာကြာပြီ၊ ဒီကောင် လိပ်စာပြောင်းသွားပြီ"

"ရှင်ကတော့ ကိစ္စပြတ်အောင် ပြောနေပြီ၊ ကဲပါလေ မပြောပေးချင်ဘူး မကူညီချင်ဘူးဆိုလည်း ရှင်းရှင်းပြောပေါ့။ ယောကျ်ားဖြစ်ပြီး ဟိုဒီကွေ့ရှောင်ပတ်မနေနဲ့၊ ကျွန်မဘာသာ သူတို့ဖုန်းကိုပဲ ရတဲ့အထိ စောင့်ခေါ်မယ်၊ တကယ်လို့မရလည်း မတတ်နိုင်ဘူးပေါ့၊ ရှင့်အကြောင်းကိုတော့ သဘောပေါက်သွားပြီ၊ ဒါပဲ ဦးနန္ဒရေ"

"တောက်"

သူ့ကို စွပ်စွပ်စွဲစွဲ စကာနာထိုး ရန်တွေ့ပြီးတာနှင့် တီခနဲ ဖုန်းချသွားရာ လက်ငင်းက မကျေမနပ် တောက်ခေါက်မိသည်။

နန္ဒမဟုတ်ပါဘူးဆိုတာလည်း ငြင်းမရ။ ဆိုင်မှာမနေဘူး ဆိုတာလည်း မယုံ။ တစ်ဖက်သတ် ရန်လိုပုတ်ခတ်သွားတဲ့ ကောင်မလေးကို ဒေါသဖြစ်ဖြစ်နှင့် အခုန အာရုံကျနေတဲ့ သံစဉ် စာသားတွေလည်း ပျောက်ကုန်လျက် လက်ငင်းမျက်နှာ ရှုတင်းတင်း ပုတ်သိုးသိုးကြီး ဖြစ်ကျန်ခဲ့လေသည်။



အိချို့က အမ်ပီဖိုးပလေယာရဲ့နားကြပ်တစ်ဖက်ကို သူမ နားထဲ လာထည့်၏။

"မင်းပါ . . . မင်းပါ . . .
ငါ့ဘဝအတွက် အရာရာဟာ မင်းလေးပါ . . .
မင်းလေး မှန်သွားမှာစိုး . . .
မင်းပါ . . . မင်းပါ . . .
အနိုင်မရတဲ့ ငါ့အချစ် မင်းအတွက်ပါ . . .
မင်းနဲ့ဝေးရရင်တော့ကွာ . . .
ငါ့အသည်းတွေ ပဲ့ကြွေပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



Blueberry ရဲ့တေးသီချင်းလေးကို ကြားရသည်။ သို့သော် ယိုးမယ်က စိတ်မရှည်လှဘဲ နားကြပ်ကို ပြန်ဆွဲဖြုတ်လိုက်၏။

အိချိုက ရယ်ကျဲကျဲနှင့် သူချစ်သူ မိုးယံ နားရွက်ထဲ နားကြပ် သွားထည့်ပြန်၏။

ဘေးနားက စုံတွဲနှစ်တွဲလုံးက ပျော်နေသည်။

သူတို့ရဲ့ရည်းစားသက်တမ်းတွေကလည်း ဒီနေ့ တစ်နှစ် ပြည့်ပြီလေ. . .

အိချို မိုးယံကို အဖြေပေးတာလည်း ဒီနေ့ပဲ. . . သန္တာက ကျော်လွင်ကို လက်ခံတာလည်း ဒီနေ့ပဲ။ သူတို့နှစ်ယောက် တိုင်ပင်ပြီး ရည်းစားတစ်ပြိုင်နက်ရသွားတာကို ထူးထူးနှင့် ယိုးမယ်မှာ စိတ်တွေ ဆိုးလိုက်တာ။

သူတို့နှစ်ကောင်နှင့် ခေါ်ကို မခေါ်။

အတန်းထဲမှာလည်း အတူတူ မထိုင်. . .၊ ကျောင်းဖယ်ရီကားပေါ်မှာလည်း စကားမပြောဘဲ မျက်နှာထားတည်တည်နှင့် နှုတ်ပိတ်လျှက်သား. . .

ကျောင်းမှာ ကင်တင်းထိုင်လည်း ထူးနှင့် ယိုးမယ်ပဲ သပ်သပ်သွားထိုင်တာ။





အဲဒီလို ယိုးမယ်တို့နှစ်ယောက်က ဆန္ဒပြ စုပုတ်တင်းမာနေပေမယ့် အိချိုတို့ဟာ ဂရုမစိုက်ဘူးနေနေ မစိုက်ပါ။ အခုမှ အတွဲကိုယ်စီ ချိတ်ထားတော့ မိုးမမြင်လေမြင် ပျော်ကောင်းနေကြတာပေါ့။

မိုးယံရော ကျော်လွင်ရောကလည်း ဂရုစိုက်မှ မဟုတ်ကြပါ။

အစကတည်းက ဖယ်ရီတစ်စီးတည်း အတူစီးနေကြတဲ့ သူငယ်ချင်းတွေပါပဲ။

ဒါပေမယ့် ယိုးမယ်တို့လေးယောက်မှာ နှစ်ယောက်က လက်တွဲဖြုတ်သွားတော့ စိတ်မကောင်းဘူး ပေါ့။

ဒါကိုပဲ နှစ်ယောက်သား ပြောမဆုံး ခံစားမဆုံးနိုင်နှင့် တစ်ပတ်နှစ်ပတ် ကြာသွားတဲ့အခါမှာတော့ အနည်းငယ် သွေးအေးလာသည်။

အိချိုနှင့် သန္တာကလည်း သူမတို့ကို မရအရ လိုက်ချော့ကြပါသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ ဒေမဂျာတစ်ခုတည်း အတူတက်ကြတဲ့သူတွေဆိုတော့ ပရက်တီကယ်လ်လုပ်ရင်လည်း တစ်ဖွဲ့တည်းဆိုတော့ ကြာကြာလည်း စိတ်ကောက်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် စကားတစ်ခွန်းစ နှစ်ခွန်းစ ပြန်ပြောရင်းက ပြေလည်မှန်းမသိ ပြန်ပြီး ပြေလည်သွားခဲ့ကြသည်။

ပြေလည်သွားတဲ့အခါမှာ ယိုးမယ်တို့လေးယောက်တည်း မဟုတ်တော့ပါ။ မိုးယံနှင့် ကျော်လွင်က တတန်းတန်း ပါလာပါတော့သည်။

ချစ်သူတွေဖြစ်ကာစဆိုတော့ အင်မတန်လည်း အကဲပိုကြပါသည်။ အတန်းရှေ့မှာ လာချောင်းလိုက်၊ ပရက်တီကယ်ခန်းရှေ့မှာ လာစောင့်လိုက်၊ ကင်တင်းထိုင်ဖို့လာခေါ်လိုက်၊ တော်ကြာ ရုပ်ရှင်ကြည့်ဖို့ ချိန်းလိုက်၊ တော်ကြာ ကရဝိတ်သွားဖို့ချိန်းလိုက်၊ တော်ကြာ စတိတ်ရှိုးကြည့်ဖို့ခေါ်လိုက်နှင့် ရှုပ်ယှက်ခတ်ကာ မျက်စိနောက်စရာ ကောင်းလှသည်။

“နင်တို့ဟာက လွန်ကိုလွန်းတယ်၊ ယောကျ်ားမြန်မြန် ယူမှပဲ အေးမှာ. . .”

ဟု ယိုးမယ်တို့မှာ အမြင်တကပ်ကပ် မျက်စောင်းတရွှယ်ရွှယ်နှင့် မကျေမနပ် ဖြစ်ရသည်။

ကိုယ့်ဘာသာကလည်း တိတ်တိတ်လေးတော့ အားငယ်ရ၏။





ဒါတောင် ထူးထူးတစ်ယောက် အဖော်ရှိနေပေလို့။

စိတ်ချထားလို့မှ မကြာသေး။ ထူးထူးကလည်း ဖွဲဖောက်လာပါသည်။ သူ့ကို ဆယ်တန်းလောက်ကတည်းက ကြိုတင် ပရိုပို့စ် လုပ်ထားတဲ့ သင်္ဘောသား ကိုကိုနိုင်ကို အဖြေပေးလိုက်ပြီတဲ့။

ဟိုက သင်္ဘောပြန်တက်ရမှာမို့ သနားလို့ ပြန်ချစ်လိုက်သတဲ့လေ။ ကောင်းရောပေါ့. . .

သုံးယောက်လုံး နံပါတ်ချိတ်သွားပြီ. . .

အဲဒီ တစ်နှစ်လုံး ယိုးမယ် နေလို့ကောင်းဘဲ စိတ်ထဲ ကသိကအောက် ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်တစ်ယောက်တည်း ဘက်ပဲ့ကျန်နေခဲ့တော့ ကိုယ့်ပဲ မျက်နှာမပွင့်သလို. . . မလှသလိုဖြစ်နေရသည် မဟုတ်လား။

“နင်တို့သုံးယောက်နဲ့ အပေါင်းအသင်းကို မလုပ်ချင်တော့ဘူး”

“ဘာရယ်. . . ယိုး၊ နင် သီလရှင် ဝတ်မယ်၊ ဟုတ်လား”

“လာမနောက်နဲ့နော်၊ ငါအရမ်းစိတ်တိုနေတယ်”

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ယိုးမယ်ဖွဲ့မှာ အလိုလိုနေရင်းက စိတ်တိုပြီး အလိုမကျ၊ စိတ်တိုင်းမကျ တန့်နှံ့ဖြစ်နေရပါသည်။ သူတို့ အဖော်ကိုယ်စီတွေ့သွားချိန်မှာ ယိုးမယ်က မတွေ့သေးဘူးလေ။

ချက်ချင်းကြီးလည်း ဘယ်လိုရှာဖွေမလဲ။

ပြီးတော့ သူချစ်ကိုယ်ချစ် လိုက်ဖက်ညီညီလေးလည်း တွေ့ဦးမှ . .

"ယိုး. . . စိတ်မဆိုးနဲ့နော်၊ အိချို အကြံတစ်ခုပေးရမလား"

"အကြံဆိုမှတော့ သွားလွှင့်ပစ်လိုက်ပေါ့"

"သန္တာ. . . နင်ပြောဦး"

"မရဘူး. . . သူ့ကို ထူးထူးပဲ နားချမှရမှာ"

သူတို့သုံးယောက်က ဘယ်လိုကနေဘယ်လို စိတ်တူကိုယ်တူ အဖွဲ့ဖြစ်သွားပြီး ယိုးမယ်က အဖွဲ့ရဲ့အပြင်ဖက်ကို ရောက်မှန်းမသိ ရောက်နေပါပြီ။

ဒါကိုပဲ ယိုးမယ်မှာ စိတ်မကောင်းဖြစ်ရသည်။

သူတို့နဲ့ ကိုယ်နဲ့မှာ အကန့်တစ်ခုက သိသိသာသာ ခြားသွားခဲ့ပြီ။





နှောင်ကျောင်းပြီးလို့ သူတို့ လက်ထပ်ကြပြီဆိုရင် ဒီထက်ပိုပြီး ဝေးကွာသွားဦးမှာ။

အားငယ်စရာ ကောင်းသည်ဟု တွေးလာမိသည်။

ယိုးမယ်သည် နောက်ပိုင်းမှာ သူတို့နှင့် ဟိုဟိုဒီဒီ သိပ်မလိုက်လိုလှပဲ ကိုယ့်ဘာသာ သီးသန့်ချန်နေတတ်ခဲ့သည်။

စကားပြောရတာ တိုင်ပင်ရတာလည်း အရင်လို မနွေးထွေး မနီးတပ်တော့ဘူးဟု ထင်မိသည်။

သူမတစ်ယောက်တည်း အထီးကျန်သလို ဖြစ်လာသည်။

ယိုးမယ်ရဲ့ပုံစံကိုကြည့်ပြီး သူတို့သုံးယောက်ကလည်း မနေသာ. . .

ထူးထူးက. . .

"ယိုးမယ်. . . နင့်ကိုလိုက်နေတဲ့ နေဘွိုင်းဆိုရင်ရော၊ သူက စတိုင်လ်လည်း မိုက်တယ်၊ ပိုက်ဆံလည်း ရှိတယ်နော်"

"ပုံက ဆောင့်ကြွားကြွားနဲ့ မကြိုက်ပါဘူး"

"နင်သာ ခေးထူနေတာ၊ နေဘွိုင်းကို ကြွေနေတဲ့သူတွေမှ အများကြီး"

"အဲဒါကြောင့် သူ ဘဝင်မြင့်နေတာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အိချိုတို့ ထူးထူးတို့က မကြာခဏ တိုက်တွန်းနေပေမယ့် ယိုးမယ်စိတ်ထဲ သူ့ကို ဘယ်လိုမှမနေ။ တစ်ခါတစ်ခါ သူက ယိုးမယ်ကို လိုက်စ. . . ကျူရှင်မှာ အနားကပ်ပြီး လာထိုင်မို့ သူ စိတ်ဝင်စားတာကိုတော့ အားလုံးက ရိပ်မိနေကြသည်။

သူတို့က နေဘွိုင်းနဲ့ သဘောလည်း တူကြသည်။

"ဘဝင်မြင့်တာ မဟုတ်ပါဘူးဟယ်၊ သူနေတတ်သလို နေတာပါ"

"အင်းလေ. . . နေဘွိုင်းဆိုရင် မိုးယံတို့နဲ့လည်း ခင်ပြီး သား။ ဘယ်လောက်အဆင်ပြေလဲ"

"သူက ကြည့်ရတာ တကိုယ်ကောင်းဆန်တယ်၊ ယိုးမယ် နဲ့ ဖြစ်မှာ မဟုတ်ပါဘူး"

"နင်ကလည်း ဗိုလ်ခပ်ကျကျလေ၊ စကားပြောရင်လည်း အထက်စီးလေးက နေရမှ. . အဲဒါကြောင့် နင်တို့နှစ်ယောက်က တူကြတာပေါ့"

"အေးလေ. . . အသွင်တူမှ အိမ်သူဖြစ်တဲ့. . ."

"တော်ပြီဟာ. . . လာမပြောနဲ့. . ."

ယိုးမယ်က တျောမိုးအိတ်ကောက်ယူပြီး သူတို့နားက





ထထွက်ခဲ့ပေမယ့် ခေါင်းထဲမှာတော့ နေဘိုင်းကို အေးအေးဆေး ဆေး စကားပြောကြည့် ဆွေးနွေးကြည့်ရင်ကောင်းမလားဟု စဉ်းစား ကြည့်နေမိသည်။

သူ့ကို လက်တွဲလိုက်ရင် လိုနေတဲ့ကွက်လပ်တစ်ခု ပြည့် သွားမှာပဲ မဟုတ်လား။

ဘေးနားမှာ ကြင်နာဖော်လေးတစ်ယောက်ရှိလာတဲ့အခါ ယိုးမယ်ဖွဲ့ဟာလည်း ခုလိုတစ်ယောက်တည်း မဟုတ်တော့ဘူး ပေါ့လေ။

အိချိုတို့တွေနဲ့ အတူသွားအတူလာတဲ့အခါ ယိုးမယ် လည်း မျက်နှာမငယ်ရတော့ဘူးပေါ့။

သူမဟာ ဒီလောက်လေးပဲ အလွယ်စိတ်ကူးကာ တစ် ဘဝစာလုံးအရေးကို အရှည်သဖြင့် မမျှော်မြင် မတွေးခေါ်တော့ ပါ။

ခေါင်းတွေလည်း ရှုပ်နေတာမို့ ဆုံးဖြတ်ချက်ဟာ မှား သလား။ မှန်သလား မသိ။

အဲဒီညမှာပဲ နေဘွိုင်းကလည်း သူမထံ ဖုန်းဆက်တာမို့ ခပ်ကြာကြာလေး စကားတွေ ပြောဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဘွိုင်းဆီက ချစ်ခွင့်ပန်တဲ့စကားတစ်ခွန်းဟာလည်း ယိုးမယ်ကို အားရှိစေသည်။

"ကိုယ် . . . ယိုးမယ်ကို ချစ်တယ်ကွာ၊ ယိုးမယ် လက်မခံရင်လည်း အနားမှာ အမြဲတမ်းနေသွားမှာပဲ၊ တခြားဘယ်သူမှ ရစ်ဝဲမလာနဲ့ . . . လုံးဝမရဘူး၊ ဒါပဲ . . ."

သူ့ရဲ့ ဂျစ်ကန်ကန်ပြောပုံဆိုပုံလေးတွေမှာပဲ သာယာမိသလိုလို ယိုးမယ် နှုတ်ခမ်းလေးတွေက ပြုံးမြနေခဲ့မိသည်။

တနင်္လာနေ့ကျောင်းဖွင့်တဲ့အခါ မိုးယံတို့က ဘာပြောလိုက်သလဲ မသိ။ နေဘွိုင်းက သူမတို့အုပ်စုထဲ မကြေညာဘဲ ဝင်ရောက်လာသည်။

ထူးထူး ကျောင်းမတက်တဲ့တစ်ရက်မှာ ဟိုနှစ်တွဲက အသီးသီး လစ်ထွက်သွားတဲ့အခါ နေဘွိုင်းနှင့် ယိုးမယ်သာ ကျန်ခဲ့တာမို့ ဘယ်လိုက ဘယ်လို အဖြေပေးမိသွားသလဲ မသိတော့ပေ။

စိတ်ယိုင်ယိုင်နှင့်မို့ အနားကလူတစ်ယောက်ကို ငြိတွယ်သံယောဇဉ်ဖြစ်မိတဲ့ သဘောပင်။

နေဘွိုင်းဟာ သူမမျက်နှာလေးကို မလွှဲတမ်း စိုက်ကြည့်နေရင်းက လက်ဖျားလေးကို ဝမ်းသာအားရ ပိုင်ပိုင်နိုင်နိုင် ဆုပ်





ကိုင်လိုက်တာမို့ ရင်ထဲမှာ ပူနွေးလိုက်ဖို့သွားခဲ့ရတာ မှတ်မှတ်ရရ ပါပဲ။

သို့သော် သူနှင့်ရည်းစားဖြစ်ပြီး နောက်တစ်နေ့မှာပင် နေဘွိုင်းက သူ့ဦးလေးနှင့် နေပြည်တော်သို့ လိုက်ပါသွားခဲ့ရသည်။

မိသားစုအရေးကိစ္စတစ်ခုမို့ သူ့ကိုတားဖို့လည်း မဖြစ်တော့။

ယိုးမယ်တစ်ယောက်တည်း ခွဲခွာနေခဲ့ရသည့်။

ချစ်သူရှိပြီး နောက်တစ်နေ့မှာပင် သူမအတွက် စိတ်ကသိကအောက်ဖြစ်စရာက စတင်ခဲ့တာ။

အခုဆိုရင် သူ လိုက်သွားတာ ခြောက်ရက်ရှိပြီ။

နေဘွိုင်းအနားမှာ မရှိတဲ့အချိန်မှာပဲ အင်မတန်မှပဲ အထိမ်းအမှတ်တွေ ဂရုစိုက်တတ်တဲ့ စုံတွဲနှစ်တွဲဟာ ချစ်သူနှစ်ပတ်လည် မုန့်ကျွေးကြမှာတဲ့လေ။

ကြည့်မရပါဘူး . . .

မိုးယံနှင့် အိချိုက နားကြပ် တစ်ယောက်တစ်ဖက်တပ်ပြီး သီချင်းအတူ နားထောင်ရင်း တစ်ယောက်ကိုတစ်ယောက် ချိုမြိန်ကြည်နူးစွာ စိုက်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သန္တာတတော့ ခပ်လှမ်းလှမ်းမှာ စီးကရက် သွားသောက်နေတဲ့ ကျော်လွင်နောက်သို့ လိုက်သွားပြီး ဘာတွေ ကန့်ကလန့်ပဲများနေသလဲ မသိပါဘူး။

ယိုးမယ်သည် ဘာကိုမကျေနပ်မှန်းမသိ၊ တစ်ယောက်တည်း ခြေဆောင့်ဖိကာ. . .

"အေး နင်တို့ဘာသာသီချင်းပဲ နားထောင်ကြ သိလား၊ ငါ အိမ်ပြန်တော့မယ်"

ထုံးစံအတိုင်း ယိုးမယ်ဖွဲ့ကာ ကျောပိုးအိတ်အနက်လေး ကောက်လွယ်ကာ ပြန်ဖို့ ခြေလှမ်းပြင်သည်။

အိချိုက သူမလက်ကို ကမန်းကတမ်း ဖမ်းဆွဲထားရင်း. . .

"ဟယ် . . . မပြန်ပါနဲ့ဦး နင်တလည်း၊ ဒီနေ့လိုနေ့မျိုးမှာ စိတ်မကောက်ကြေးဟာ၊ ငါတို့နဲ့ လိုက်ခဲ့ရမယ်၊ ဒါပဲ. . ."

"ထူးထူး ပြန်လာတဲ့နေ့မှ ကျွေးကြပါလား"

"ထူးထူးက ငွေဆောင်လိုက်သွားတာ၊ လေးငါးရက်တော့ ကြာမှာပေါ့"

"အေးလေ. . . အရေးထဲကျမှ အဲဒီမိန်းမကလည်း ငွေဆောင်ထိတော့ ပါသွားရသေးတယ်"





ယိုးမယ်က ပွစိပွစိ လုပ်နေမိသည်။

ထူးထူးကိုလည်း မကျေနပ်ပါဘူး။

သူ့မိသားစုနဲ့ ခရီးသွားတာများ တစ်ခါတလေ ချန်နေခဲ့တော့ ဘာဖြစ်မှာလဲ။

နေအိမ်အနားမှာ မရှိပါဘူးဆိုမှ သူကလည်း တိုက်တိုက်ဆိုင်ဆိုင်နဲ့ လိုက်ဖြစ်အောင် လိုက်သွားရသေးသည်။

"ကဲပါ. . . ပြန်ထိုင်စမ်းပါဦး၊ ဟဲ့. . . သန္တာ . . . လာပါဦး ဒီမိကောက်ကို လာဖျောင့်ပေးကြဦး"

အိချိုက သူမကို လက်မောင်းကနေ အတင်းဆွဲကာ ပြန်ထိုင်ချစေသလို ခပ်လှမ်းလှမ်းက သန္တာကိုပါ အော်ခေါ် လိုက်တာမို့ ယိုးမယ် မျက်နှာရှုံ့မိကာ. . .

"ဘာမိကောက်လဲ. . . အိချိုနော်"

ယိုးမယ်က မျက်စောင်းရွယ်ကာ အိချိုကို ဖတ်ခနဲ ရိုက်တာမို့ အားနားက မိုးယံ ရယ်နေသည်။

သန္တာပါ အနားရောက်လာသောအခါ သူတို့လေးယောက်လုံးက ဆိုင်တစ်ခုခုမှာ မုန့်သွားစားဖို့ ယိုးမယ်ကို ရအောင် ခေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါလှပေမယ့် သူတို့ အတင်းခေါ်နေကြတာမို့ ငြင်းလို့လည်း မဖြစ်ချေ။

ယိုးမယ် မကျေမနပ်နှင့်စိတ်ထဲကနေ နေဘွိုင်းကိုလည်း မေတ္တာပို့သည်။

ထူးထူးကိုလည်း မေတ္တာပို့သည်။

အဲဒီနေ့ဟာ ယိုးမယ်ဖွဲ့ရဲ့စိတ်တွေ ပူလောင်ရှုပ်ယှက်ခတ်ပြီး ငြိမ်အေးမှုတွေ ပျောက်နေတဲ့ နေ့တစ်နေ့ဆိုပါတော့လေ။

သူမရဲ့ နှလုံးသည်းပွတ် အတွင်းတစ်နေရာကို နက်နက်ရှိုင်းရှိုင်း ခိုဝင်လာမယ့် လူတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုတာလည်း သူမ ဘယ်လိုမှ ကြိုမသိနိုင်ဘူးပေါ့။

ရည်းစားသက်တမ်း တစ်ရက်ကလေးပဲ ချစ်ရသေးတယ်။ ချစ်သူက အစေးရောက်နေတော့ မျက်နှာမသာမယာနဲ့ သူများ စုံတွဲတွေ မုန့်ကျွေးရာသို့ အီလေးဆွဲတာ စိတ်မပါဘဲ ရောက်လာရတဲ့ ယိုးမယ်ဖွဲ့ရဲ့ပုံစံဟာ တက်တက်ကြွကြွလည်း မရှိလှဘူးပေါ့။

ကိုယ် အဖော်မဲ့နေတဲ့အချိန် ဒီမိန်းမနှစ်ယောက် ကြည်နူးအကဲပိုနေကြတာကိုလည်း တစ်စက်ကလေးမှ ကြည့်မရ။





တက္ကစီတစ်စီးကို ငှားပြီး ဗဟန်းမြို့နယ်ထဲက စနက်ဘားဆိုင် လှလှလေးတစ်ခုကို ရောက်လာတဲ့အခါ ယိုးမယ်ဖွဲ့က ခပ်ငိုင်ငိုင်။

သို့သော် ကားပေါ်က ဆင်းပြီးတာနဲ့ ကုန်းဆင်းချိုင့်ဝှမ်းလေးထဲမှာ အမိုးချွန်ချွန်လေး သုံးခုတွဲနဲ့ ချစ်စရာကောင်းအောင် အလှဆင်မွမ်းမံထားတဲ့ ဆိုင်ကလေးကို လှမ်းအမြင်မှာတော့ ဘာရယ်မဟုတ်ဘဲ စိတ်ဝင်စား သဘောကျသွားမိ၏။

ဒါဟာ သာယာလှပတဲ့ နေရာထိုင်ခင်းလေးတစ်ခုရဲ့ ဆွဲဆောင်မှု ကဗျာဆန်ဆန် ခြယ်သဖန်တီးထားတဲ့ အဆောက်အဦလေးတစ်ခုရဲ့ လွှမ်းမိုးမှုပဲရယ်လို့ တွေးလို့ရသလို ကိုယ်နဲ့ နီးစပ်ပတ်သက်ပြီး ကိုယ်သတိပြုရတော့မယ့်နေရာတစ်ခုရဲ့ ဆန်းကြယ်သော အာရုံဖမ်းစားမှုလို့ ဆိုရင်လည်း များမည် မထင်ပါ။

လူတွေမှာ ထူးခြားသော ဆန္ဒမအာရုံခံစားမှုဆိုတာရှိကို ရှိနေတာ အမှန်ပါ။

ထိုချိုင့်ဝှမ်းထဲက စိမ်းစိမ်းပြာပြာသိုညို အဆောက်အဦလေးကို မြင်တာနှင့် ယိုးမယ်ရဲ့စိတ်မှာ ပြောမပြတတ်သော စိတ်လှုပ်ရှားမှုလေးတစ်ခုက အလိုလို ရိုက်ခတ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အာရယ်ကြောင့်ဟု တိတိပပ မပြောနိုင်သော်လည်း ဆန်းကြယ်သော အာရုံတစ်မျိုးက သူမဆီမှာ မသိမသာလေး ဖြစ်ပေါ်လာသည်။

မလိုတမာ ငြူစူမှုတွေနှင့် မှုန်ကုပ်နေတဲ့ ယိုးမယ်ဖွဲ့ရဲ့ မျက်နှာလေးဟာလည်း ပြန်လည်ကြည်လင်လာပါသည်။

ဆိုင်လေးရဲ့ အပြင်အဆင်ဟာ လှပသော စဉ့်အိုးလေးတွေ၊ ပန်းချီကားလေးတွေနှင့် လမ်းတစ်လျှောက် ဂဝံကျောက်လေးတွေ၊ ပန်းပုရုပ်ကလေးတွေ၊ ပန်းပင် အဆန်းအပြားလေးတွေ အို. . . အားလုံးဟာ ကြည့်ချင်စရာ၊ အေးမြလန်းဆန်းလို့ပါပဲ။

ယိုးမယ်ကို ရင်ခုန်သွားအောင် (Romantic) ဖြစ်စေလှသည်။

"ဆိုင်လေးက-ချစ်စရာလေးနော်"

သူမနှုတ်မှပင် ဖွင့်ဟချီးမွမ်းလိုက်မိသည်။

လှေကားထစ်ဝိုက်ဝိုက်လေးဆီကနေ ဆင်းလာရတာဟာလည်း တစ်မျိုး ဖီလင်ပါပဲ။

ကြည့်ပါဦး. . . ဆိုင်အမည်ကို အခုမှပဲကြည့်မိတယ်။

***Romance* ရိုမဲန့်စ်တဲ့. . .**





Romance ဆိုတာ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းလေး ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။

ဆိုင်ပုံစံနဲ့ အမည်လေးကလည်း လိုက်ဖက်ပါသည်။

ဒါကြောင့်လည်း အိချိုတို့က ဒီဆိုင်ကို ရွေးပြီးလာတာပဲ ဖြစ်မှာ။

"နင်တို့ ဒီကို လာဖူးတယ်ပေါ့လေ"

"ဟင်း. . . ဟင်း"

အိချိုက တိုးညှင်းစွာ ရယ်သည်။

"ငါ့ကို မိုးယံခေါ်လာတာပါ"

ဖြေရှင်းစကားလေး ဆိုသည်။

"သန္တာလည်း ခုမှ ရောက်ဖူးတာပါ"

အိချိုတို့က သူတို့လာဖူးတဲ့ ဆိုင်ကလေးကို ဦးဆောင်ခေါ်လာတာ။

ဆိုင်အတွင်းထဲ လှမ်းဝင်လိုက်သောအခါ ခပ်မှောင်မှောင်လေး ဥရောပဆန်ဆန် ခင်းကျင်းပြင်ဆင်ထားတာတွေ့ရသည်။

မြူးဇစ်သံလေးက တိုးဖျော့ဖျော့လေး ထွက်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာစရာမြင်ကွင်းလေးကတော့ လှပတဲ့သီချင်းဆို စင်မြင့်လေးပါပဲ။

ပုံအနီရောင်ကလေးတွေ အရွယ်အစားအမျိုးမျိုးနှင့် အော်ဂင်၊ ဂစ်တာတို့ အသင့်ရှိပေမယ့် နေ့လည်ပိုင်းတော့ သီချင်းဆိုဖို့ အစီအစဉ်မရှိတာ သေချာသည်။

ညဆိုရင်တော့ ဘီယာဆိုင်ကောင်းကောင်းလေး ဖြစ်နိုင်သည်။

Hollow ရှိုးလေးကို တငြိမ့်ငြိမ့်ခံစားရင်း ဘီယာ အေးအေးလေးကို တမြုံ့မြုံ့ဖိမ်ဆွဲသောက်ဖို့ ယောကျ်ားလေးတွေ အကြိုက်ပေါ့။

မိုးယံတို့က နံရံနားကပ်ရက်က စားပွဲတစ်လုံးမှာ နေရာယူကြ၏။

"ငါတို့ မိန်းကလေးသုံးယောက် ဒီဖက်ထိုင်မှာနော်"

ယိုးမယ်က တောင်းဆိုလိုက်သည်။

သူတို့နှစ်ယောက်က ဟိုဖက်ခြမ်းမျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကြသည်။ တစ်ယောက်ကိုတစ်ယောက် စားပွဲမြင် တစ်ခုခြားပြီး ကြည့်ကြပေါ့။





အတူတူ ကပ်ထိုင်လိုက်ပြီဆိုရင် သူဘိုက သူတို့ရည်းစားနှင့်ပဲ စကားတတွက်တွက် ပြောနေကြမှာ၊ ယိုးမယ်က ကြိုသိ၍ ကြိုစီစဉ်ခြင်း ဖြစ်သည်။

အဖွဲ့နှင့်လာတာ အဖွဲ့ပုံစံပဲ ဖြစ်ရမှာပေါ့နော်။

သူတို့နှစ်တွဲကို သီးခြားဖြစ်ခွင့် မပေးနိုင်ပါဘူး။

စိတ်ပုပ်တယ်ပဲပြောပြော၊ အလိုက်မသိဘူးပဲထင်ထင် ယိုးမယ်က ဂျစ်တိုက်လိုက်တာ ဖြစ်သည်။

သူတို့ကလည်း ယိုးမယ်ကို အလိုလိုက်ကြသည်။

ဘာမှမပြော. . .

"ကဲ. . . တစ်ယောက်မျက်နှာ တစ်ယောက် ထိုင်ကြည့်နေမှာလား၊ စားစရာ မှာမှာလား"

"ဒီမှာ မီနူးဖတ်တုန်းဟ"

"ဟေး. . . ငါအရင်မှာမယ်"

ယိုးမယ်က စိတ်မရှည်စွာ (တိုင်ပင်စရာ နေဘွိုင်းလည်း မပါ၍) ကောင်းမယ်ထင်တာ မှာလိုက်ပါသည်။

လောလောဆယ် Espresso ကော်ဖီနဲ့ ပုဇွန်တန်ပူရာကြော်လေး စားရရင် မဆိုး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကြက်သားဆာတေးနှင့် ပြည်ကြီးငါးသုပ်တို့ သင်္ဘောသီးထောင်းတို့ ရွေးမှာနေကြသည်။

ယိုးမယ်က စားစရာလည်း မလာသေးတော့ ဟိုဟိုဒီဒီ ကြည့်နေမိသည်။ ထိုအခိုက်မှာ သူမတို့စားပွဲဖက် ကျောပေးကာ ကုတ်ရှာစားပွဲရဲ့ အနောက်နံရံပေါ်မှာ ပန်းချီကားတစ်ချပ်လို နေသားတကျ ချိတ်ဆွဲနေတဲ့ လူတစ်ယောက်ကို စပြီး တွေ့ဖူး လိုက်တာဖြစ်သည်။

သူက တီရှပ်လက်ရှည်အနက်နှင့် ဂျင်းဘောင်းဘီအပြာ ရောင်ဖျော့ဖျော့ကို ဝတ်ဆင်ထားတဲ့ အရပ်ခပ်မြင့်မြင့်နှင့် လူရွယ် တစ်ယောက်ပါပဲ။

ဒီ စနက်ဘားမှာ သူဟာ ဘာရာထူး ဘာအလုပ်လဲဆိုတာ မသိပေမယ့် သူ့ပုံစံကတော့ နုနုစပ်စပ်နှင့် ပိုင်နိုင်သေချာမှုရှိသည်။

ဆိုင်ရဲ့ဘာကီစွမဆို သူ ပါတတ်ပုံဖြင့် ကတ်ရှာဝိုင်းလေး ရဲ့ အံဆွဲကို ဆွဲဖွင့်ကာ တစ်စုံတစ်ရာ ထုတ်ယူလိုက်၊ ပန်းချီကား ချပ်ကို နေရာရွှေ့လိုက်၊ နောက်ဘက် ချက်ပြုတ်စီမံရာ အခန်းဖက် ကို လျှောက်သွားလိုက်၊ စတိုခန်းဖြစ်ပုံရတဲ့ အခန်းတစ်ခုကို ဝင် သွားလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေပါသည်။





ဆိုင်ထဲ ဝင်လာတဲ့ ကာစတမ်မာကို သူ တစ်ချက်လှမ်း ကြည့်ရုံကလွဲပြီး ပို၍ စိတ်မဝင်စား။

ယိုးမယ်ကသာ သူလျှောက်သွားနေရာဆီ ဘာရယ် မဟုတ် လိုက်ကြည့်နေမိသည်။

သူမ အဲလိုငေးနေတုန်းမှာပဲ ဖျော်လွင်က အစွန်မှာ ဆိုင်နေတဲ့ သန္တာလက်ကလေးကို ဆုပ်ကိုင်ပြီး တစ်စုံတစ်ရာ တိုးတိုးငှဲ့ပြောနေသည်။

အလယ်မှာက အိချို . . . ယိုးမယ်က ဒီဖက်အစွန်မှာ။

သူမရဲ့ အနောက်ဘက်နံရံမှာ နံရံကပ်မီးပုံးလေး ရှိသည်။

ဒါကြောင့်ပင် စားပွဲမှာ လိုက်တင်အပြာလေးတစ်ခု ဖြာကျနေ၏။

သူသည် ယိုးမယ်တို့စားပွဲကို တစ်ချက်လှမ်းကြည့်သည်။ အမှန်တော့ လူတွေကို ကြည့်တာမဟုတ်။ နံရံပေါ်က မီးပုံးလေး ဆီ လှမ်းကြည့်တာ ဖြစ်သည်။

နောက်သုံးပတ်အကြာမှာ ရောက်လာတော့မည့် **Valentineday** အတွက် ဆိုင်မှာ ချစ်စရာ အမှတ်တရပစ္စည်း လေးတွေ ချိတ်ဆွဲနေတာ . . .



www.burmeseclassic.com

www.burmeseclassic.com



အသည်းပုံပူဖောင်းလေးတွေ၊ မြှားနတ်မောင် အရုပ်ကလေးတွေ၊ မွေးပွရုပ်အဆန်းအပြားလေးတွေ စသဖြင့် အချစ်ရဲ့ သင်္ကေတကို ပုံဖော်ဖို့ပါပဲ။

သူတို့ရဲ့ဆိုင်အမည်ကပင် ငယ်ရွယ်သောချစ်သူစုံတွဲလေးများကို ပို၍ စိတ်ဝင်တစားဖြစ်စေနိုင်သည် မဟုတ်လား။

**Valentineday** အတွက် တစ်လကြိုကာ ပြင်ဆင်အလှဆင်ဖို့ သူက ဝါသနာပါသည်။

အခုလည်း ဆိုင်က နံရံကပ်မီးပုံးအပြာလေးတွေနေရာမှာ အသည်းပူဖောင်းပန်းရောင်လေးတွေ ချိတ်ဆွဲဖို့ စီစဉ်ထားသည်။

စားပွဲပေါ်မှာ ကြက်သွေးရောင် နှင်းဆီတစ်ပွင့်ဆီ ထိုးစိုက် ထားပြီးသားပါ။

နောက်ထပ် ပလပ်စတစ်တုတ်ထိုး အသည်းပုံ ရုပ်ကလေးတွေနှင့် ထိုင်ခုံလက်တန်းမှာ ဆင်ယင်ရဦးမည်။

သူနှင့်အတူ ဆိုင်က ဂီတာလေးတွေက ဝိုင်းကူပေမယ့် ထိုကောင်လေးတွေက နောက်ဘက်အဆောင်ထဲ ထမင်းသွားစားနေတာကြောင့် သူတစ်ယောက်တည်း လှုပ်ရှားနေရခြင်းပါ။





သူ့အာရုံနှင့်သူမို့ ဆိုင်မှာ လူရှင်းတုန်းလေး အလုပ်တွေပြီးအောင်လုပ်နေမိရာ ထိုကောင်မလေးကို သူ သေချာမကြည့်မိ။

တစ်နေ့တစ်နေ့ ဆိုင်ကို လာအားပေးတဲ့ မိန်းကလေးယောက်ျားလေးတွေလည်း အများကြီး မဟုတ်လား။

မကြာခဏလာနေကျ မျက်မှန်းတန်းမိနေသူတွေလောက်သာ သူ မှတ်မိသည်။

အခုထိုင်နေတဲ့ ငါးယောက်အဖွဲ့ကို သူ မသိတာမို့ ဘယ်လိုမှလည်း မနေဘဲ ခါတိုင်း နေရိုးနေစဉ်လိုပဲ ကိုယ်လုပ်စရာရှိတာ ခပ်အေးအေး လုပ်နေတာပါ။

ပြီးတော့ သူ့ရဲ့အကျင့်က ဆောင်ရွက်စရာကိစ္စတစ်ခု ရှိလျှင် အကြွေးမထားတတ်တာ။

အချိန်လေးပင် မဆိုင်းငံ့ဘဲ ချက်ချင်းထပြီး အကောင်အထည်ဖော်လိုက်ရမှ ကျေနပ်တာ။

အဲဒါဟာ သူ့ရဲ့ ဖခင်ဆီက ရခဲ့တဲ့အလေ့အကျင့်တစ်ခုပဲလို့ မာမီက အမြဲပြောသည်။

သူက ဘာမဆို စိတ်မြန်လက်မြန်သမား. . . စောင့်ဆိုင်းရတာ သူ အမုန်းဆုံးကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေက ဆိုင်ပိတ်သိမ်းချိန်မှ ဒါတွေကို အေးအေးလူလူ ချိတ်ဆွဲ အလှဆင်ချင်သည်။

သူက အဲလိုမဟုတ်။

အခု ဖန်တီးပြီး သူလက်ရာကို အခုပဲ ကြည့်ချင်သည်။ အဆင်မပြေလည်း နေရာပြန်ရွှေ့ပေါ့လေ။

ဆိုင်အခင်းအကျင်းနှင့် ပတ်သက်၍ သူက ပုံစံတစ်မျိုးကို ခပ်ကြာကြာ မကြည့်ချင်ဘူး။

သူ. . . ပန်းအိုးတွေ၊ မန်းချိကားတွေကအစ ဒီနားကနေ ဟိုနားရွှေ့၊ ဟိုနားကနေ ဒီနားပြောင်း မျက်စိထဲမှာ အမြဲတစေ အမြင်ဆန်းသစ်နေမှ သူ သဘောကျတာ။

အမြင်ရိုးပြီး တစ်နေ့လာလည်း ဒါကြီးပဲဖြစ်နေမှာ စိုးသည်။

ငြီးငွေ့စရာဖြစ်မှာစိုး၍ သူ အမြဲဂရုစိုက်သည်။

သက်မဲ့ပစ္စည်းတွေကို အလေးထား ပြုပြင်နေတာမို့ သက်ရှိကောင်မလေးတစ်ယောက် သူ့ထံ အကြည့်ရောက်နေတာ ကိုမင် သတိမထားမိခဲ့ပါ။

ဒါဟာ သူရဲ့ ညံ့ဖျင်းမှုတစ်ခုပဲလို့ ဆိုချင်ဆို. . .





ဟိုဖက်နံရံမှာ မီးပုံးလေးလေးခု. . . ဒီတော့ အသည်းပွဖောင်းလေးခု. . . တစ်ခုပြီးတစ်ခု လိုက်ချိတ်ဆက်ဖို့သာ သူ ရည်ရွယ်သည်။

ထိုအချိန်မှာ ဆိုင်၌ စားပွဲသုံးဝိုင်းပဲ လူရှိပြီး သူတို့ဟာ သူတို့ စကားပြောဆို စားသောက်နေကြသည်။

ယိုးမယ်ဖွဲ့ရဲ့ရှေ့မှာလည်း အင်မတန် မွှေးပျံ့ဆွဲဆောင်မှုရှိတဲ့ Espresso ကော်ဖီခွက်လှလှလေး ရောက်နေပြီး အငွေ့ထွက်နေဆဲ ကော်ဖီခွက်လေးကို သူမက မထိမတို့ရသေး. . .

မျက်လုံးက မာနကြီးပြီး အေးဆေးတည်ငြိမ်ပုံရတဲ့ ထိုလူကိုသာ ကြည့်နေမိသည်။

ယိုးမယ်ဖွဲ့ရဲ့အကျင့်က ယောကျ်ားလေးတစ်ယောက်ကို မြင်ပြီဆိုတာနှင့် အဲဒီလူဟာ မိန်းကလေးတွေကို အငမ်းထူသလား။ သိပ်မထူအူလား သိချင်တတ်တာပဲ။ ငမ်းတဲ့နေရာမှာရော ဘောဘီပတ်ဝန်းကျင်ကို သတိမပြုနိုင်လောက်အောင် ပေါ်တင် အငမ်းထူတာလား။ ဒါမှမဟုတ် အခြေအနေကိုကြည့်ပြီးမှ ခိုးကြောင်ခိုးဝှက်လေး မသိမသာကြည့်တာလား. . . ဒါကိုလည်း သူမက သိချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း ကြာကြာ အတဲခတ်ဖို့ မလို။

တစ်ခဏလောက် သတိထားကြည့်လိုက်ရင် သိတာပါပဲ။ လှပတဲ့မိန်းကလေးတွေ မျက်စိရှေ့မှောက်မှာ ရှိနေတဲ့ အချိန်မျိုးဆိုရင် ချက်ချင်း အဖြေသိရသည် မဟုတ်လား. . .

ခုလောလောဆယ် ဒီဆိုင်မှာ ယိုးမယ်တို့မိန်းကလေး သုံးယောက် အပါအဝင် ဟိုဖက်စားပွဲတွေနဲ့မှာပါဆိုရင် အားလုံး ရှစ်ယောက်။

ပြီးတော့ အသုံးဆယ်ကျော်ခန့် မမအရွယ်က နှစ်ယောက်။

မိန်းမသား ဆယ်ယောက်လုံးဟာ ကြည့်ချင်စရာ ရုပ်ရာနှင့် ဟန်ပန်ရှိတာချည်းပါ။

ယိုးမယ်တို့ဝိုင်းမှာက စုံတွဲနှစ်တွဲပါလာမှန်း သိသာစေတယ်ထားပါဦး၊ ဟိုဖက်က မိန်းကလေးငါးယောက် ဝိုင်းဟာ ကြည့်မယ်ဆို ကြည့်ချင်စရာ။

ဒါပေမယ့် သူဆိုင်လာစားတဲ့ ကာစတမ်မာတွေမို့ သူမကြည့်ဘူးလို့ ဆုံးဖြတ်ထားတာလည်း ဖြစ်နိုင်သည်။

ယိုးမယ်က တွေးနေရင်းက သူ့ထံကြည့်နေဆဲ သူ့ထာ





အသည်းပုံ ပူဖောင်းပန်းနုရောင်လေး ကိုင်ပြီး ဒီဖက်ကို လျှောက်လာတာမို့ ရင်ထဲ ဖျတ်ခနဲ တစ်ချက်ခုန်သွားရသည်။

သူ့ခြေလှမ်းက ယိုးမယ်တို့ စားပွဲနားမှာ ရပ်သွားပါသည်။

တကယ်တော့ ယိုးမယ်နောက်နားကပ်ရက်က နံရံကပ်မီးပုံးလေးကိုပဲ သူကြည့်တာ။

သို့သော် အားလုံးကို တစ်ချက်ခြုံငုံပြုံးပြလိုက်ပါသေးသည်။ သွားစွယ်ရှည်ရှည်လေးတွေပေါ် အောင် ပြုံးလိုက်တဲ့ သူ့အပြုံးဟာ ရွှန်းသစ်လှပလွန်းတာမို့ ယိုးမယ် ငေးသွားရသည်။

သူက ပူဖောင်းလေးကို ဖွဖွကိုင်ပြီး သူမနောက်ပါးမှာ ချိတ်နေခိုက် ယိုးမယ် ကျောရိုးတစ်လျှောက် စိမ့်ခနဲ နွေးသွားရသည်။

သူ့ဆီက ကိုယ်နံ့ဖျော့ဖျော့တစ်ခုကလည်း ယိုးမယ်နှင့် နီးစပ်နေသလိုလို။

သူ့ အနားကို ရောက်လာပုံမှာလည်း ရင်ထဲ မစိမ်းဘဲ ရင်းနှီးနွေးထွေးနေသလိုလို. . .

ကိုယ့်ရဲ့ခံစားချက် ထူးခြားပုံကို ကိုယ့်ဘာသာဆန်းစစ်နေမိဆဲမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



“ဖောင်း”

“အမေ့”

သူမ နောက်နားလေးဆီကနေ ဖောင်းခနဲ ပူဖောင်းပေါက်သံကြောင့် အလန့်တကြား ယောင်အော်မိ၏။

“ဆောရီးဗျာ. . . လန့်သွားလား”

သူက အားတုန့်အားနာ တောင်းပန်ပါသည်။

သူ့အသံက သြရှရှလေးနှင့် ချိုသာသည်။ ပြီးတော့ မျက်နှာကလည်း ပြုံးတုံ့တုံ့. . .

ကောင်မလေး တုန်ခနဲလန့်သွားတော့ လူက အလိုလို ရယ်ချင်သွားမိတာ. . .

ဒါပေမယ့် မရယ်ပါဘူး. . . ကောင်မလေး ရှက်သွားမှာစိုးလို့. . .

ဖျတ်ခနဲ မော့ကြည့်လိုက်တဲ့ ရွှန်းနက်နက်မျက်လုံးလေးတွေက ရင်ဖိုစရာကောင်းအောင် လှလိုက်တာဗျာ. . .

မျက်တောင်ကော့ကော့လေးတွေ ဝန်းရံထားတဲ့ မြာလုံ့လုံ့ နက်ရွှန်းတောက်ပနေတဲ့ အကြည့်တစ်ချက်မှာ အသက်ရှူမှားချင်စရာ. . .





ဖိုးမယ်လည်း သူ့ကို အနီးကပ်တွေ့ရတဲ့အခါ သူ့မျက်နှာရဲ့ ယောကျ်ားပီသ ခန့်ညားချောမောမှုကို သတိလက်လွတ် အံ့ဩမှင်သက်စွာ ငေးမောသွားခဲ့မိသည်။

အငေးက မြင်နေရတုန်းက သူဒီလောက် ဆွဲဆောင်မှုရှိလိမ့်မည်ဟု မထင်ခဲ့။

ဖြောင့်စင်းတဲ့ ဆံပင်ပျော့ပျော့လေးတွေနဲ့ ပြေပြစ်တဲ့ မျက်နှာ. . . နားတစ်ဖက်မှာ မဟူရာကျောက် အမည်းရောင် မြားမြားလေးကို တစ်လုံးတည်းနားကပ်အဖြစ် ပန်ထားပုံကပင် ကြည့်ရတာ ဆန်းကြယ်နေသည်။

နားကပ်တစ်ဖက် တပ်ထားပေမယ့် ပါးမြိုင်းမွေးရေးရေးလေးကြောင့် ယောကျ်ားပီသတဲ့မျက်နှာက ပို၍ပင် ထည်ဝါ ဝင့်ကြွားသွားပါသေးသည်။

သူက အားတုံ့အားနာ ပြုံးတုံ့တုံ့နှင့်. . .

စိုက်ကြည့်နေတာမို့ ရင်ထဲ ဝုန်းဒိုင်းကြဲသွားရသည်။

“အနှောင့်အယှက်ပေးသလို ဖြစ်သွားတယ်ဗျာ”

“ရပါတယ်. . . ကိစ္စမရှိပါဘူး”

“အေးအေးဆေးဆေး သုံးဆောင်ပါ ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ရုတ်တရက် ထိုကောင်မလေးနားက ပြန်ထွက်ခွာခဲ့ရမှာ တုန့်ဆိုင်းနေမိသည်။

သူ့ကို မမြင်ရတဲ့ ကြိုးတစ်ချောင်းက လာရောက်နှောင်ဖွဲ့ချည်နှောင်လိုက်သလိုပင် သူ အငိုက်မိသွားတာ. .

လှပသော မျက်ဝန်းကလေးနှင့် ခပ်ကြာကြာ ဆုံကြည့်နေချင်သည်။

ပါးပြင်နီနီလေးနှင့် နှုတ်ခမ်းဖူးဖူးလေးက အရုပ်ကလေးအတိုင်းပဲ. . .

သူမက သူနှင့်ဆင်တူ တီရှပ်အနက်ကလေးနှင့် ဂျင်းဘောင်းဘီ အပြာဖျော့လေးကိုပဲ ဝတ်ဆင်ထားပါလား။

တီရှပ်အနက်နှင့် ဖြူဖွေးသောအသားအရေ ဝါနုစ်နုစ်လေးက ထိတွေ့လိုက်ချင်စဖွယ် နူးညံ့စိုပြေလှသည်။

သူတို့ရဲ့မျက်ဝန်းများက တဒင်္ဂအချိန်လေးမှာ စူးနစ်စွာတွယ်ငြိသွားမိကြတာ နှစ်ယောက်လုံး မငြင်းနိုင်။

သူမကလေးရဲ့ ရိုးစင်းသော ဆွဲဆောင်ဖမ်းစားနိုင်မှုဟာ နှလုံးသားကို ပုတ်နှိုးကိုင်လှုပ်ပစ်လိုက်သလိုပင် သူရင်တစ်ခုလုံး တုန်ခါ လှိုင်းထသွားရသည်။





ဒီအနားကို လာမိတော့မှာ သူ့ကိုတစ်စုံတစ်ရာက အချစ်နဲ့တွေ့ဖို့ ပို့ဆောင်တွန်းလွှတ်လိုက်တာပဲလား. . .

နှစ်လိုခြင်းနှင့်သူ့ရင်ထဲမှာ လှုပ်ရှားလာပုံက ဆန်းကြယ်သည်။

နက်ရှိုင်းပြီး သိမ်မွေ့သည်။

ထိုစက္ကန့်ပိုင်းလေးမှာ သူဟာ တစ်ခုခုတော့ ဖြစ်သွားခဲ့သည်။

ကတ်ရှာဝိုက်ဝိုက်လေးဖက် ပြန်လျှောက်လာရသော်လည်း အခုန လုပ်လက်စအလုပ်တွေအားလုံးကို သူ မေ့နေမိသည်။

ကုလားထိုင်အမြင့်ပေါ် ထိုင်ပြီး ကောင်မလေးဖက် မသိမသာ လှမ်းကြည့်မိသည်။ သူ ရင်ခုန်နေမိတုန်းပါပဲ. . . ရင်ထဲမှာ မငြိမ်သက်သေးပါ။

အခုန တက်တက်ကြွကြွ စိစဉ်လှုပ်ရှားနေမိသမျှ အကုန်လုံး ခေတ္တ ရပ်တန့်သွားသည်။

အမှန်က အသည်းလေး နောက်တစ်ခု သွားချိတ်ဆွဲရဦးမှာ. . . .



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဲဒီစားပွဲနား အရောက်ထပ်မသွားရသေးလိုဘဲ ဘာမဟုတ်တာလေးအပေါ် သူ့ခံစားချက်က ပြင်းထန်သွားသည်။

အဲဒီနားသာ မသွားချင်သော်လည်း ကောင်မလေးကိုတော့ မျက်လုံးမလွှဲတမ်း ကြည့်နေချင်မိသည်။

လူက ကန္တြွေဆယ်ထားရသဖြင့် ယောင်နန အူကြောင်ကြောင်ဖြစ်ကာ အံဆွဲကိုဖွင့်ပြီး စီထပ်ထားပြီးသား ငွေစက္ကူတွေကိုပဲ ဟိုရွှေ့ဒီရွှေ့ အလုပ်ရှာနေမိသည်။

"ယိုးမယ်"

"ဟင်"

"နင့်ကို သေချာကြည့်သွားတယ်"

"ဟုတ်လို့လား"

အိချိုက တစ်တိုးလေးပြောတာမို့ သူမန္တုတ်ခမ်းလေးက စေ့မရအောင် ပြုံးနေမိသည်။

ပျော်လိုက်တာ. . . လူတစ်ကိုယ်လုံး မြောက်တက်သွားသလို ပျော်မိတာ. . . ဒါ ဘယ်လိုခံစားချက်လဲ. . .

သူနှင့်ယိုးမယ်တို့ မျက်လုံးချင်း ဆုံကြည့်လိုက်မိတာဖြင့် တခဏလေးကို ကြည်နူးလိုက်ခုန်မှုက ရင်နှင့်မဆံ့. . .





မိုးယံ၊ ကျော်လွင်၊ သန္တာတို့က သူတို့ဟာ သူတို့ စကားကောင်းနေလို့ တော်ပါသေးရဲ့. . .

"မိန်းမ. . . သိပ်ပြုံးမနေနဲ့. . . ဟွန်း"

"ဘယ်မှာပြုံးလို့လဲ"

ကော်ဖီလေးတစ်ငုံ ကောက်မော့လိုက် ပြန်ချထားလိုက်ဖြင့် ယိုးမယ်စိတ်တွေက တုန်ရီလှုပ်ရှားနေဆဲပါ။

သူက ခပ်ဝေးဝေးကနေလည်း ဒီဖက်ပဲ မသိမသာ ပြန်ကြည့်နေတယ် မဟုတ်လား. . .

"ဘာတွေသွားပြီး ပြုစားလဲမှ မသိတာ"

"အိချိုနော်"

"နေဘွိုင်းနဲ့ တိုင်ပြောလိုက်မှာ"

"ပြောပေါ့. . . ဘာဖြစ်လဲ"

"သူ့အသည်းကလည်း နင့်နားကျမှ လာရှော့ခ်ဖြစ်တယ်"

"အင်းလေ. . . ရင်တောင်တုန်တယ်"

ယိုးမယ်နဲ့အိချိုတို့ နှစ်ယောက်သား ပုခုံးချင်းတိုက်ပြီး ကြိတ်ရယ်မိကြသည်။ ကောင်မလေးနှစ်ယောက်သား သူတို့ လှမ်းကြည့်ပြီး ကြိတ်ရယ်နေကြသဖြင့် ပေလုံမလဲ ဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်းလုပ်နော်. . . မိန်းမ ရှိသလား မသိ"

"အို. . . မဆိုင်ပါဘူးနော်၊ ငါက ဘာလုပ်လို့လဲ"

"ဇာတ်လမ်းက စပြီ သိတယ်"

"မဟုတ်ပါဘူးနော်"

"နောက်နေ့ကျ နေဘွိုင်းပါ ခေါ်လာမယ်"

အိချိုက ခြိမ်းခြောက်သည်။

သူမကတော့ နေဘွိုင်းကို အဖြေပေးပြီးသားဆိုတာ မေ့မေ့တောင် မေ့နေသည်။

လွန်ခဲ့တဲ့တစ်ပတ်က ဘာကြောင့်များ နေဘွိုင်းကို ခေါ်ငြင်းပြီးတော့ ညိတ်ခဲ့မိပါလိမ့်ဟု နောင်တလည်း ရမိသည်။

တကယ်တော့ သူ့အကြည့်လေး တစ်ချက်နဲ့တင် ရင်ထဲပြောင်းဆန်အောင် ရှုပ်ယှက်ခတ်သွားရတာ။

ဒါဟာ ဘာများ အဓိပ္ပာယ်ရှိသလဲ။

စိတ်ဆိုတာကလည်း ဆန်းကြယ်ပါဘိနော်. . .

"ချောတာကတော့ ချောပါတယ်၊ ပုံစံက အသန်စားပဲ"

"တဲ့. . . နောက်မှ သေဖန်၊ မိုးယံတို့ ရိပ်မိသွားဦးမယ်"

ယိုးမယ်က ခပ်တိုးတိုး ဟန့်ရသည်။

◆ ညတော်ဝင်းအသေ ◆



"အင်းပါ. . . သိပါတယ်၊ သူတို့က သူတို့လေနဲ့သူတို့ ပီနေတာ၊ ဘာမှမပူနဲ့"

ညှို့ရီနွေးထွေးသော ထိုလူရဲ့ အကြည့်ငေးကို ဘေးကနေ မြင်လိုက်တဲ့ အိချိုက မနာလိုချင်သလိုပင် ဖြစ်သွားရပါသည်။

မိန်းကလေးလေးယောက်ထဲမှာ ပြောရလျှင် ယိုးမယ်ဖွံ့တ အလှမပြင်ဆုံးပါ။

ထူးထူးစံကတော့ ဆံပင်က ဘိုကေပုံယောက်ျားဆန်ဆန်လေးနှင့် ဝတ်လိုက်ရင်လည်း ရှုပ်အင်္ကျီတွေပဲမို့ ထားလိုက်တော့။

အိချိုနဲ့ သန္တာက ဖြူတီးစလွန်းဆို အမြဲသွားနေတာ။ မျက်ခုံးကိုလည်း ပုံဖော်ရိပ်သင်ထားသလို မျက်နှာကိုလည်း ကြွေရောင်တောက်နေအောင် ဂရုစိုက် ခြယ်သလေ့ရှိကြသည်။

အဝတ်အစားဆိုရင်လည်း ခေတ်မီဒီဇိုင်းလေးတွေ မလွတ်အောင် ဖက်ရှင်ကျကျ ဝတ်ဆင်ရမှ. . .

ယိုးမယ်ကတော့ ကြည့်လိုက်ရင် ဘီရှပ်တစ်ထည်နှင့် ချင်းဘောင်းဘီလေးနှင့် ပေါ့ပေါ့ပါးပါးသာ. .

မျက်နှာကိုဆိုရင်လည်း များသောအားဖြင့် ခရင်မ်ပါးပါးလေးလောက်သာလိမ်းပြီး ဒီတိုင်း ပြောင်လေးထားတတ်တာ။

◆ ညတော်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ထဲမှာ. . . ယိုးမယ်က အကုန်အသက်သာဆုံးနဲ့ အအေးဆုံးပဲ"

ဒါကိုပဲ သူတို့ပြောနေကျ. . .

သွားစရာရှိမှ ကမန်းကာတမ်းပြင်တာတောင် တူးဝေးကိတ်လေး ဖိုးဖိုးဖတ်ဖတ်ရိုက်၊ နှင်းဆီရောင် ပါးနီလေး ပါးပေါ်နည်းနည်းတင်၊ နှုတ်ခမ်းနီ အရည်ဖျော့ဖျော့လေးတစ်ခုကို မြန်မြန်ဆိုး၊ ခေါင်းလေးတစ်ချက်နှစ်ချက်ဖြီး. . .

ဒါပဲ. . . ယိုးမယ် အလှပြင်တာက. . . ငါးမိနစ်ပင် မကြာ. . .

သူတို့ဆိုရင် နာရီဝက်နှင့်တောင် မလောက်. . .

ဒါတောင် ပတ်ဝန်းကျင်က ဆန့်ကျင်ဖက်ကောင်လေးတွေက အလှမပြင်ဘဲ ဘာသိဘာသာနေတတ်တဲ့ ယိုးမယ်ဖွဲ့ကိုပဲ စုပြုံ စိတ်ဝင်စားတတ်သည်။

များသောအားဖြင့် တီရှပ်အနက်လေးနှင့် ဂျင်းပန်းကို သာ ဝတ်ထားတဲ့ ယိုးမယ်ဆီကိုပဲ အကြည့်တွေရောက်တတ်ကြတာလေ။

ဒါကို သိနေတဲ့ အိချို့နဲ့သန္တာမှာ မခံချိမခံသာဖြစ်ရသည်။





ထို့ကြောင့်လည်း ယိုးမယ်ထက်အရင် ရည်းစားထားဖို့တိုင်ပင်ပြီး ပြိုင်တူ ရွေးချယ်လိုက်ကြတာ။

တစ်ခါတရံတော့လည်း ပိုပြီးမျက်နှာပွင့်တဲ့သူက ကျန်ရစ်ဝါစေဦးပေါ့. . .

သနားစရာကောင်းတာက အဲဒီယိုးမယ်ဟာ သူဘယ်လောက်စန်းပွင့်သလဲ သူ မသိတာဘဲ။ သူကမှ ကောင်လေးတွေကို သတိထားပြီး မကြည့်တာ။ အရေးမှ မစိုက်တာ။

ယိုးမယ်က စိတ်ကလေး ဖြူစင်သန့်ရှင်းပြီး ကလေးဆန်သည်။ သူငယ်ချင်းတွေနှင့်သာ ပျော်ပျော်ပါးပါး သွားလာစားသောက်မည်။ လည်ပတ်မည်။

သူက ဒါပဲလေ။

အိချို့တို့သုံးယောက်စလုံး ချစ်သူကိုယ်စီတွေ့ကြပြီဆိုမှ ဗျာဟာသလဲနှင့် သူလည်း အဖော်ရှာဖို့ ခေါင်းထဲ ရောက်တာကိုပဲ ကြည့်။

အခုနောက်ပိုင်း နေ့ချင်းကို နည်းနည်းလက်ခံလာတယ် ဆိုတာကလည်း သူတို့က ဝိုင်းလျော့ ဝိုင်းတိုက်တွန်း ပို့ပေးကြပ်ပေး ကြလို့သာ. . .



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ် ဘာသာဆိုရင်တော့ အင်တင်တင်သာ လုပ်နေဦးမှာ. .

အိချိုတို့ အနေနှင့်ကလည်း နေဘွိုင်းကို ခင်နေပြီးသားမို့သာ စေတနာနှင့် ပြောဆိုတိုက်တွန်းမိတာ။

စေတနာရှိတာမှန်သော်လည်း ကိုယ့်ထက်သာရင်တော့ မနာလို ဖြစ်ချင်ပါသေးသည်။

အခု လူကြီးကိုကြည့်ရတာ ပုံစံက သားနားအဆင့်မြင့်သလို ဤဆိုင်ရဲ့ပိုင်ရှင်ပဲလား. . . မန်နေဂျာပဲလား မဆိုနိုင်။

ဘာပဲဖြစ်ဖြစ် သူ့ကိုကြည့်ရတာ အလုပ်အကိုင် အတည်တကျနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိတဲ့ပုံ။

သူသာ လူလွတ်ဖြစ်ခဲ့လို့ ယိုးမယ်ကိုသာ ချဉ်းကပ်မယ်ဆိုရင် ဘဝတစ်ခု ထူထောင်ဖို့အရေးဟာ ဘာမှခဲယဉ်းမှာမဟုတ်။

အိချိုတို့ကျတော့ ကိုယ်လိုပဲ တတိယနှစ်ကျောင်းသားလေးကိုသာ လက်တွဲဖို့ စဉ်းစားတာမို့ နှစ်ယောက်တစ်ဘဝ ထူထောင်ဖို့ဆိုရင် အများကြီးအချိန်ယူပြင်ဆင်ရဦးမှာလေ။

ဘာဆိုဘာမှ အဆင်သင့် မဖြစ်သေး. . .

ဒီတော့ ဘာမှမဖြစ်သေးဘဲ အရင်ဆုံး အားကျမိတာ။





ယိုးမယ်ဖွဲ့ရဲ့ ပင်ကိုယ်ချစ်စရာကောင်းတဲ့ နှစ်လိုဖွယ်ဟန်ပန်နဲ့ သူ့ရဲ့စန်းဖာတာကို ယှဉ်လို့မရဘူးဆိုတာ သဘောပေါက်မိသည်။

"ဟဲ့. . . ဘာတွေ တိုးတိုးနဲ့ ခေါင်းချင်းပူးနေရတာလဲ"

သန္တာက ဒီဖက်က နှစ်ယောက်ကိုပါ စကားဝိုင်းထဲ ဆွဲသွင်းဖို့ ပြင်သည်။

"ဘာမှ မဟုတ်ပါဘူး"

"အိချိုရေ. . . ငါတို့ အမြန်ပေဒင်သွားမေးရင် မကောင်းဘူးလား"

"ဘယ်မှာ သွားမေးမှာလဲ"

"မဟာဝိဇယမှာလေ. . . ငါ့အဒေါ်တွေ သွားနေကျ"

"မှန်လို့လား"

"လုံးဝကွက်တိပဲ"

ယိုးမယ်သည် သူတို့စကားတွေကို သိပ်စိတ်မဝင်စားနိုင်။

ပုလွန်တန်ပူရာကြော်လေးကို တူနှင့် သုပ်ကိုင်ကာ ပါးစပ်တလေးဟဖို့ အရေးကိုပင် ရှက်ကိုးရှက်ကန်း ရင်တွေဖိုနေရသည်။

သူကရှေ့တည့်တည့်ကနေမသိမသာခိုးကြည့်နေတာကိုး. .



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်ဟာ ဘယ်သူလဲ။

သူဟာ ဘယ်လိုလူစားလဲ။

သူ့နောက်ကြောင်းရာဇဝင်၊ သူ့မိသားစုအကြောင်း ယိုးမယ် အကုန်လုံး သိချင်လာသည်။

နေပါဦး . . . သိပါပြီတဲ့ . . . ယိုးမယ်က ဘာလုပ်ဖို့လဲ။

ဘာအတွက်လဲ . . .

သူ့ကို စတင်ဆက်သွယ် စကားပြောကြည့်ဖို့ရော သတ္တိ ရှိလို့လား . . .

သတ္တိရှိတယ်ပဲထား . . . ဆုံးဖြတ်ရဲလို့လား . . .

အဲလိုဆိုရင် သူ အထင်သေးမလား . . .

ဟင့်အင်း . . . ဘာမှမဟုတ်ဘူး . . .

ဒါဟာ တခဏ စိတ်လှုပ်ရှားမှုပါ။ တော်ကြာ မေ့ပျောက် သွားမှာ . . . ဘာမှ ရှေ့ဆက်ပတ်သက်စရာလည်း ရှိမှာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ကြုံကြိုက်တွေ့ဆုံမိခြင်းဟာ ဒီလောက်ကြီး လည်း အရေးမပါလှပါဘူး။

သူကလည်း သူ့ဆိုင်လာထိုင်တုန်း ကြုံလို့ကြည့်လိုက်တာ ပေါ့ . . . ဒါ့ထက် ဘာပိုမှာလဲ။





တော်ပြီ . . . ယိုးမယ်ဖွဲ့ရေ၊ နေရာဘကာ ယိုးမယ်ဖွဲ့ ပြီး စိတ်ကူးယဉ်မနေနဲ့။

မနက်ဖြန် သန်ဘက်ခါဆို ဘဲဘဲက လည်း ပြန်လာတော့ မှာ . . .

တကယ်တော့ ရည်းစားဆိုတဲ့ ဘဲဆိပ်တစ်ခုကို စိတ် ယောပြီး . . . နှင့်ဘာသာ တပ်လိုက်တာပဲ။

ဒီတံဆိပ်ကို ဒီလောက် ချက်ချင်း ပြန်ဖျက်ချင်ရအောင် သူကရော နှင့်ဘဝထဲထိ ဒိုင်ဗင်ပစ်ဝင်လာမှာမို့လို့လား။

စောစောစီးစီး . . . စိတ်ကူးရပ်လိုက် . . .

ယိုးမယ်ဖွဲ့က ပင့်သက်ဖွဖွလေးရှိုက်ရင်း သူ့ကို မကြည့် တော့ပဲ ခေါင်းငုံ့ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . နင့်လက်ဆောင်က ဒါလေးပဲလား၊ ခရုပုတီးကြီး"

ထူးစံပြန်ရောက်ပြီဆိုတာနှင့် ယိုးမယ်က သူ့အိမ်ကို လာခဲ့လိုက်တာ။

ငွေဆောင်က ပြန်လာတာ မုန့်တွေ၊ ခရုပုတီးတွေ ကနုကမာအရုပ်လေးတွေပဲ ပါလာတာ။

အစိမ်းနုရောင် ပုတီးလေးကို တီရှပ်အနက်ပေါ်က ဆွဲထားရင်း ထူးစံတို့ တိုက်ခန်းတံခါးဝမှာ ချိတ်ထားတဲ့ အလူမီနီယံ မှန်ချပ်ထဲ သွားကြည့်လိုက်သည်။





"ဒါပဲပါမှာပေါ့ဟဲ့၊ ငါက ဘာသွားဝယ်ရမှာလဲ၊ ငါးခြောက် ပုစွန်ခြောက်တွေ စားချင်လို့လား"

ထူးစံက အခုမှ အိပ်ရေးဝဝ အိပ်ပြီး နိုးလာတာမို့ မို့မို့အစ်အစ်မျက်နှာကြီးနှင့် မျက်စောင်းရွယ်ပါသည်။

"မစားပါဘူး. . . အဲလို အူခြောက်တဲ့ အနံ့ပြင်းတဲ့ဟာတွေ ကြိုက်မှမကြိုက်တာ"

"ဂိုးထူမှ"

"ဒါလေး. . . ငါနဲ့ လှလား"

"နင်က ဝတ်တော့ တီရှပ်နဲ့"

"တီရှပ်ပဲ ကြိုက်တာကိုဟဲ့. . ."

ပြောရင်းက စိတ်ထဲမှာ Romance ဆိုင်က လူကြီးကို ပြေးသတိရလိုက်မိ၏။ အဲဒီနေ့က သူနဲ့ ယိုးမယ်က တိုက်တိုက်ဆိုင်ဆိုင် ဆင်တူလေးတွေ ဖြစ်နေခဲ့တာ။

ဘာမှမဟုတ်ဘဲ ပြန်တွေးမိတိုင်း ကြည်နူးဖို့ကောင်းနေရသည်။

"ထူးစံ နင်ငွေဆောင်သွားနေတုန်း သူတို့ Anniversary လုပ်တယ် သိလား၊ နင်ပြန်လာမှ လိုက်ကျွေးပါဆိုတာတောင် မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . ဒီမိန်းမတွေ ငါနဲ့တွေ့မယ်၊ ငါ့ကို သပ်သပ် ပြန်ကျွေးရမယ်"

"ဟုတ်တယ်. . . ဖုန်းဆက်ပြီး ရန်တွေ့ပစ်"

ယိုးမယ်က ထူးစံကိုဆိုလျှင် တရင်းတနှီး ပိုပြီး ရင်ဖွင့်ပြောဆိုရသည်။ ပိုပွင့်လင်းတယ်လို့ပဲ ပြောရမလား။ ထူးစံက စိတ်သဘောထား ကြီးသည်။ ပြီးတော့ နှုတ်လည်း လုံသည်။

မနာလိုတာ ပြိုင်ဆိုင်တာ ခြူစူတာတွေလည်း မရှိ။ ထို့ကြောင့်ပင် ထူးစံကိုဆိုလျှင် စိတ်ထဲရှိတာ ပြောရသည်။

"သူတို့ခေါ် သွားတဲ့ဆိုင်လေးက တအားလှတယ်ဟာ၊ ပြီးတော့ . . ."

"ဟီး. . . တောင်"

လူခေါ် ဘဲလ်သံကြောင့် တံခါးပေါက်နှင့်အနီးဆုံး မှန်ရှေ့မှာရှိနေတဲ့ ယိုးမယ်က ဖျတ်ခနဲ လှည့်ကြည့်မိသည်။

ဟင်. . .

သံပန်းတံခါးကိုပဲ ပိတ်ပြီး ကျွန်းတံခါးကို မပိတ်ထားတော့ သံပန်းအပြင်မှာ ရပ်နေတဲ့ ယောကျ်ားနှစ်ဦးကို ပြုန်းခနဲ တွေ့လိုက်ရသည်။





မှန်ရှေ့မှာ နွဲ့နွဲ့လေးရပ်ကာ သူမလည်မှာ ဆွဲထားတဲ့ ပုတီးလေးတစ်ခုကို လက်ညှိုးနှင့် ဆကာကြည့်နေတဲ့ ပန်းပန်လေးက လွတ်လွတ်လပ်လပ်ပုံစံနှင့် ချစ်စရာ။

အမှတ်မထင် မျက်စိရှေ့မှာ ပြုန်းခနဲ မြင်လိုက်တော့ ဟုတ်မှဟုတ်ရဲ့လားလို့ ဇဝေဇဝါဖြစ်သွားရပြီးမှ သူကလေးပဲ ဆိုတာ သေချာသောအခါ ရင်တွေက မယုံနိုင်အောင် တအံ့တသြ ခုန်ပေါက်ဆူညံလာရ၏။

အသံပြုဖို့လည်း သူ မေ့နေသည်။

သူမကိုသာ မမိုတ်မသုန် ငေးကြည့်နေမိတာကြောင့် ဘေးက နန္ဒက တံခါးဘဲလ်ဖုကို ဝင်နှိပ်လိုက်တာ။

သူ့ကို မြင်သောအခါ ကောင်မလေးကလည်း မှတ်မိပုံဖြင့် အံ့အားသင့်သွား၏။

ကိုယ်သတိရနေတုန်း အဲဒီလူက ကိုယ့်မျက်စိရှေ့ကို အခုလိုရောက်လာတော့ ယိုးမယ်တကယ် မယုံချင်။

"ထူးစံ. . . ညှော်သည်"

သူမအသံလေးက စိတ်လှုပ်ရှားပြီး တုန်ခတ်သလိုပင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးစံက သော့ကိုယူပြီး ကမန်းကတမ်း တံခါးလာဖွင့်၏။

"မဂ်ဂီရှိလား"

"မရှိဘူး အစ်ကိုကြီး၊ မမ ဟိုဖက်လမ်း ခဏသွားတယ်၊ အိမ်ထဲ ဝင်ပါဦး"

သူတို့နှစ်ယောက်က ဝင်လာပြီးလျှင် ဧည့်ခန်းက ဆိုဖာဆက်တီမှာ ထိုင်လိုက်သည်။

သူတို့ရဲ့ မဂ်ဂီဆိုသောအမေးကြောင့် ယိုးမယ်တစ်စုံတစ်ရာကို တွေးလိုက်မိ၏။

ဘုရားရေ. . . သူက ကိုနန္ဒလား. . .

အဆက်အစပ်တစ်ခုဟာ အနီးကလေးမှာ ရှိနေတာပါလား။

တစ်ရက်ခြားမှာ ဒုတိယမြောက် ဆုံတွေ့ခွင့်ရတာကို ဝမ်းသာအားရ အံ့သြမိသည်။

သူ့မျက်လုံးတွေမှာလည်း ကျေနပ်ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေဟာ မဖုံးနိုင်သလို ပေါ်လွင် ထင်ရှားနေပါသည်။

တစ်ဦးကိုတစ်ဦး မမှိတ်မသုန် စိုက်ကြည့်နေမိကြ၏။





ဒီလိုပြန်ဆုံကြဖို့ ဘယ်သူကမှ ဘကူးတက ဖန်တီးအားထုတ်တာ မဟုတ်ဘဲ သူ့ဘာသာကြုံဆုံမှုက အလိုလိုပေါ်ပေါက်လာတာလေ။

ဒီတစ်ခါတော့ ယိုးမယ် သူ့အကြောင်း သိခွင့်ရတော့မည် ထင်ပါရဲ့။

ထူးစံက အကြည့်ချင်းဖလှယ်နေ သူနှစ်ယောက်ကို အကဲခတ်မိသည်။

အရင်ကတည်းက သိနေကြတာများလား. . .

"ထိုင်ဦးနော်. . . ကော်ဖီဖျော်ခိုင်းလိုက်ဦးမယ်"

"နေပါစေ ညီမ၊ ရေအေးအေးပဲရရင် တော်ပြီ"

သူ့ဘေးက တစ်ယောက်က ပြောသဖြင့် ထူးစံက အိမ်အတွင်းဖက် လှမ်းဝင်ကာ ရေခဲသေတ္တာသွားဖွင့်၏။

ယိုးမယ်က ထူးစံနောက်လိုက်လာကာ. . .

"ဟဲ့. . . အဲဒါ နင်တစ်ခါပြောတဲ့ ကိုနန္ဒလား"

"အင်းလေ"

"သူက Romance ဆိုင်ကမို့လား"

"နှစ်ယောက်လုံးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"တီရှပ်အနက်နဲ့ တစ်ယောက်က. . ."

"ဪ. . . ကိုလက်ငင်းကို ပြောတာလား"

"ဘာရယ်. . . ကိုလက်ငင်း၊ ဟုတ်လား. . . အဲဒါ သူ့နာမည်လား"

"အေး"

"ဟီ. . . ဟီ. . . အဆန်းပဲ"

"နင်. . . သူ့ကို သိနေတယ်မို့လား"

"ဪ. . . ငါပြောပါ့ရောလား၊ အိမ်ချိုတို့ခေါ်သွားတဲ့ ဆိုင်လှလှလေးဆိုတာ၊ အဲဒါ ရိုးမန့်စ်ပေါ့"

"အဲဒါ ဟိုတစ်လောကမှ ဖွင့်တာတဲ့၊ ငါလည်း မရောက်ဘူးသေးပါဘူး၊ မမဂီတောင် ရှယ်ယာပါသေးတယ်"

"နင်ကလည်း အစကတည်းက ကြိုတော့မပြောဘူး"

"ဪ. . . မဂီအကြောင်း နင်ကရော ဘယ်တုန်းက များ မေးဖူးလို့လဲ"

ယိုးမယ်က ရယ်ကျဲကျဲလေး လုပ်နေမိသည်။

အရင်က စိတ်မဝင်စားပေမယ့် အခုက စိတ်ဝင်စားရင်ခုန်စရာပေါ် ပေါက်ခဲ့ပြီကိုး. . .





"သူက မဂီသူငယ်ချင်းမေ့နေ၁်"

"ကျောင်းကတည်းက ဘော်ဒါတွေပဲ"

"သက်တူရွယ်တူတွေဆိုတော့ သူလည်း သုံးဆယ်နားပေါ့"

"အေးလေ. . . ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ဟဲ. . . ကဲ ဟိုတစ်ယောက်ခမျာ ရေဆာနေပြီ မြန်မြန်ထွက်တော့"

ရေခဲရေဗူးသာမက အအေးဖန်ခွက်တွေပါ ဗန်းလေးထဲ ခပ်မြန်မြန်ထည့်သယ်၍ နှစ်ယောက်သား ဧည့်ခန်းသို့ ပြန်ထွက်လာခဲ့ကြသည်။

"ဟော့ကောင်. . . လက်ငင်း၊ အဲဒီချာတိတ်မလေးက ဘယ်သူလဲ"

"ဟင်"

"မင်း ရှိုးနေတာလေ"

"ဟား. . . ဟား. . . ရှိုးမိလို့လား"

နန္ဒ တီတိုးမေးတာကို သူက အူကြောင်ကြားလုပ်နေမိသည်။ သူ့ပုံစံက ရယ်ကျဲကျဲနှင့် ရှက်ကိုးရှက်ကန်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးတောင် ပြူးထွက်နေပြီ"

နန္ဒမျက်နှာက ရှုံ့မဲ့ဟန်ပြနေဆဲမှာ လိုက်ကာအပြာနုလေးကို ဟပြီး ကောင်မလေးနှစ်ယောက်က ပြန်ထွက်လာသဖြင့် သူတို့ အသံတိတ်သွားရသည်။

ကောင်မလေးက မျက်လွှာလေး စင်းချထား၏။

ဒီတစ်ခါတော့ သူမနှင့် ခင်မင်သိကျွမ်းခွင့်ရမှ ဖြစ်တော့မည်။

သူ နှုတ်ခွန်းနေလို့ မရ. . .

နှလုံးသားတွေက ပူနွေးလှုပ်ရှားနေပြီ။

ရာသီဥတုကလည်း ကံကောင်းစွာ သူ့ဖက်မှာ ရှိနေသည်ပဲ ဆိုရမည်။

"သူက ထူးထူးသူငယ်ချင်းလား"

မျက်နှာပူပူနှင့်ပဲ စပ်စုလိုက်လျှင် နန္ဒက သူ့ဖက် ဖျတ်ခနဲလှည့်ကြည့်၏။

လက်ငင်းတစ်ယောက် မိန်းကလေးတစ်ယောက်ကို ခုလိုနှစ်လိုချိုမြိန်စွာ ငေးမောကြည့်တာကိုရော၊ နှုတ်က သွက်သွက်လက်လက် ဖွင့်မေးချတာကိုရော နန္ဒ တစ်ခါမှ မမြင်ဘူးသေးပါ။





ဒီကောင့်ကို အစတုန်း သံမဏိနှလုံးသားနဲ့လူလို့တောင် ထင်ရတာ။

"ဟုတ်ကဲ့"

"ကျောင်းတက်တုန်းပဲပေါ့"

"ထူးစံနဲ့ အတူတူပါပဲ၊ ဖစ်ဆ် တတိယနှစ်ပါ"

"ဘယ်မှာတက်တာလဲ"

"သန်လျှင်မှာ. ."

ကိုလက်ငင်းသည် တစ်ခါတစ်ရံမှသာ အိမ်ကိုရောက်လာတတ်ပြီး စကားသိပ်များများလည်း မပြောဘူးပါ။

ထူးစံနှင့်ဆိုလျှင် ခေါင်းဆတ်ပြုံးပြတတ်တာလောက်ပဲရှိတာမို့ အခုလို မေးမြန်းတာကြားရတော့ ထူးစံပင် ယောင်နနဖြစ်မိသည်။

ဒါက ဘယ်လိုပါလိမ့်. . .

ယိုးမယ်တစ်ယောက်ကလည်း ဟန်လေးမှပင် မဆောင်နိုင်ပဲ ကိုလက်ငင်းအကြောင်းကို အူယားဖားလျားလာမေးပြီး အခုဒီတစ်ယောက်ကလည်း ပေါ်တင်ပင်. . .

ယိုးမယ်ထံ တည့်တည့်စိုက်ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့က ဆိုင်မှာတွေ့လိုက်တယ်နော်၊ မင်း ကိုယ့်ကို မှတ်မိလား"

ယိုးမယ်က မဖြေရသေးခင်. . .

"သူလား မမှတ်မိဘဲနေမှာ၊ အခုပဲ ထူးစံကို လာမေးနေတယ်၊ Romance ကမို့လားတဲ့၊ မမဂီ သူငယ်ချင်းလာတဲ့"

"ဟုတ်တယ်. . . ကိုယ်တို့ငါးယောက် ကျောင်းကတည်းက တွဲလာတာ၊ သူက နန္ဒ၊ ဟာ. . . ကိုယ် အခုမှသတိရတယ်၊ ဟိုတစ်ခါ ထူးထူးကျူရှင်ကိစ္စ ဖုန်းဆက်တာ မင်းလား"

"ဒါဆို အဲဒီတုန်းက ဘုကျကျဖြေတာ ကိုကြီးပဲပေါ့"

"ဟာ. . . မင်းက ကိုယ့်ကို နန္ဒလို့ပဲ အတင်းစွပ်စွဲနေတာကိုး. . .၊ ဒီမှာ ဒီကောင်ကမှ နန္ဒ. . . မတွေ့ဘူးလား"

"ကိုကြီးက ကိုလက်ငင်းပါလို့မှ မပြောဘဲ"

ယိုးမယ်ဖွဲ့က သူကို တရင်းတနှီးပဲ မျက်စောင်းရွယ်လိုက်မိ၏။

အဲဒီတုန်းက ဘာကြောင့်များ စကားပြောအဆင်မပြေဘဲ ဘုနဲ့ဘောက် ဖြစ်ခဲ့ရပါလိမ့်. . .

ယိုးမယ် မချင့်မရဲ ဖြစ်မိသည်။





အဲဒီတုန်းကသာ ခင်မင်ခွင့်ရသွားခဲ့ရင် ယိုးမယ်ဘေးမှာ နေဘို့ငြင်းဆိုတာ မရှိသေးဘူးလေ။

အင်း. . . နေစမ်းပါဦး။

ယိုးမယ်က ကိုယ့်ဖက်ကိုယ်တစ်ခုတည်း စဉ်းစားစိတ်ညစ်နေတာ။ သူဖက်ကရော. . .

သူကို ကိုကြီးဟု ခေါ်လိုက်တဲ့ အသံလေးမှာ လက်ငင်း နှလုံးသားက အရည်ပျော်အောင် ကြည်နူးမိတာ တဟက်ဟက်နှင့် ရယ်နေမိသည်။

"ဒါဆို. . . ကိုယ်ပဲ မှားတယ်ထားပါ"

"တကယ်က ထူးစံ အမြစ်"

"ဟင်း. . . ငါက ဘယ်နားက ပါလာရတာလဲ"

"နင်ပေးတဲ့ ဖုန်းနံပါတ်လေ၊ ကိုနန္ဒလို့ ရေးထားတာ၊ တကယ်ဆက်တော့ ကိုလက်ငင်းဆီ ရောက်သွားတယ်"

"အံမယ်. . . ငါက မဂီသူငယ်ချင်းဖုန်းလို့ပဲ ပြောတာပါနော်၊ ကိုနန္ဒလို့လည်း မပြောဘူး၊ ကိုလက်ငင်းလို့လည်း မပြောဘူး၊ နင့်ဘာသာ ကြားဖူးနားဝရှိတဲ့နာမည်ကို ရေးမှတ်လိုက်တာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုယ့်နာမည်က ကြားဖူးနားဝ မရှိဘူးပေါ့"

"မဂီ လာပစေ၊ သူက နန္ဒနာမည်ပဲ တဖွဖွရေရွတ်နေတာ ကိုး၊ ဟား. . . ဟား. . . အခုမှ သိတယ်"

နန္ဒက မဂီကို စဖို့နောက်ဖို့ တေးထားလိုက်ပါသည်။ ဒီအပျိုကြီးက စ,လို့ကောင်းသည်။

စ,တာနှင့် စိတ်ဆိုးတတ်သည်။ ထဖျစ်တောက်တောက် ရန်တွေ့တတ်သည် မဟုတ်ပါလား။

သူတို့ဝိုင်းမှာ စကားသံ, ရယ်သံတို့နှင့် ဆူညံနေရပါ၏။ အရင်က မဂီတို့ အရွယ်တန်းမို့ ထူးစံတို့နှင့် မရင်းနှီးပါ။ စကားပင် သေချာမပြောဘူးတာ အမှန်။

ဒီနေ့ ယိုးမယ်ရောက်လာတဲ့နေ့မှ ထူးထူးဆန်းဆန်း သူငယ်ချင်းတွေလိုပင် နောက်နောက်ပြောင်ပြောင် ခင်မင်အဖွဲ့ကျ သွားရတာ။

အရင်က မဂီနှင့်ပတ်သက်ပြီး အိမ်ကို တစ်ခါတရံ ဝင်ထွက်နေတုန်းကဖြင့် မေးတစ်ခွန်း ဖြေတစ်ခွန်းထက် ပိုမတက်ခဲ့ပါလား။

"ကိုယ်ကလည်း ဆိုင်ကိုလာတဲ့နေ့က ထူးထူးဘော်ဒါတွေမှန်း မသိခဲ့ဘူး"





"သူ မပါဘူးလေ၊ ငွေဆောင်သွားနေတာ"

"ဟုတ်တယ်. . . အဲဒါကြောင့် ထူးက ပြန်ကျွေးရမယ်လို့ ပြောနေတာ"

"လာခဲ့လေ. . . အထူးစပယ်ရှယ်လက်ရာတွေ စီစဉ်ပေးမယ်"

"ဒီကောင်က စေတနာတွေ ပေါက်နေတာဗျ"

နန္ဒက ဝင်ကြွပ်သည်။

"ယိုးမယ်တစ်ယောက်တည်း လာမှာမဟုတ်ဘူးနော်၊ ထူးတို့ပါ ပါမှာ"

ထူးစံစကားကြောင့် ယိုးမယ်မျက်နှာလေးက နီမြန်းသွားရသည်။

"ကိုကြီးက အကုန်လုံးကို ဖိတ်တာပါနော်"

"ဒါဆို. . . ယိုးမယ် မလိုက်ရင်လည်း ရတယ်ပေါ့"

"ယိုးဒယားမယ် မပါလို့တော့ ဘယ်ဖြစ်မလဲဗျ"

"ကိုနန္ဒနော်. . . ဘာယိုးဒယားမယ်လဲ၊ ယိုးမယ်နာမည်က ယိုးမယ်ဖွဲ့. . . သိရဲ့လား"

ချစ်စရာအမည်နှင့် ထိုမိန်းကလေးရဲ့ပြောဆိုဟန်လေး

www.burmeseclassic.com

www.burmeseclassic.com



တွေကို လက်ငင်းက မျက်တောင်မခတ်တမ်း ထိုင်ကြည့်နေမိသည်။

ဘယ်ရေစက်ကြောင့်များ မြင်မြင်ချင်း ချစ်မိရတာလဲကွာ။

သူကလေးထံမှာ ဟန်မဆောင်နိုင်အောင် ကျရှုံးနေပြီဆိုတာ အေးလူတွေလည်း ရိပ်မိကုန်ပြီ။

ထူးစံသည် အေးကနေ နည်းနည်းတော့ မျက်နှာလှုပ်နေပြီ။

သူတို့ တစ်ဦးကိုတစ်ဦး သိသာစွာ စိတ်ဝင်စားနေတာ မှန်ပေမယ့် နေဘွိုင်းကီစွက ဘယ်လိုလုပ်မလဲ။

ယိုးမယ်ကို ချစ်တုန့်ပြန်လိုက်ပါလို့ အတင်းအကျပ် အေတီးတွန်းပို့မိတာ မှားပြီထင်သည်။

သူငယ်ချင်းရဲ့ ရှက်ဝံ့ရှက်စိုးဟန်ပန်နှင့် ရွှန်းလက်တောက်ပနေသော မျက်လုံးလဲ့လဲ့လေးတွေမှာ အချစ်ရဲ့ ရောင်ခြည်တွေ ယှက်သန်းနေတာလည်း မျက်မြင်ပဲလေ။

တည်တည်တံ့တံ့နေတတ်တဲ့ ကိုလက်ငင်းကြီးလည်း မတည်တံ့နိုင်တော့ပါ။





နူးညံ့ရွှန်းရီတောက်ပနေသော မျက်ဝန်းတွေကို ကြည့်ရုံဖြင့် သူ ယိုးမယ်ကို ဘယ်လောက်ထိအောင် နှစ်ဝင်တွယ်ငြိနေသလဲ သိသာလှပါလား။

ထူးစံက ပင့်သက်ခိုးအရှိုက် နန္ဒက မျက်ခုံးပင့်ပြသည်။

သူငယ်ချင်းရဲ့ စိတ်လှုပ်ရှားမှုကို သူ အလိုက်သိသိ ကူညီချင်သည်။ ဒီစည့်ခန်းမှာ ဆက်ထိုင်နေဖို့ သိပ်မကောင်းတော့ဘူးလေ။

နန္ဒက စီးကရက်ဗူးကို စားပွဲနှင့် တဒေါက်ဒေါက် အသံပြုရင်း တစ်လိပ်ကို ဆွဲထုတ်လျှက် . . .

"မီးခြစ်ရှိလား . . . ထူးထူး"

"မီးခြစ်ပဲ ရှိတာပေါ့"

"ဒါဆို ခဏလောက်"

ထူးထူးတို့ အိမ်မှာက ဘယ်သူမှ စီးကရက်မသောက်တာမို့ ဂက်စ်မီးခြစ်ကို မီးဖိုချောင်မှာ သွားယူရသည်။

ထူးထူး ဖျတ်ခနဲ ထထွက်သွားလျှင် နန္ဒက လက်ငင်းကို မျက်စိတစ်ဖက် အသာမှိတ်ပြ၍ ဇရံတာသို့ ထွက်လာသည်။ပြောချင်တာလေး လွတ်လွတ်လပ်လပ်ပြောပါစေဆိုတဲ့ စေတနာနဲ့ပါ။

"ယိုးမယ်က ဘယ်မှာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဂုံတိုင်"

"ဖုန်းဆက်လို့ရမလား"

"ရှင်"

သူ့ ခေါင်းငုံ့ကာ ထိုသို့ တဲ့တိုးမေးလျှင် သူမရင်ထဲ လှုပ်လှုပ်ရှားရှား လှုပ်ရှား လွန့် တုန်ခါသွားသည်။

"ဖုန်းဆက်လို့ မဖြစ်ဘူးလား"

"ဟို. . . ဖြစ်တော့ ဖြစ်ပါတယ်"

"အိမ်က စည်းကမ်းတင်းကျပ်လို့လား"

"အဲလိုတော့လည်း မဟုတ်ပါဘူး"

"ဒါဆို. . . ယိုးမယ် ဖုန်းနံပါတ်ပြော"

သူက သူ့ခါးမှ ဖုန်းကိုဖြုတ်ကာ ချက်ချင်း မှတ်မိုရိုက်ရန် ဟန်ပြင်၏။

"(. . . . . . . . . .)"

ယိုးမယ်ပြောတဲ့ လိုင်းဖုန်းနံပါတ်ကို သူက မှတ်လိုက်ချိန်မှာပဲ ထူးထူးအစ်မ မဂီတ ပြန်ရောက်လာသည်။

"ဩော်. . . နန္ဒတို့ ရောက်နေတာလား၊ အကြွေးလည်း ပါတာကိုး. . . ထူးထူးဆန်းဆန်းပါလား"

အိမ်ထဲ လှမ်းဝင်လာရင်း ပြုံးရွှင်စွာ နှုတ်ဆက်ရာ. .





"နင် ဘယ်တွေလျှောက်လိမ့်နေတာလဲ၊ စောင့်ရတာ တစ်နာရီလောက်ရှိပြီဟာ"

ကိုနန္ဒက ဝရံတာကနေ ပြန်လှည့်ဝင်လာသည်။

"အံမယ်. . . အပိုမပြောပါနဲ့ ဒါ အောက်ဆင်းသွားတာ တောင် နာရီဝက်လောက်ပဲ ရှိဦးမယ်. . . ဟွန်း"

မီးခြစ်ဝင်ယူတဲ့ ထူးစံကလည်း ပြန်ထွက်လာသဖြင့် သူတို့ နှစ်ဦး နောက်ထပ် ဘာမှမပြောဖြစ်တော့ပါ။

ထူးစံဟာ အိမ်မှာ ညီမအငယ်ဖြစ်ပြီး၊ သူ့အစ်မကြီးရဲ့ကိစ္စတွေထဲ ဝင်မပါတတ်သူဖြစ်ရာ အခုလည်း အစ်မလုပ်သူ ပြန်ရောက်လာပြီမို့ သူက အိမ်ထဲ အသာဝင်သွားပါတော့သည်။

ထူးစံရဲ့သူငယ်ချင်းဖြစ်တဲ့ ယိုးမယ်ကလည်း တစ်ယောက်တည်း ဆက်ထိုင်နေလို့ မကောင်းတော့တာမို့ ထူးစံလိုပဲ နောက်ဘက်က ထမင်းစားပွဲဆီ လျှောက်လာခဲ့သည်။

လက်ငင်းရင်ထဲမှာတော့ ဟာတာတာကြီးဖြစ်သွားပါသည်။ သူကလေးကို ကိုယ့်မျက်စိရှေ့က အပျောက်မခံချင်အောင်ပင် ချစ်စနိုးစိတ်တွေ များပြားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးယောက်ဝင်လာတဲ့အချိန်မှာ ဆိုင်ကလေးထဲ အတော်လူများစည်ကားနေပါသည်။

စားပွဲဝိုင်းအလွတ်ဆိုတာ မရှိသလောက်နီးပါးပင်။

အနောက်ဘက်က ဆိုဖာဝိုင်းမှာပဲ နေရာရတော့သည်။

ညဖက်ဖြစ်တာမို့ ယောကျ်ားလေးတို့ အများစုရှိသည်။

ဒီနေ့ဘောလုံးပွဲကလည်း ချယ်ဆီးပွဲမို့ ဘောလုံးပွဲကြည့် ပရိသတ်တို့လည်း ပါသည်။

ကျော်လွင်က ဘောလုံးဝါသနာအိုး ဖြစ်တာကြောင့် တီဗွီ ဖက်ကို အရင်ဆုံး မော့လိုက်၏။





"နေ့ခင်းဘက်တော့ တိတ်တိတ်ဆိတ်ဆိတ်လေးပဲကွ"

"မင်းပြောတဲ့ တစ်ယောက် ဘယ်မှာလဲ"

နေဘွိုင်းက မိုးယံကို မေးလိုက်လျှင် မိုးယံက ဟိုဒီဝေ့ဝဲ ရှာပြီး. . .

"မတွေ့သေးဘူးကွ. . . တွေ့ရင် ငါပြမယ်"

သူ နေပြည်တော်ရောက်နေတုန်း ဒီဆိုင်က လူကြီးတစ်ယောက်က သူချစ်သူ ယိုးမယ်ကို အသည်းသည်းမည်းမည်း ရှိုးတယ် ဆိုသဖြင့် နေဘွိုင်းက ဘယ်သူလဲလို့ လာကြည့်တာ။

မိုးယံတို့က ယောကျ်ားလေးချင်း စည်းလုံးညီညွတ်စွာ နေဘွိုင်း ပြန်လာတာနှင့် သတင်းပေးကြသည်။

ဒါတောင် ကြည့်ရုံလေးပဲ ကြည့်သေးတာသိလို့။

ထူးစံတို့အိမ်မှာ ဆုံကြတာကို သူတို့ မသိသေးပါ။

ယိုးမယ်ဖွဲ့ကလည်း ထူးစံကို ပြန်မပြောဖို့ နှုတ်ပိတ်ထားသည်။ ထူးစံကလည်း မိန်းကလေးချင်း နားလည်စွာနှင့် အိချိုတို့ကိုပင် ပြန်မပြောချေ။

အိချိုဆီ သတင်းရောက်တာနှင့် မိုးယံ သိမည်။ မိုးယံသိတာနှင့် နေဘွိုင်း သိမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နှစ်ယောက်တိုင်ပင်ကာ ထိုကိစ္စကို လျှို့ဝှက်ထားကြသည်။

နေဘွိုင်းတို့သုံးယောက်မှာ ဘီယာနှင့် အကင်တစ်ပွဲ၊ အရွက်ကြော်တစ်ပွဲ မှာကာ မြည်းကြ စားကြနှင့် စကားပြောနေကြသည်။ သို့သော် ကျော်လွင်က စကားဝိုင်းထဲ မပါဘဲ သူ့ဘာသာ ဘောလုံးပွဲထဲပဲ အာရုံရောက်နေပါသည်။

"ဒီဘဲက အသက်သုံးဆယ်လောက်တော့ ရှိလိမ့်မယ်၊ ရုပ်ကတော့ အရမ်းဖြောင့်တယ်ကွ၊ ဆိုင်မန်နေဂျာလား ဘာလားတော့ မသိဘူး"

"အခုကြည့်တော့ ကက်ရှာမှာရှိနေတာ၊ တခြား အမျိုးသားတစ်ယောက်"

"သူက နေ့ခင်းပိုင်းဂျူတီလည်း ဖြစ်ချင်ဖြစ်မယ်ကွ၊ ဒါကြောင့် မတွေ့တာ၊ မင်း မြင်ဖူးချင်ရင် နောက်တစ်ခေါက် နေ့လည်ဖက် လာကြည့်လိုက်"

"တော်ပါပြီကွာ. . ဘာမှမဟုတ်ရင်လည်း ခေါင်းထဲထားမနေတော့ပါဘူး၊ ယိုးမယ်ကလည်း နောက်တစ်ယောက် ပြောင်းကြိုက်မယ့် မိန်းကလေးမျိုး မဟုတ်ပါဘူး"





"မင်း အဲလို သိပ်မယုံထားနဲ့ကွ၊ လမ်းကြောင်းတွေ့ရင် စောစောရှင်းပစ်လိုက်"

နေဘွိုင်းက ခေါင်းဆတ်သည်။

အမှန်တော့ ဖိုးယံက အဲဒီနေ့က ဘာမှသတိထားမိတာ မဟုတ်ပါ။ အိချိုတို့စကားကြောင့်သာ ဒီဆိုင်က လူကြီးကို ယိုးမယ် စိတ်လှုပ်ရှားခဲ့တယ်ဆိုတာကို သိရတာ။

အိချိုက ချစ်သူကို ဘာမဆို တတွက်တွက်နှင့် ဖွင့်ဟ ပြောပြနေကျမို့ ဘာရယ်မဟုတ်ဘဲ ပြောမိတာမျိုး ဖြစ်သည်။

သူတို့ အမြည်းစား၊ ဘီယာသောက်နေဆဲမှာပဲ ဘောလုံးပွဲက ပြီးသွားပါသည်။

ဘောလုံးပွဲပြီးတာနှင့် ထိုင်နေတဲ့ လူတွေလည်း လှုပ်လှုပ်ရွရွ ဖြစ်လာသလို ခဏရပ်ထားပုံရတဲ့ အဆိုစင်မြင့်ပေါ် ကိုလည်း ဆိုမယ့်တီးမယ့်သူတွေ ပြန်တက်လာကာ နေရာယူ ပြင်ဆင်တာ တွေ့ရသည်။

မိုက်ကရိုဖုန်းနားမှာ ခေါက်ကုလားထိုင် အဖြူလေးနှစ်လုံး ကို လာချသည်။

စုံတွဲအဆို ဖြစ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



Valentinedayနေ့ နီးလာတော့ စင်ပေါ်မှာ စုံတွဲအဆိုလေးတွေ ဖျော်ဖြေသည် ထင်ပါရဲ့။

တစ်ဆိုင်လုံးလည်း အသည်းပုံပူဖောင်းတွေ၊ မြားနတ်မောင်ရုပ်ပုံတွေ ရှုပ်ယှက်ခတ်လို့။

ခဏအကြာမှာ အော်ဂင်သမား၊ ဂစ်တာတီးသမားတို့ အသင့်ဖြစ်နေပြီ. . .။

ပြီးလျှင် မိန်းကလေးတစ်ဦး ဖျတ်ခနဲ ပြေးတက်လာ၏။

မဟော်ဂနီရောင် ဆံနွယ်ခွေခွေကောက်ကောက်လေးတွေ ပုခုံးပေါ် ဖြာကျလျက်၊ မျက်နှာလေးကလည်း ဆွဲဆောင်မှုရှိရှိ ခပ်မိုက်မိုက်လေး ဖြစ်သည်။ နားကွင်းအဝိုင်းကြီးကြီးနှင့် ပေါ်လွင်နေသော နှာတံလေးနှင့် နှုတ်ခမ်းထူထူလေးနှင့်မို့ ထင်းခနဲနေအောင် လှပါသည်။

ဝတ်ထားတာက ကော်ဖီရောင် ရင်ပြတ်အင်္ကျီရှည်ကြီးလေးနှင့် စကဒ်က အတိုအဖြူ အထပ်ထပ်နှင့် လေဒီရှူးအဖြူလေးကို စီးထားသည်။

ပြီးလျှင် ထိုင်ခုံအဖြူလေးပေါ် ရွရွလေး စတိုင်ကျကျ ဒူးချိတ် ထိုင်လိုက်ပါသည်။





သူမနှင့် တွဲဖက်သီဆိုမည့်သူက ခေါင်းဆောင်းပါသော တီရှပ်အနက်နှင့် ဂျင်းဘောင်းဘီအနက်ကို ဝတ်ထားကာ ဂစ်တာကြိုးကို ဆလွယ်သိုင်းလိုက်ပါသည်။

"ဟာ. . . နေဘွိုင်း. . . အဲဒါ သူပဲကွ"

"ဘယ်သူလဲ"

"အခု စင်ပေါ် တက်သွားတာ"

မိုးယံက တအံ့တဩ ညွှန်ပြသည်။

"အဆိုတော်လား၊ အတီးသမားလား"

"အခု ဆိုမယ့်သူ. . ."

နေဘွိုင်းက သေချာကြည့်သည်။ သူတို့က နောက်ဆုံးနားက ဝိုင်းမှာမို့ စင်နှင့် အလှမ်းဝေးပါသည်။

သို့သော် သားသားနားနားနှင့် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိဟန်တူသော ထိုလူရဲ့ အရှိန်အဝါကိုတော့ သူ အသိအမှတ်ပြုလိုက်ရသည်။

"သေချာရဲ့လားကွာ"

"မယုံရင် ကျော်လွင် မေးကြည့် ဟောကောင်. . . အဲဒါ ဒီဆိုင်က လူကြီး မဟုတ်လား၊ မင်း မှတ်မိတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ . . . ဟုတ်သလိုလိုပဲ"

သူတို့ တီးတိုးပြောင်းခုန်နေဆဲ စင်ပေါ်က စုံတွဲလေးက သီချင်းစ,ဆိုလေပြီ။

အချေအနေမဟုတ်ရင် မချစ်ရဘူးလို့ . . .
ပညတ်ချက်တွေ ရှိထားလား . . .
အချစ်ဆိုတာ ပြောရခက်တာမို့ . . .
တို့ချစ်မိတာ အပြစ်ရှိလား . . .

စွဲအားရှိပြီး အောင်မြင်ခန့်ညားသောအသံက အားလုံးကို လွှမ်းမိုးသွား၏။

မူရင်းအဆိုရှင် Rဇာနည်လားတောင် ထင်မှတ်မှားချင်စရာပါလား။

လူမှန်ရင်လေ အချစ်နဲ့မကင်းလို့ . . .
စွဲလန်းမိတာ လွန်လားဟေ့ . . .
အချစ်ဆိုတာ အကန့်အသတ်မရှိတာမို့ . . .
တို့ချစ်မိတာ အပြစ်ရှိလား . . .

အချေမြှုန်တွေကို မင်းစဉ်းစား . . . နောက်ဆုတ်မရတာ ငါ့သဘောထား မြေကြီးပေါ်ကို ရပ်ပြီး . . . ကောင်းကင်ကြီးကို မော့မော့ကြည့် . . .





အဝေးဆုံးထိကွာနေရသည်း မမုန်းမပိုင်ခုန်ဆဲ . . .
လူကြားထဲတောင် ခွဲခဲ့ပြီ . . . ချစ်ခဲ့မိတာ ငါ့အပြစ်ရှိ
ပိုပိုရှိ ငါချစ်ကြည့် . . . မင်းက မသိ . . . ရင်ထဲထိ
ဒီလိုနဲ့ စိတ်တွေနွမ်းနွမ်း . . . မင်းကို ငါ တမ်းတနေတုန်း
လွမ်းပိုလို့ ငါ ဖုန်းဆက်ကြည့် . . . လွမ်းခဲ့မိတာအပြစ်ရှိ
ချစ်ခဲ့မိတာ မင်းနဲ့ငါ ဖုန်းဆက်မိတာ လွမ်းလို့ပါ
ရင်ခုန်သံမှာ မင်းနဲ့စလို့ မင်းတစ်ယောက်တည်း ကိုယ်ချစ်တာ . . .

မိန်းကလေးအဆိုရှင်လေးကလည်း တွဲဖက်မိမိ သီဆိုနိုင်သည်။

သူတို့နှစ်ဦးပုံစံမှာလည်း လိုက်ဖက်ကြည့်ကောင်းနေပါသည်။

နေဘွိုင်းက မျက်မှောင်ကုပ်လျက် စဉ်းစားနေမိသည်။

ဒီလူကြီးဟာ ယိုးမယ်ကို ရဲတီတီနှင့် ရှိုးတယ်ဆိုတာ ဟုတ်မှုမလားဟုပင် တွေးနေမိတာ။

"သူက အဆိုတော်ထင်တယ်ကွ၊ မင်း လူမှားနေတာလား မိုးယံ"

"အား . . . မမှားပါဘူး၊ သူပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုန သူ့နာမည် ကြေညာလိုက်သေးလား"

ကျော်လွင်က အနားမှဖြတ်သွားသော ဝိတ်တာလေး တစ်ယောက်ကို ခေါ်ပြီး. . .

"ညီလေး . အခုဆိုတဲ့နှစ်ယောက်က ဘယ်သူလဲကွ၊ နာမည်တွေ သိချင်လို့"

"ဗျာ. . . ဪ၊ ကိုလက်ငင်းနဲ့ မရှင်ညိုပါ၊ အစ်ကိုနဲ့ အစ်မက ဒီဆိုင်ပိုင်ရှင်တွေပါ၊ ဝါသနာပါလို့ ဝင်ဖျော်ဖြေကြတာ ဗျ"

"ဪ. . . ဟုတ်လား"

"သူတို့က ဘာတော်လဲကွ၊ လင်မယားလား"

"ဟာ. . . မဟုတ်ပါဘူး"

ကျော်လွင်နှင့် မိုးယံက စားပွဲထိုးကောင်လေးကို သိချင်တာတွေ မေးကြည့်ကြတာ. . .

လက်ငင်းဆိုသူမှာ လူပျိုလူလွတ်ဖြစ်ကြောင်းသိရတာမို့ သူတို့ တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးပင့်ပြမိကြသည်။

လက်ငင်းအကြောင်းကို အတော်အတန်တော့ သိသွားရပြီ။





တကယ်သာ ယိုးမယ်ဖွဲ့ကို မရိုးမသားစိတ်ကူးရင်တော့ ယိုးမယ်အနားမှာ နေဘို့ငိုင်းရှိပြီးသားဆိုတာ ဒီလူကြီး သဘော ပေါက်စေရမည်။

သူကလွဲ၍ ယိုးမယ်ဖွဲ့ကို မည်သူမျှ မချစ်စေရ။

မပိုင်ဆိုင်စေရ။

တားမြစ်ချက်တော့ ရှိရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com

ယိုးမယ်ဖွဲ့ရဲ့ နွဲ့နှောင်းသိမ်မွေ့သော လမ်းလျှောက်ဟန်လေးကို သူ ရပ်ကြည့်နေမိသည်။

ချစ်သူလေးဟာ ဝတ်နေကျအတိုင်း စပို့ရှပ် လက်ရှည် အနက်လေးကို ဝတ်ထားပြီး၊ စကဒ်ကတော့ ကော်ဖီရောင်နှင့် အနက်ရောင် ကျားကွက်ပုံစံဒီဇိုင်း အသားပျော့ပျော့ ခပ်ထူထူလေးနှင့်. . .

ယိုးမယ် လမ်းလျှောက်ပုံလေးမှာ ကနွဲ့ကလျှနှင့် တစ်မျိုး ဆွဲဆောင်မှု ရှိသည်။

ဟတ်ရှူးအပါး အနက်ရောင်လေးကို စီးထားသလို ဒီညနေမှာ သူမက ဆံပင်လေး နှစ်ဖက်ခွဲကာ ကျစ်ဆံမြီးလေးပင် ကျစ်ထားသေးသည်။





နေဘိုရှိုင်းက ဒီနေ့က ကော်ဖီဆိုင် ယိုင်ရအောင်ဆိုသဖြင့် ဆင်းလာတာ။

သူက ကားအနီးမှာ လက်ပိုက်ရပ်လျက် ယိုးမယ်ကို စူးစူးစိုက်စိုက် ငေးမောကြည့်နေသည်။

အနားရောက်လျှင် ဘာမှမပြောဘဲ ကားတံခါးကို ဖွင့်ပေးသည်။

သူတို့အုပ်စုထဲမှာ နေဘိုရှိုင်းက ရူပါဆလွန်းကားလေး တစ်စီးကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်နိုင်သူ ဖြစ်သည်။

"ဒီနားပဲဆို. . . ဘိုရှိုင်း"

"တက်စမ်းပါ. . . တစ်နေရာ သွားရအောင်"

"ဘယ်ကိုလဲ. . . ယိုးမယ်က မာမီ့ကို ခဏလေးလို့ ပြောထွက်လာတာနော်"

"မကြာပါဘူးကွာ"

ယိုးမယ်က ကားပေါ်တက်ပြီးလျှင် သူက စက်နှိုးမောင်းထွက်လာရင်း. . .

"ပြန်ရောက်တတည်းက ငါတို့ အေးအေးဆေးဆေး တစ်ခါမှ မတွေ့ရသေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဘွိုင်းလည်း ကျူတိုရီယာယ်တစ်ခု လွတ်သွားသေးတယ် မို့လား"

"အဲဒါ အသာထားပါဦး၊ နင် ငါ့ကို သတိရလား ယိုးမယ်၊ ငါကတော့ နင့်မျက်နှာလေးပဲ လွမ်းနေမိတာ"

"လွမ်းတယ် . . . ဟုတ်လား၊ ယိုးမယ်တို့ ရည်းစားဖြစ်တာ ဘယ်နှစ်ရက်များ ကြာသေးလို့လဲ"

"ငါဖုန်းဆက်တော့လည်း အိမ်မှာ မရှိဘူး၊ ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဒီလိုပဲပေါ့ . . . အိမ်မှာပဲ အမြဲရှိရမလား"

"ငါသွားနေတုန်း ဘာတွေ ထူးသေးလဲလို့ပါ"

"ဘာထူးရမှာလဲ"

"နင့်ကို တစ်ခြားကောင်တွေဘာတွေ ကပ်နေမှာ စိုးလို့"

သူက သဝန်တိုသလို မေးသည်။

ယိုးမယ်က မလုံမလဲ ခပ်တိုးတိုး ရယ်မိသည်။

အာရုံထဲ ဖျတ်ခနဲပေါ်လာတာ ကိုလက်ငင်းရဲ့ရုပ်သွင် ပါပဲ။

သူ ဖုန်းလည်း မဆက်သေးဘူး . . .





"ဘာရယ်နေတာလဲ ယိုးမယ်၊ ငါ့ကို တ်ပူအောင်မလုပ်နဲ့ နော်"

"ဘာလုပ်လို့လဲ ဘွိုင်းရယ်၊ ပြဿနာပဲ"

"နင်က အရမ်းချစ်ဖို့ ကောင်းတယ်"

"ငါ အိချိုတို့လောက် အလှမပြင်ပါဘူးနော်"

"နင်က မပြင်ဘဲ လှနေတာ"

နေဘွိုင်းအပြောလေးကြောင့် ကြည်နူးမှုလေး ဖျတ်ခနဲ ရိုက်ခတ်သွားရသည်။

နွေးရှိချိုမြသော အကြည့်ငေးလေးကိုလည်း လွမ်းဆွတ် သတိရလိုက်မိပါသည်။

"ငါ စိတ်မချလို့ မိုးယံနဲ့ ကျော်လွင်ကိုတောင် သေချာ မှာထားခဲ့တာ"

သူ့စကားမှာ အယုံအကြည်မဲ့ခြင်း ပါဝင်နေသည်။

ချစ်တတ်တဲ့ နှလုံးသားတစ်ခုကို ဘွိုင်းက ဘာနဲ့များ ထိန်းချုပ်ထားချင်သေးလို့လဲ။

စိတ်ရဲ့ ရွက်လွှင့်ခြင်းကို ဘယ်သူကများ ခလုတ်နှိပ် တားမြစ်နိုင်မှာမို့လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ပိုယုံလို့ မှာတာပဲ၊ မှာရမှာပေါ့"

သူမ ရွှဲ့ပြောလိုက်မိသည်။

နေဘွိုင်းက မီးပွိုင့်မှာ ကားရပ်ရင်း ယိုးမယ်ဖက် လှည့်ကြည့်ကာ ရှုတ်တရက်. . .

"ငါတို့ ဒီည ရိုးမန့်စ်မှာ သွားထိုင်ရအောင်"

"ဟင်"

ယိုးမယ် သူ့ဖက် အလန့်တကြား ကြည့်လိုက်မိ၏။

သူကလည်း ယိုးမယ်ရဲ့အမူအယာကို အကဲခတ်သော မျက်ဝန်းတွေနှင့် ကြည့်လျှက်သား. . .

သူမက အမူအယာ မပျက်စေဘဲ. . .

"မသွားချင်ပါဘူး"

"ဘာလို့လဲ"

"မိုးပဲ ချုပ်တော့မယ်"

"အဲဒါမှ အေးအေးဆေးဆေး ရှိတာပေါ့"

"မာမီ့ကို မပြောခဲ့ဘူး"

"ရော့. . . ဖုန်းဆက်ပြောလိုက်"

သူက ဖျတ်ခနဲ ဟန်းဖုန်းကို ထိုးပေး၏။





"တခြားဆိုင် သွားချင်သွား၊ အဲဒီဆိုင်က ဘွိုင်း ခရီးသွားနေတုန်းက အိချိုစုံနဲ့ ထိုင်ပြီးသား"

"ငါနဲ့အတူတူ မထိုင်ရသေးဘူးလေ"

"ညဖက်ဆို လူများနေမှာ. . . မသွားချင်ဘူး"

ယိုးမယ်က ခေါင်းယမ်းပြီး တွင်တွင်ငြင်းနေပါသည်။

မတော်တဆ ကိုလက်ငင်းရှိနေလျှင် နေဘွိုင်းနှင့် သူ့ရှေ့အလိုလို ရောက်သွားမှာပေါ့. . .

မသိစေချင်သေးပါဘူး. . .

အသိပေးရင်တောင် ယိုးမယ်နှုတ်က အရင်ဖွင့်ပြောချင်သည်။

သူ့ရှေ့ကို ဖြုန်းခနဲ အတွဲနဲ့ရောက်သွားရစ် ယိုးမယ် ရက်စက်ရာကျလိမ့်မည်။

ကိုလက်ငင်းအပေါ် သူမ ဘယ်သောအခါမှ မရက်စက်နိုင်ပါ။

သူ့ရင်ထဲမှာ ယိုးမယ်ရှိတာ ယုံကြည်မိသလို ယိုးမယ့်ရင်ထဲမှာလည်း သူရှိနေတာ ယုံစေချင်ပါသည်။

ဆုံတာ မဆုံတာထက် တစ်ကဏ္ဍပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကကြီးမှာ ချစ်သောသူတိုင်း ဆုံဆည်းပေါင်းဖက်ခွင့်ရတာကတော့ ရှိချင်လည်း ရှိမယ်၊ မရှိချင်လည်း မရှိဘူးပေါ့။

ဒါပေမယ့် တိတ်တဆိတ် ချစ်ခွင့်လေးဆိုတာကတော့ လူတိုင်းအတွက် ရှိနိုင်ပါတယ်။

"ဘယ်လိုလဲ ယိုးမယ်၊ ဆိုင်လေးတစ်ဆိုင် သွားထိုင်ဖို့ ကိစ္စကို ဘာလို့ ဒီလောက် အသည်းအသန် ငြင်းနေရတာလဲ"

"လူရှုပ်တဲ့ဆိုင် မထိုင်ချင်ပါဘူးဆိုမှ. . ."

"Romance က လူရှင်းပါတယ်၊ ညဖက်ဆို Hollow Show လည်း ရှိတယ်ကွ"

"ဘွိုင်း . . . ဘယ်တုန်းက ရောက်လို့လဲ"

"မနေ့ညက"

"အဲဒါကို ဒီည ထပ်သွားမယ်၊ ဟုတ်လား"

"အဆိုတော်တစ်ယောက် အရမ်းအသံကောင်းလို့ သဘောကျနေတာ၊ ယိုးမယ်ကိုလည်း ပြချင်လို့ပါ"

"မကြည့်ချင်ပါဘူး. . . ယိုးမယ် ခေါင်းကိုက်နေတယ်"

"သီချင်းနားထောင်ရင်း အနားယူလိုက်ရင် အဆင်ပြေသွားမှာပါ"





"နေစမ်းပါဦး. . . ဘွိုင်းကရော ဘာကြောင့် ဒီလောက် သွားထိုင်ချင်နေရတာလဲ"

"ဟား. . . ဟား. . . သီချင်းဆိုတဲ့ မမတစ်ယောက် အရမ်းမိုက်လို့လေ"

"နှင် . . . မနောက်နဲ့နော် ဘွိုင်း"

သူက ပြောရင်းဆိုရင်းက ကားကို Romance ဆိုင်လေး ရှိရာဖက် ဦးတည်မောင်းခဲ့ပါသည်။

နေဘွိုင်းဟာ သူလုပ်ချင်တာ၊ သူဖြစ်ချင်တာကို နောက်မဆုတ် ဖွဲမလျှော့ဘဲ ဖြစ်အောင်လုပ်နေကျ။

ယိုးမယ်ဖွဲ့က မသွားချင်ဘူး ငြင်းဆန်လေ သူက မရအရ ဆွဲခေါ်သွားချင်လေ. . . ဆိုင်ရှေ့လမ်းကလေးမှာ ကားရပ်သော အခါ ယိုးမယ်စိတ်တွေက မွန်းကြပ်လေးလံသွားပါသည်။

"ဘွိုင်း. . . အသေးအဖွဲ့ကိစ္စလေးတစ်ခုမှာတောင် ငါ့ဆန္ဒက အရေးမပါဘူးလား ဟင်"

သူမ စိတ်ပျက်စွာ မေးမိသည်။

"အဲဒါပေါ့ဟ. . . အသေးအဖွဲ့လေးကို ယိုးမယ် ဘာလို့ အကြောက်အကန် တွန့်ဆုတ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေဘွိုင်းကလည်း နဂိုတုန်းက ဒီလောက် သံသယမခိုင်မာ။ လက်ငင်းဆိုတဲ့လူနဲ့ ပတ်သက်မှု မရှိနိုင်လောက်ဘူးလို့ပဲ ယူဆတာပါ။ ဒါပေမယ့် အခုတော့ သူ့အတွက် စဉ်းစားစရာ ဖြစ်လာသည်။

မိုးယံတို့ အရိပ်အမြွက်လောက် ပြောပြတဲ့သတင်းဟာ ဒီ့ထက်လည်း ပို့နက်ရှိုင်းနိုင်သေးတာပဲ။

ယိုးမယ်ဖွဲ့ကို လျှော့တွက်လို့ မရ. . .

မိန်းကလေးတစ်ယောက်က ပညာပြလှည့်စားတာတော့ သူ ဘယ်နည်းနဲ့မှ လက်မခံနိုင်။

ဘယ်လိုပဲဖြစ်ဖြစ် သူမအနားမှာ ကိုယ်က အရိပ်ကလေးလို အမြဲမပြတ် ရှိနေမှ ဖြစ်မည်။

သူတို့နှစ်ယောက် ကားပေါ်က မဆင်းခင် တစ်ယောက်ကိုတစ်ယောက် အားပြိုင်ကြည့်နေမိကြသည်။

နေဘွိုင်းဟာ ယိုးမယ်ထင်တာထက် ပိုသဝန်တိုတတ်ပြီး ပိုပြဿနာရှာတတ်သူပါလား။

ယိုးမယ် ဘာမှမလုပ်ရသေးဘဲ သူက ရန်လိုစိန်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။





ယိုးမယ်သည် ချစ်သူအပေါ် အထင်သေးစိတ်ပျက်ခြင်းကို စတင်ခံစားလာမိ၏။

"ကဲပါကွာ. . ခဏာဝင်ထိုင်ရုံလေးနဲ့ဘာဖြစ်မှာလဲ လာပါ"

သူမက ယိုးမယ်ပုခုံးစွန်းလေးကို တစ်ချက်ဆုပ်ကိုင်၍ ချော့မော့ခေါ်သည်။

ယိုးမယ်က နှုတ်ခမ်းလေး ဖိကိုက်၍ ကားတံခါး ဖွင့်ဆင်းလိုက်သည်။

ဒီလောက်တောင် အတင်းအကျပ် ခေါ်ချင်မှတော့ ငြင်းမနေတော့ပါဘူးလေ။

ကိုလက်ငင်းလည်း ရှိချင်မှ ရှိမှာပေါ့. . .

ထူးစံပြောတာတော့ သူတို့သုံငယ်ချင်း ငါးယောက်က ဆိုင်ကို အလှည့်ကျ အုပ်ချုပ်စီမံတယ်ဆိုတာပဲ။

ရင်ဆိုင်လိုက်တော့မည်ဆိုသောစိတ်နှင့် ရဲရဲဝံ့ဝံ့ပဲ လှမ်းဝင်လိုက်သည်။

နေဘွိုင်းက အကဲပိုကာ သူမလက်ကလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထား၏။ ဆိုင်ကလေးက နွေးထွေးစွာ ဆီးကြိုသည်။

ကံကောင်းသည်မှာ ကိုလက်ငင်း ရှိမနေ။



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်က ပင့်သက်ငွေ့ငွေ့လေး ခိုးရှိုက်ရင်းက အဆို စင်မြင့်လေးရှေ့က စားပွဲမှာပဲ ထိုင်လိုက်ပါသည်။ ထိုစားပွဲကို နေဘိုင်းက ရွေးချယ်တာ ဖြစ်သည်။

မနွေ့ညက ဗိတ်တာလေးကို မေးခဲ့သည်။

မနက်ဖြန်ညရော သူတို့ သီချင်းဆိုမှာလား သိချင်လို့ပါ။

"မနေ့ တနင်္ဂနွေ နှစ်ရက်လုံး ဆိုကြတယ်ဗျ" ဖြေသဖြင့် ဒီညမှာ ယိုးမယ်ကို ပါအောင်ခေါ်ခဲ့တာ။

ဘောလုံးပွဲ မလာသေးသဖြင့် တစ်ယောက်ပြီး တစ်ယောက် သီဆိုနေသည်။

စုံတွဲဆိုတဲ့ အလှည့်လည်း ဆိုပါသည်။

ယိုးမယ်က ကြွေနွှေရရနှင့် ပိုက်တ်လေးကို ဆော့ကစားရင်း ကိုလက်ငင်းများ ရောက်လာမလားဟု ရင်တထိတ်ထိတ် ဖြစ်နေမိသည်။

ထိုအချိန်မှာပဲ ရင်ထဲ ဒိန်းခနဲ မြည်အောင် တုန်သွားရပါ၏။

တင်. . .။

ဆိုင်အတွင်းဖက် တစ်နေရာကနေ သူက လမ်းကလေး





အတိုင်း ဘယ်ကိုမှ မကြည့်ဘဲ ခြေလှမ်းကျဲနှင့် လျှောက်လာပါသည်။

သူ ဦးတည်တဲ့နေရာက စင်မြင့်လေးရဲ့ လှေကားထစ်ဆီကို။

စင်ပေါ်မှာလည်း ခပ်ချောချော အစ်မကြီးတစ်ယောက်က မိုက်ကရိုဖုန်း ကိုင်ပြီး နွဲ့နွဲ့လေး ရပ်နေသည်။

သူ့ထံ ချစ်စရာကောင်းအောင် လှမ်းပြုံးပြနေသည်။

လက်ငင်းက ဖျတ်ခနဲ ခုန်တက်လာပြီး နောက်မိုက်ကရိုဖုန်း တစ်ခုကို သွားဖြုတ်ဆွဲယူလာ၏။

ယိုးမယ်သည် သူ့လှုပ်ရှားမှုကို ခင်သက်စွာ စိုက်ကြည့်နေမိသည်။ အင်ထရိုဝင်လာတာက လွဲနေတဲ့ဆုံမှတ်များ သီချင်း။

လာလာ. . . လာ့တ လာလာ လာဘ

ကိုယ့်တဝရဲ့ နေ့တွေရယ်. . . ကိုယ့်တဝရဲ့ ညတွေတိုင်း

တိတ်တဆိတ်နဲ့ အချစ်ဝင်လာတာ. . .

တိတ်တဆိတ်နဲ့ အချစ်ထွက်သွား. . .

ရှင်ညိုက သူ့ဟန်အတိုင်း ပုခုံးလေးကို စည်းချက်နှင့် ဖြေးဖြေးလှုပ်ကာ ဗီလင်အပြည့်နှင့် စတင် သီဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ငင်းက ရှင်ညိုကို ပြုံးကြည့်ပြီးမှ ဒီဖက်ကို အမှတ်မထင် ပြန်လှည့်တော့ ရုတ်တရက် အငိုက်မိကာ သူ့မျက်နှာ ကွက်ခနဲ ပျက်သွားရသည်။

မြင်ကွင်းထဲက စုံတွဲလေးဟာ နီးနီးကပ်ကပ်ပဲ သူ့ကို ကြည့်ရှုနေကြသည်။

သူကသာ စားသုံးသူ ပရိသတ်ကို သိပ်သတိမထားတတ်တဲ့ အကျင့်အတိုင်း အခုမှ ပြုံးခနဲ မြင်တာ. . .။

ထိုစ်ခုံချင်း ပူးကပ်နေရုံမက ကောင်လေးက ယိုးမယ် ထိုင်ခုံကိုပင် ပိုင်စိုးပိုင်နင်း လက်ထောက်ထားသည်။

အဲဒီ ကုလားထိုင်ရဲ့ နောက်စာန်းဟာ ယိုးမယ်ခါးလေးနှင့် ထိနေသည် မဟုတ်လား။

လက်ငင်းသည် သူဆိုရမည့်နေရာမှာ မမှားအောင် မနည်း သတိထား ဆိုလိုက်ရပေမယ့် ရှင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိချေ။

ရှက်ခံပြင်းခြင်းရဲ့နောက်မှာ တစ်ဆက်တည်း ကပ်လိုက်လာတာက ဝမ်းနည်းကြေကွဲ နာကြည်းမြောမိခြင်းပဲ. . .။

ယိုးမယ်လေးရယ်. . .။





မှိုင်းညို့သော မျက်နှာကို သူမ မမြင်စေလို. . .။

ရုတ်တရက် ခေါင်းငုံ့ချလိုက်သော လက်ငင်းပုံစံကြောင့် ယိုးမယ် မျက်နှာလေးဟာ ရင်ထဲမှာ မချိမဆန့် ဝမ်းနည်း နာကျင်သွားမိသည်။

ကိုကြီး အထင်လွဲသွားပြီ. . .။

သူမ ဘယ်လို ရှင်းပြတောင်းပန်ရမလဲ. . .။

"လက်ငင်းနဲ့ သီလိုလား ယိုးမယ်. . ."

အနီးကပ် ထွက်ပေါ်လာတဲ့ နေဘွိုင်း မေးခွန်းကို သူမ မဖြေမိ။

ကိုလက်ငင်း နံဘေးမှာလည်း အပေးအယူညီမျှပြီး အင်မတန် တရင်းတနှီးဟန် ပေါက်တဲ့ တွဲဖက် အဆိုရှင်မမတစ်ဦး ရှိနေပါလား။

ဒါဟာ. . . ယိုးမယ် မမြင်ဘူးသေးတဲ့ မရှင်ညိုပဲ ဖြစ်မည်။

သူတို့နှစ်ယောက်ကရော ရိုးမှ ရိုးပါရဲ့လား. . .။

မရှင်ညိုရဲ့ အပြုံးနုနုလေးက သိပ်ကို ချိုမြိန်နွေးထွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုရင်း မော့မော့ကြည့်လိုက်တဲ့ သဏ္ဌာန်မှာကိုက သက်ဝင်ငြိတွယ်မှု တစ်ခု ပါဝင်နေတာ၊ ယိုးမယ် သတိပြုမိသည်။

ထို့ကြောင့်လည်း ဝန်တိုပူလောင်ခြင်းနှင့် ပူမ အသည်းမှာ တဆတ်ဆတ် တုန်ခါမောပန်းလာမိသည်။

ကိုကြီးရဲ့ နံဘေးမှာ ဘယ်မိန်းကလေးတို့မှ မမြင်လို။

ထို့အတူပဲ ယိုးမယ်ဘေးက နေဘွိုင်းကိုလည်း သူ မြင်လိုမှာ မဟုတ်တာ သေချာသည်။

ဒါကို အဘယ်လိုလုပ်ရပါ့မလဲ။

"ယိုးမယ်. . ."

"ဘာလဲ"

"သူ့ကို သိနေတယ် မဟုတ်လား. . ."

နေဘွိုင်းကလည်း သူမထံ တိုးကပ်၍ သိချင်တာကိုသာ ဖွစ်မေးနေပါသည်။

"ဘာလို့ မေးတာလဲ"

"ဒီလူနဲ့ တီးမှာစိုးလို့ ငါနဲ့အတူတူ မလာချင်တာ မဟုတ်လား"

"မိုးယံတို့ နင့်ကို ဘာပြောလို့လဲ"





"နင်တို့ မျက်လုံးချင်း ငြိနေတယ်လို့ ပြောတယ်"

"အဲဒီတော့. . . နင်က ဘာဖြစ်ချင်တာလဲ"

"စိတ်မဆိုးနဲ့ဦးလေ. . . အေးအေး ဖြေရှင်းနေတာ"

"မလိုဘူးလေ. . . နေဘွိုင်း၊ ဒါ ဖြေရှင်းရမယ့်ကိစ္စမှ မဟုတ်တာ"

"ချစ်ရင် သဝန်တိုတာ ထုံးစံပဲ"

သူက သီချင်းသံကြားမှာ သဲကွဲအောင် ယိုးမယ် နားနားကပ် ပြောနေတာ ဖြစ်သည်။

"အဲလောက်ထိ ချုပ်ချယ်ဖို့ မစဉ်းစားနဲ့"

ယိုးမယ် စိတ်ထဲမှာလည်း တင်းခနဲ ဖြစ်သွားရသည်။

ဒီလို ကန့်သတ်အမိန့်ပေးတတ်သူတစ်ယောက်နဲ့ ဘယ်လို ရှေ့ဆက်သွားမှာလဲ။

မဖြစ်နိုင်ပါဘူး. . . ။

သူ့ကို ယိုးမယ်က လက်ထပ်ထားတာ မဟုတ်။ သမီးရည်းစား ဖြစ်ကြတာပင် ရက်ပိုင်းလောက်ပဲ ရှိသေးတာ။

သူ ဒီလို ပိုင်စိုးလွှမ်းမိုး ချောင်ပိတ်ထားဘာကို ဘယ်နည်းနှင့်မှ လက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်ဆီမှာ လွတ်လပ်ခွင့် ရှိသေးသည်။

သင်ခန်းစာကြီးကြီး တစ်ခုလည်း ရသွားပါပြီ။

ယောက်ျားတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ အများကြီး စဉ်းစားရပါတော့မည်။

သူမ လွယ်လွယ်ဆုံးဖြတ်ရဲတော့မှာ မဟုတ်။

ဆုံမှတ်တို့ လွဲနေ . . . တာမြစ်ချက်တို့ ရှိနေပြီ . . .

ချစ်လျက်နဲ့ . . . ဆုံမှတ်တို့ တွေ့နိုင်မှာ

ပင်နှံတို့ လွဲနေ ချစ်လျက်နဲ့ . . .

မြင်နေတယ် . . .

အောင်ခေါ်ပြီး ပြောချင်လည်း . . .

အားမရှိတဲ့ စကားတို့နဲ့

လှိုက်ချက် ရှိခဲ့တော့ . . .

နေထိုင်ပြီး . . . ပိုချစ် . . .

လက်ငင်းက မျက်နှာငယ်စွာ သီဆိုခြင်းအပြီးမှာ အောင်ဆင်းတော့ဖို့ ရည်ရွယ်သည်။

နောက်တစ်ပုဒ်က ရှင်ညို တစ်ယောက်တည်း ဆိုရမှာ

သို့သော် သူ ဆင်းခွင့်မသာခဲ့ပါ. . . ။





နေဘိုင်းက ပိတ်တာလေးမှတစ်ဆင့် သူတို့နှစ်ဦးကို ဆုတောင်ငွေ ချီးမြှင့်ပြီး နောက်တစ်ခေါက် ဆိုပေးဖို့ ရီရွှက်စ်လုပ်လိုက်လေသည်။

ထိုအခိုက် သူ့ထံ ကြည့်နေပုံကလည်း ရိုတိုတိ မထီတရီနှင့် အဓိပ္ပာယ်တစ်ခု ရှိနေသည်။

သို့သော် သူက မသိသလိုသာ ဟန်ဆောင်နေလိုက်ပါသည်။

အချစ်နဲ့ ပတ်သက်ပြီး တစ်စုံတစ်ယောက်နှင့် ပြိုင်ဆိုင်လိုခြင်း မရှိပါ. . . ။

ကိုယ်. . . သူကလေးအပေါ် မြတ်နိုးမိတာဟာ သန့်စင်အေးမြသော မေတ္တာစိတ် အရင်းခံနှင့်ပါ. . . ။

သို့သော် သူ့ဇာတာမှာ အနှောက်အယှက်၊ အတိုက်အခံတို့ ရှိတတ်မြဲ ထုံးစံကြောင့် အချစ်ရေးမှာလည်း ပွဲတောင်မစခင် အနှောက်အယှက်က ဝင်နေလေပြီ. . . ။

ဒီတစ်ကြိမ်မှာ အထိနာ အသည်းကွဲဖို့ ရှိခဲ့ပြီလား။

စိတ်မပါပေမယ့် လွဲနေတဲ့ ဆုံမှတ်များကိုပဲ နှစ်ယောက်သား ထပ်တစ်ကြိမ် ပြန်ဆိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ ရှင်ညိုကတော့ သိမှာ မဟုတ်ပါ။

ဆိုလို့ပြီးကာနီး ယိုးမယ်ထံ တစ်ချက်ကြည့်တော့ သူက လေး မျက်နှာမှာ စူပုတ် တင်းမာနေတာ တွေ့ရသည်။

ဘာတွေ ဖြစ်နေတာလဲကွာ . . .။

ကိုယ် မင်းကို ချစ်တယ်ဆိုတာတောင် ဖွင့်မပြောရသေး ပါဘူး။



"ငါ ဘာမှ မပြောပါဘူးဟာ၊ ဒါ မိုးယံတို့ နေ့ဘွဲ့ဂင်းကို သက်သက်မဲ့ ကြွပ်ပေးတာပဲ ဖြစ်မယ်"

ယိုးမယ် မျက်နှာလေးက စိတ်ရှုပ်ရသလို ရှုံ့မဲ့နေ၏။

ညက အဖြစ်အပျက်ကို ထူးစံကို ပြန်ပြောပြတော့ ထူးစံ လည်း အံ့သြနေသည်။

"စိတ်ညစ်ပါတယ် ထူးစံရယ် . . . ငါတောင် ဘာမှမလှုပ် ရသေးဘူး၊ သူက ပေါက်နေတယ်၊ အဲလောက်ကြီး ငါ့ကို ပြသနာ ရှာရင်တော့ ငါ သူ့ကို ဖြတ်လိုက်တော့မယ်"

"နင် နဂိုကတည်းက ဖြတ်ချင်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထူးစံက သူမစိတ် ပေါ့ပါးသွားအောင် ပြုံးစိစိနှင့် မေးလိုက်ပါသည်။

"ဟုတ်တယ်လေ. . . အရင်က ဘက်ခ်ပြန်ဆုတ်ချင်ရင်တောင် အားနာပါးနာနဲ့ ချင့်ချိန်တွန့်ဆုတ်နေမိဦးမယ်၊ အခုကတော့ (get out) ဂက်အောက် လုပ်ဖို့ သိပ်ဝန်မလေးတော့ဘူး၊ ဒါက သူ ဖန်တီးတာပဲလေ"

"ကိုလက်ငင်းဖက်က အခြေအနေကရော. . ."

"သူ့ဖက်က ဘာမှမဟုတ်ဘဲနဲ့ကို နေ့ဘ္ဂိုင်းက ကျိုင်ရှာနေတာ"

"သူလည်း စိုးရိမ်လို့ ဖြစ်မှာပေါ့ဟယ်. . ."

"ယောက်ျားဆိုတာ တော်တော် အတ္တကြီးပါလား"

"အေးလေ. . . ဟိုက ကြည့်ရုံလေး၊ စကားပြောဖူးရုံလေး ရှိသေးတာကိုနော်. . ."

"ဒါတောင် နင့်အစ်မသူငယ်ချင်းဆိုတာ မသိသေးလို့"

"အေးဟဲ့. . . သိရင် ဒီကောင် ငါ့တောင် ဘာရန်လုပ်ဦးမလဲ မသိဘူး"

ထူးစံက ခုကတည်းက ပုခုံး တွန့်ပြနေ၏။





"စကားမစပ်မိလို့ မပြောမိဘူးပေါ့၊ ဒါပဲပေါ့. . . နင်နဲ့ အလွတ်ကြီးပါ ထူးစံရာ. . ."

"အေးလေ. . . သူက ကြိုတင် ပိတ်ပင်နေတယ်ဆိုတော့လည်း နင် ကိုလက်ငင်းနဲ့ မပတ်သက်ရုံဘဲပေါ့၊ အခုအတိုင်းပဲ အေးအေးဆေးဆေး နေလိုက်တော့ ယိုးမယ်ရေ. . .၊ ကိုလက်ငင်းလည်း နင့်မှာ ရည်းစားရှိတာ သိသွားပြီပဲ၊ သူလည်း အလိုလို နောက်ဆုတ်ပြီးသား နေမှာပါ၊ ဇာတ်လမ်းက ဒီမှာပဲ ပြီးသွားတော့ ပေါ့ဟယ်"

ယိုးမယ်လည်း ခေါင်းညိတ်မိကာ. . .

"အခုရော . . . သူ့ဖက်က ဘာများဇာတ်လမ်းရှာရ သေးလို့လဲ၊ သူ့နားမှာလည်း မရှင်ညို ရှိနေတဲ့ပုံပါ"

ထိုစကားကိုတော့ ယိုးမယ်က တိုးတိတ်စွာ စိတ်ထဲခိုက် ရသလို ဆိုမိသည်။

တကယ်တော့ စတောင် မစရသေးဘဲ ပြီးကွဲပျက်စီးရတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ ထူးစံရယ်. . .။

"နင် မေ့နိုင်ရင် ပြီးတာပဲ"

"မမေ့နိုင်စရာလည်း မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်ကလည်း ထိုကိစ္စတို့ကို ပြီးပြီးပျောက်ပျောက် မေ့ထားလိုက်ဖို့ပဲ စဉ်းစားပြီးသားပါ။

Romance ကိုလည်း နောက်ထပ် မသွားတော့ဘူး။

ကိုလက်ငင်းနဲ့လည်း တွေ့စရာ မရှိတော့ပါဘူး။

နေဘွိုင်းလည်း ကျေနပ်သွားမှာပါ။

ယိုးမယ် ရင်ထဲမှာတော့ တစ်ခါတစ်ခါ လွမ်းမိဦးမှာပါ ကိုကြီးရယ် . . .။

ဖွင့်ပြောခွင့်ရမှ အချစ်မဟုတ်သလို အဖြေပေးခွင့်ရမှလည်း အချစ်မဟုတ်ပါဘူး။

တစ်ဖက်ကလည်း ဖွင့်ဟခွင့်မရဘဲ တခြားတစ်ဖက်ကလည်း တုန့်ပြန်ခွင့် မရပေမယ့်လည်း အချစ်တစ်ခု ရှင်သန်တည်မြဲနေရင်ရော မဖြစ်နိုင်ဘူးတဲ့လား။

သက်ဆိုင်ဝတ်သက်သူ ကိုယ်စီရှိပြီးသားမို့ ရှေ့ဆက်ခွင့် မရှိဘူးဆိုရင်လည်း ရင်ထဲကပဲ တိတ်တိတ်ကလေး ချစ်သွားကြရအောင်နော်။

"ယိုးမယ် . . ."

"ဟင်"





"မေ့ထားမယ်ဆိုပြီး ဘာတွေ ဆွေးနေတာလဲ"

"မဆွေးပါဘူး . . . ထူးစံရယ် . . ."

"ခါတိုင်းလိုပဲ အားလုံး ပျော်ပျော်နေကြရအောင်"

"ငါ နေဘွိုင်းကို မခေါ်ဘူး"

"မနေ့က နင် စိတ်ကောက်နေဘယ်ဆိုပြီး သူ့ခမျာ ခြောင်းဆန်နေတာပဲ"

"ငါ သူ့ကို ချစ်တာ မဟုတ်ဘူး ထင်တယ်"

"အခုမှတော့ မထူးပါဘူး၊ ဆက်ချစ်လိုက်ပါတော့ ဟယ်"

"ဆက်ချစ်သွားတော့ရော အဆင်ပြေပါ့မလား၊ သူ့ပုံစံ သူ့စိတ်ထားတွေ ငါ မကြိုက်ဘူး"

"နင်က ကြိုက်တာ တွေ့သွားပြီကိုး . . ."

ဖြစ်နိုင်ပါသည်။ မချစ်တော့လည်း အပြစ်မြင်လာခဲ့ပြီလို့ ဆိုချင်မှာပဲ။ သို့သော် အရင်က မမြင်သာသော သူ့သဘောထားတို့ကို ယိုးမယ် ကွက်ကွက်ကွင်းကွင်း မြင်လာခဲ့တာ အမှန်ပဲ ဖြစ်သည်။

နေဘွိုင်းဟာ အတ္တကြီးသည်၊ လောဘကြီးသည်။ ခွင့်လွှတ် နားလည်နိုင်စွမ်းဆိုတာ သူ့မှာ လုံးဝမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူက တစ်ဖက်သားအပေါ် စော်ကားနှိမ့်ချ အနိုင်ပိုင်းချင်သေးသည်။

သူ့ရဲ့ ဆိုးကွက်တွေပဲ တစ်ခုချင်း မြင်နေပြီး ကောင်းကွက်က ရှာလို့ မရချင်ပေ။

"ငါ ပြောတာ မှန်တယ်မို့လား"

"ဟင်"

"နင်ကြိုက်တာ ကိုလက်ငင်းပဲ"

ထူးစံစကားကို သူမ မငြင်း။

ဆိတ်ဆိတ်နေတာ ဝန်ခံခြင်းပဲလို့ ထင်ချင်လည်း ထင်ပါစေတော့။

"ဒါပေမယ့်ဟာ လက်တွေ့ဘဝမှာ ကိုယ့်အနား ဘယ်သူရှိသလဲဆိုတာက ပိုပြီး အရေးကြီးပါတယ်၊ တော်ကြာနေ ဘွိုင်းနင့်ကို တဖွဖွ လာချော့ပါလိမ့်မယ်၊ အဲဒီကျရင် နင်က ပျော့ပါသွားမှာပဲလေ. . . မဆန်းပါဘူး"

"ကြည့်နေပေါ့. . . အကြာကြီး မခေါ်ဘူး"

"မချစ်နဲ့ ပတ်သက်ရင် စိတ်ဆိုတာ ယိုင်လွယ်ပါတယ်ဟာ၊ ငါတောင် ကိုကို့ကို ကျောင်းပြီးမှ လက်ခံမယ်လို့ စဉ်းစားထားတာ တစ်ကယ်တမ်း သူက ပူဆာတော့လည်း အဖြေပေးလိုက်မိတာပဲ"





ထူးစံက သူ့ကိုယ်တွေ့ ခံစားချက်နှင့် ယှဉ်ပြီး မှတ်ချက်ပြုနေသည်။

အားလုံးဟာလည်း အချစ်နဲ့ ပတ်သက်ရင် ကိုယ့်သတ်မှတ်ချက်နှင့် ကိုယ်. . . ကိုယ့်ခံစားချက်နှင့် ကိုယ်ချည်းဝဲပေါ့။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေက သူမကို နေဘွိုင်းနှင့် ပြတ်သွားစေချင်မှာ မဟုတ်တာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com

ယိုးမယ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာဟာ ရိုးမြေကျ တည်တံ့ခိုင်မြဲမည်ဟု မသေချာသော်လည်း တကယ်တမ်း သူက ပန်းစည်းလက်ဆောင်လေးနှင့် လာချော့လိုက်တော့လည်း စိတ်က ပြေချင်ချင် ဖြစ်သွားပါသည်။

အထူးသဖြင့် ဘာလင်တိုင်း နီးလာတဲ့အခါမှာ ကိုယ့်နံဘေး ဂရုစိုက်ဖော်လေး ရှိနေတဲ့ အရသာကိုပဲ သူမက ရောင့်ရဲလိုက်ပါ သည်။

နေဘွိုင်းကို ကျောင်းမှာလည်း တွေ့ရသည်။ ညနေ အပြန်ဆိုလည်း သူ့ကားလေးနှင့် အားလုံးကို ခေါ်တင်ပြီး ဆိုင် တစ်ခုခုကို သွားထိုင်ကြသည်။





ပြီးတော့ နှုတ်ဆက်လမ်းခွဲ အိမ်ပြန်ပြီးရင်လည်း ည ကိုးနာရီလောက်ဆို ဖုန်း မှန်မှန်ဆက်သေးသည်။

လက်ရှိ နီးစပ်ပတ်သက်နေသူကို ကျော်လွန်၍ တခြား အသစ်တစ်ဦးအပေါ် စိတ်ညွှတ်တမ်းတနေဖို့ဆိုတာ သိပ်မဖြစ်နိုင် ဟု ယိုးမယ် ထင်လာသည်။

ရင်ထဲ တစ်ထောင့်တစ်နေရာမှာတော့ ကိုလက်ငင်းက ရှိနေဆဲပါ။

သူနှင့်များ တစ်နေရာမှာ မတော်တဆ လာကြုံဆုံဦး မှာလားဟု သွားလေရာမှာ သတိထား ကြည့်နေမိတာမှာလည်း ရယ်ချင်စရာ ခံစားချက်တစ်ခုပဲလား မသိ

ယောင်ချာချာနှင့် အဓိပ္ပာယ်တော့ မဲ့သည်။

အင်း. . . ငါ့အနားမှာ ရှိသင့်တဲ့သူက နေဘွိုင်းမို့လို့. . သူပဲ ရှိနေတာပေါ့လေ။

မတတ်နိုင်ပါဘူး. . လက်ရှိ ချစ်သူကိုပဲ တန်ဖိုးထားပြီး လက်တွဲနိုင်ဖို့ ကြိုးစားရမှာပဲ။

ကိုလက်ငင်းဆိုတာလည်း မရှင်ညို အတွက် ဖြစ်ချင်ဖြစ် နေမှာပါ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဟာ ဘယ်သူ့အတွက်ဟု လောကကြီးက သတ်မှတ်ပေးထားပြီးသားဆိုရင် ဒါကို ငြင်းဆန်နေတာဟာ မိုက်မဲခြင်းဒုက္ခတစ်မျိုးပေါ့တဲ့။

သူတို့ပြောတဲ့အတိုင်း ယိုးမယ်အတွက် သတ်မှတ်ချက်က နေဘွိုင်းပဲ ဖြစ်မလား။

အရင်ကဆိုရင် သူငယ်ချင်းတွေနှင့် ပေဒင်ဆိုတာ အပျော်သဘောလောက် မေးတတ်တဲ့ ယိုးမယ်ဟာ အခုတော့ စိတ်ထဲမှာ သိမ်မွန်အောင် ဟောနိုင်တဲ့ အကြားအမြင်ဆရာ တစ်ယောက်လောက် တွေ့ချင်လာပါသည်။

'ဖူးစာရှင်ဟာ ဒီကောင်လေး မဟုတ်သေးဘူးကွယ်' ဟု ပိုင်နိုင် သေချာတပ်အပ် ဟောပြောပေးနိုင်တာကို ကြားချင်မိတာ ဝန်ခံပါသည်။

ကိုယ် ဖြစ်ချင်တာနဲ့ ကိုယ်ဖြစ်နေတာတွေဟာ အမြဲပဲ လွဲနေတာလားပင် မသိ။

စိတ်တူကိုယ်တူနှင့် တစ်ယောက်အပေါ် တစ်ယောက် အဆုံးစွန် နားလည်ပေးနိုင်ကြတဲ့ ရင်ခုန်ဘက်တွေ မဖြစ်ခဲ့တာတော့ မတတ်နိုင်ပါ။

◆ ဥာဏ်ဝင်းစာပေ ◆



ယိုးမယ်သည် ကိုယ့်ရင်ထဲက အချစ်ဆိုတာ ဘယ်လိုဟာမျိုးလဲဟု စတင် ဆန်းစစ်တီးခေါက်မိခဲ့ပြီ။

ကိုလက်ငင်းကို စိတ်ဝင်စားသလိုမျိုး နေဘွိုင်းကို စိတ်မဝင်စားနိုင်ဘူးဆိုတာ ယူမကိုယ် သူမ သေချာခဲ့ချိန်မှာ ဘေးက လူတွေက သူမရဲ့ အဖော်ဟာ နေဘွိုင်းပဲဖြစ်တာ မျက်မှန်းတန်း မှတ်မိနေခဲ့ပြီ။

လက်ရှိအခြေအနေကနေ ရုန်းထွက်ဖို့ဆိုတာမှာ ဆင်သလောက် မလွယ်ကူချေ။

သူငယ်ချင်းတွေနှင့်အတူ သွားလာလည်ပတ်ရင်းက နေဘွိုင်းနှင့်လည်း မသိမသာ အလိုလို ပြန်ပြီး ပြေလည်ခဲ့ရပါသည်။

ကျောင်းဝိတ်ရက်မှာ ပလာဇာတွေ၊ ဝင်တာတွေ ဈေးပင်းမောတွေ သွားလာရင်းက ဈေးပင်းမောကြီးတစ်ခုရဲ့ **Valentine day** အထိမ်းအမှတ် အဆိုပြိုင်ပွဲ ကြော်ငြာဘုတ်ကြီးတွေ့လျှင် ကျော်လွင်က စတင်ပြီး. . .

"ဟာ . . . ကြည့်စမ်း၊ သန္တာလေးရေ. . . ငါတို့ဝင်ဆိုကြရင် မကောင်းဘူးလား"

◆ ဥာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



သန္တာက ရှုံ့မဲ့ပြီး . . .

"မကောင်းပါဘူး . . ဆိုမှ မဆိုတတ်တာ"

"ဘာပဲဖြစ်ဖြစ် အတွေ့အကြုံပေါ့ကွာ နော်၊ အဆိုပြိုင်ပွဲဝင်ဖို့ လျှောက်လွှာ တင်ကြရအောင်"

"ဟင့်အင်း . . နင့်ဘာသာ သွားတင်"

အားလုံးရှေ့မှာဆိုတော့ သန္တာက နင်နှင့်ငါနှင့်ပဲ ပြောတာ။

နှစ်ယောက်ချင်းဆိုရင်တော့ 'သန္တာကလေ' 'မောင်ကလေ' နှင့် ခွဲနေကြတာ။

သူတို့ဖုန်း ခိုးနားထောင်လို့ သိပြီးသား။

သူတို့ထဲမှာ ကျော်လွင်က အားလုံးပွဲ ကြိုက်သလိုဂစ်တာ အတီးလည်း ကောင်းသူပါ။

မိုးယံက သီချင်းဝါသနာ သိပ်မပါ။

ဒါကြောင့် ကျော်လွင်က . . .

"နေဘွိုင်း . . . မင်းနဲ့ငါနဲ့ ဝင်ပြိုင်ကြမယ်ကွာ၊ ဘယ်လိုလဲ"

နေဘွိုင်းက ဘာမှ မဖြေသေးခင် . . .။





"ဘွိုင်း ဆိုရင် . . . ယိုးမယ်လည်း ဆိုမယ်နော်"

"ဟာ . . . အိုကေပဲ၊ ငါနဲ့ ယိုးမယ်နဲ့ အဖော်ရပြီ"

ကျော်လွင့်စကားကြောင့် . . .

"ဟဲ့ . . . ဆိုရမှာက ဘယ်နှေအတွက်လဲ စဉ်းစားဦး၊ တိုယ့်အတွဲနဲ့ ကိုယ်ဆိုပေါ့"

အိချိုက ဝင်သတိပေးလိုက်၏။

ကျော်လွင်နှင့် ယိုးမယ် အတူဆိုလို့ကော ဘယ်ဖြစ်မလဲ။ တော်ကြာ သန္တာ မျက်နှာညိုနေမှာပေါ့။

နေဘွိုင်းသည် ထိုသို့ ပြိုင်ပွဲဝင်တာတွေဘာတွေ လုံးဝစိတ်မဝင်စားပေမယ့် ယိုးမယ် တက်တက်ကြွကြွ ပြောတာလေးကိုလိုက်လျောလိုသဖြင့် . . .

"ငါတို့ကလည်း ကိုယ့်အတွဲနဲ့ ကိုယ် ဝင်ပြိုင်မှာပါ၊ ကျော်လွင်ကြီးသာ ဘာကိုပဲ့နေတာ"

"ပဲ့လည်း ပဲ့ပေါ့ကွာ. . . ဘာဖြစ်လဲ"

"ဒါဆို သွားစုံစမ်း ကြည့်ရအောင်"

"အေး . . လာ . . လာ"

ထိုနေ့က ထူးစံ မပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ သုံးတွဲမဲ ရွှေပင်းမော စင်တာကြီးရဲ့ ရှုံ့ခန်းပေါ် တက်သွားကြတာ။

ဟိုရောက်တော့ လာလျှောက်တဲ့သူတွေ အခန်းပြည့်နေသည်။ ဝါသနာရှင် အဆိုတော်တွေက များလိုက်တာ။

လျှောက်လွှာပုံစံ ဖြည့်၊ ဓာတ်ပုံကပ်နှင့် ပျော်ပျော်ပါးပါး ပင် သုံးယောက်သား အလုပ်ရှုပ်သွားကြပါသည်။

တကယ်က တစ်ယောက်တည်း ဆိုလည်း ရသည်။ စုံတွဲ ဆိုလည်း ရသည်။ ကျော်လွင်က သူ ဆိုမည့် သီချင်းကို ရွေးသည်။

စည်သူလွင် သီချင်းတို့၊ ဝိုင်ဝိုင်း သီချင်းတို့က ကျော်လွင့် အသံနှင့် လိုက်ဖက်သည်။

နေဘွိုင်းကတော့ R-ဇာနည် သီချင်းတွေထဲက ရွေးချယ်ဖို့ စဉ်းစားမိသည်။

ဆုရရ မရရ သူတို့ကတော့ အတွေ့အကြုံသဘော အပျော်သဘော ဝင်ပြိုင်ကြဖို့ ဆုံးဖြတ်တာပါ။

ကျော်လွင်နှင့် ယုံးမယ်က အနည်းငယ် စိတ်လှုပ်ရှားပေမယ့် နေဘွိုင်းကတော့ သိပ်လည်း စိတ်မပါတာမို့ အေးဆေးပင် ဖြစ်သည်။





ဘာရယ်ညာရယ် မတွေးဘဲ သွားရင်းလာရင်း ဆုံးဖြတ်မိတာ။

ထိုဆုံးဖြတ်ချက်က နေဘွိုင်းကို နောင်တရစေမည်ဆိုတာလည်း သူ မသိသေးပါ။

သူ့အနေနှင့်က ယုံးမယ် ပျော်ရွှင်အောင် အမှတ်တမဲ့ လိုက်လျော သဘောကောင်းမိတာပါ။

ဒီလိုနှင့် သူတို့ သီချင်းဆိုရမယ့်ရက်သို့ ရောက်လာသည်။

ထိုနေ့က ဖေဖော်ဝါရီ ဆယ့်ရက်နေ့ ညနေခင်း နေဝင်ရီတရော အချိန်လေးမှာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှတ်တရ ပစ္စည်းဆိုင်လေးတွေ၊ မွေးပွဲအရုပ်ဆိုင်လေးတွေ ရှေ့မှာ လူငယ်လူရွယ်လေးများစွာ တိုးဝှေ့ ဝယ်ယူနေကြပါသည်။

**Valentineday** နီးကပ်လာတဲ့အတွက် ရွှေပင်းမောကြီး တစ်ခုလုံးလည်း လူတွေ ပိုလို့ များပြားစည်ကားနေ၏။

နှင်းဆီပန်း၊ ချော့ကလက်နှင့် အရုပ်ကလေးတွေက အများဆုံး ရောင်းကောင်းတဲ့ ပစ္စည်းတွေ ဖြစ်နေသည်။

ချစ်စဖွယ် အမှတ်တရ ပစ္စည်းလေးတွေကို ထုတ်လုပ်ရောင်းချသူတွေဟာလည်း လိုချင်ဖွယ်ကောင်းအောင် ဆွဲဆောင်မှုရှိရှိ ထုတ်ပိုးပေးနိုင်၏။





လက်ဆောင်ထုတ်ပိုးပေးတဲ့ ကောင်တာမှာ ဝန်ထမ်းလေးငါးယောက်ဟာ လက်မလည်။

ဒါတောင် ဆယ့်လေးရက်နေ့ မရောက်သေးလို့ပါ။

ဟိုဒီ လျှောက်ကြည့်နေတဲ့ စုံတွဲလေးတွေလည်း အများကြီး။

ကော်ဖီဆိုင်လေးမှာလည်း စားပွဲအပြည့် နေရာလွတ်ပင်မရှိတော့ချေ။

သီချင်းဆို ပြိုင်ပွဲ ဖြုလုပ်ရာ စင်မြင့်ထက်မှာတော့ အစီအစဉ် ကြေညာသူက သူ့ရဲ့အစီအစဉ်လေးများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ကြေညာနေပါသည်။

"ကျွန်တော်တို့ အခု ယှဉ်ပြိုင်နေတဲ့သူတွေထဲက လက်ရွေးစင် အနည်းဆုံး သုံးဦးကို ရွေးချယ်ပါမယ် . . ."

". . . ပြီးရင် ရွေးချယ်ထားတဲ့ ဇကာတင်တွေထဲကမှ ဆယ့်လေးရက် ညမှာ စုံတွဲအဆိုရှင် သုံးတွဲကို အပြီးသတ် ရွေးချယ် ဆုချီးမြှင့်မှာ ဖြစ်ပါတယ်၊ ဒီနေ့ ဒုတိယနေ့မှာ ယှဉ်ပြိုင်မယ့်သူ ငါးဆယ့်လေးဦး ဖြစ်ပါတယ်၊ ဘယ်သူတွေ ဘယ်လို ဆက်လက် သီဆိုမယ်ဆိုတာကို အားပေးကြည့်ရှုကြပါ ခင်ဗျာ . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဒီကနေ့ အဆိုပြိုင်ပွဲအတွက် အဓိက စပွန်ဆာပေးတဲ့ ကုမ္ပဏီကတော့ (..gogi..) ဖက်ရှင်က ဖြစ်ပါတယ်”

ပရိသတ်တွေလည်း အများကြီးပါပဲ. . . ။

စင်ပေါ်တက် ဆိုကြမှာက နေဘွိုင်း၊ ကျော်လွင်၊ ယိုးမယ်ဖွဲ့တို့ ဖြစ်ပြီး ကျန်တဲ့သူတွေက စင်အောက်မှာ နီးနီးကပ်ကပ် လက်ခုပ်တီး အားပေးဖို့ အသင့်ပြင်ထားကြသည်။

သူတို့ အနားမှာလည်း အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ နက်နက်ရှိုင်းရှိုင်း မှေ့ဝင် နစ်မျောနေတဲ့ စုံတွဲလေးတွေ အများအပြား ရှိသည်။

ဒီလို အချိန်လေးရဲ့ ဗီလင်ကလည်း တစ်မျိုးမဟုတ်လား။

ဘယ်နေရာ ကြည့်ကြည့်၊ အချစ်တွေနဲ့ သက်ဝင်လှုပ်ရှားနေတာ။ အချစ်ရဲ့ လေပြေညှင်းက ဘယ်ကနေဘယ်လို ညင်ညင်သာသာ တိုက်ခတ်နေသလဲ မပြောတတ်ပါဘူး။

ဘယ်သူပဲဖြစ်ဖြစ်. . . ပတ်ဝန်းကျင်ကို ကြည့်တာနှင့် အချစ်အကြောင်းက ခေါင်းထဲ ရောက်စေနိုင်လေသည်။

ကလေးတွေရဲ့ ပွဲ၊ ဆယ်ကျော်သက်တို့ရဲ့ ရူးသွပ်မှု ဆိုနိုင်ပေမယ့် အိမ်ထောင်သက် အတော်အတန် ရနေတဲ့ စုံတွဲ





ဟောင်း အသက် ခပ်ကြီးကြီးတွေလည်း သူတို့ရဲ့ အထိမ်းအမှတ် သင်္ကေတလေးတွေကို ပြုံးစိစိနဲ့ ဝယ်ယူနေကြတာ တွေ့ရမည်။

သန္တာက သူ့လူ စင်ပေါ်တက်ရမှာမို့ ဂုဏ်တယူယူနှင့် ခါတိုင်းထက် အလှပြင်ကာ မြောက်ကြွမြောက်ကြွ ဖြစ်နေသည်။

မိုးယံက ဘေးကအတွဲတွေ အားကျပြီး အိချို့ပုခုံးလေးကို အသာအယာ လှမ်းဖက်၏။

ထူးစံက ဗူးကလေးနှင့် ကော်ဖီကိုင်သောက်ရင်း ဟိုဖက်နားမှာ အသိတစ်ယောက်နှင့် စကားသွားပြောနေ၏။

“ဟဲ့. . . သန္တာ၊ ကျော်လွင်ဆိုမှာ ဘယ်သူ့ သီချင်းလဲ”

“ဝိုင်ဝိုင်းလေ. . .”

“ဘာတဲ့လဲ. . .”

“နှစ်ပုဒ်တော့ ရွေးထားတယ် ပြောတာပဲ၊ ငါလည်း သေချာ မသိပါဘူး”

“ဒီကောင်တော့ ဘာတွေ ကိုရိုကားယား လုပ်ဦးမလဲ မသိဘူး”

မိုးယံက အိချိုကို တိုးတိုးကပ် ပြောသဖြင့် အိချိုက ဘေးက သန္တာ မကြားရအောင် ကြိတ်ရယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီး ကြောင်ရင်တော့ ဟားရဦးမယ်"

"ဟဲ့. . . အခုမှ အသစ်ပဲ၊ ကြောင်ရင်လည်း ကြောင်မှာပေါ့"

သန္တာက ကြားဖြစ်အောင် ကြားသွားပြီး ချစ်သူဖက်က ဝင်နာပေးရင်း ဆင်ခြေပေးလိုက်တာ ဖြစ်၏။

"ကျော်လွင်က တော်ပါသေးတယ်၊ နေဘွိုင်းကမှ ပိုဆိုးမှာကြည့်နေ. . ."

"အေး. . . အဲဒါတော့ ဟုတ်တယ်"

နေဘွိုင်းက အသံက ပြောပြီး၊ နည်းနည်း စူးရှတာ သူတို့သိသည်။ ကာရာအိုကေသွားဆိုရင် အားလုံး လက်မြှောက်နေကျ။

"ကိုကျော်လွင်ကို ဖိတ်ခေါ်ပါတယ်. . ."

သီဆိုဖို့ အလှည့်စောင့်နေတဲ့ အုပ်စုထဲကနေ ကျော်လွင်က ခပ်မတ်မတ် လျှောက်လာဝါသည်။

စတိုင်လ်အောင်းအီ မီးခိုးရောင်နှင့် ကုတ်အကျႌအဖြူဆွတ်ဆွတ်နှင့် စတိုင်လ်ကတော့ အပြည့်ပါပဲ. . .။

ဟန်ကျပန်ကျနှင့် စင်ပေါ် သွားခနဲ တက်သွားကာ မက်ကရိုဖုန်းကို ဆွဲထုတ်ယူလိုက်၏။





"ညီလေး ဆိုမှာက. . ."

"မဆုံတဲ့ ဖူးစာ. . ."

"ဪ. . . ဒါဆို မဆုံဘူးပေါ့"

"ဟဲ. . . ဟဲ"

"ရယ်တယ်ဗျာ. . . ပျော်နေတယ်၊ ကဲ. . . D.J ရေလုပ်ပါဦး. . ."

D.J စက်နားကလူကို လှမ်းပြော၏။

အင်္ဂလိပ်ထရိုးစ ဝင်လာပြီးလျှင် ကျော်လွင်က မျက်စိမှိတ်ပြီး မှုဒ်အပြည့်ဖြင့် သီဆိုလိုက်သည်။

ပင်မျက်ရည် . . . ပင်မျက်ရည် . . .

ငိုကြွေခြင်းများနဲ့ ပင်ရဲ့ မျှော်လင့်ချက် . . .

အတူတူနေဖို့ မကွယ်တူ . . .

အချစ်အကြောက်ဆို . . .

မဆုံတဲ့ဖူးစာ . . . မေ့ပစ်လိုက်ပါနော် . . .

တကယ်ဆိုဖြစ်တော့လည်း ဟန်ကျသွားပါသည်။ နားထောင်နေသူတွေ အားလုံး ငြိမ်ကျသွားအောင်ပင် ကျော်လွင့်အသံက ပီပီပြင်ပြင်နှင့် ခံစားချက်ပါပါ ဆွဲဆောင်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘယ်ဆိုးလို့လဲ"

မိုးယံပင် ချီးမွမ်းလိုက်မိသည်။

အို . . . ယူလိုက်ပါ . . . ကြိုက်မိုက်ပြီ

ယူလိုက်ပါ . . . ထားခဲ့ပြီပဲ . . .

မျက်ရည်များ သုတ်လိုက်ပါ . . .

မင်းရဲ့ရှေ့မှာ အလှပဆုံး မိုးကောင်းကင် . . .

သန္တာက အမ်ပီဖိုးပလေယာလေးထောင်ကာ သူ့ရည်းစားဆိုနေတဲ့ပုံကို မာတ်ပုံ ရိုက်ယူနေ၏။

ထိုအချိန်မှာ ယိုးမယ်ကတော့ အင်္ကျီအကျမ်လေး ဆွဲချကာ စင်ပေါ်တက်ဖို့ စိတ်လှုပ်ရှားနေသည်။

အမှန်အတိုင်း ပြောရလျှင် သူမ ခုလို တစ်ခါမှ စင်မြင့်ပေါ် တက်ပြီး သီချင်း မဆိုဘူးပါ။

ဒီလောက် လူတွေအများကြီး ဝိုင်းကြည့်နေကြတုန်း ငါ ဘယ်လိုများ ကြွေနြေရရ ဆိုရပါ့မလဲဟု တွေးတောကာ လက်ဖျားလေးတွေ အေးစက်လာရသည်။

"ဘွိုင်း. . . ငါတော့ ကြောက်သလိုပဲ၊ ရင်တောင် ခုန်နေတယ်"





"နင်တစ်ယောက်တည်းမှ မဟုတ်တာ၊ ငါ ပါတယ်လေကွာ၊ ဘာမှ မကြောက်နဲ့"

နေဘွိုင်းက သွေးအေးအေးနှင့် အားပေးသည်။

အစမ်းလေ့ကျင့် သီချင်းတိုက်တဲ့နေ့တုန်းကတော့ ယိုးမယ်က အမှားအယွင်း မရှိ ဟန်ကျပန်ကျ သီဆိုနိုင်ခဲ့သည်။

တကယ်တမ်း လူတွေရှေ့ ရပ်ပြီး သီဆိုဖို့အတွက်ကျ သတ္တိ မွေးရတာ မလွယ်။

ယိုးမယ်က ဆံပင် အဖြောင့်အစင်းလေး ပုခုံးထက်ပေါ် ဝဲကျနေလျက် မီးအလင်းရောင်မှာ မျက်လုံးလေး ဝိုင်းလျက်သား စိတ်တည်ငြိမ်အောင် ကြိုးစားငြိမ်သက်နေပုံလေးက ချစ်ကြင်နာချင်စရာ။

ဝတ်ထားတာက တီရှပ်အနက် ကိုယ်တိုလေးနှင့် အောက်ဖက်က ဂျင်းဘောင်းဘီရှည် အနက်ရောင်၊ ခါးပတ် ငွေရောင်လေးကို ချက်ပြုတ် ပတ်ထားပုံလေးကငြ် ကျစ်လစ်သေးသွယ်သော ကိုယ်လုံးလှလှလေးကို ပို၍ ပေါ်လွင်နေစေသည်။

သူမရဲ့ ညှို့ငင်ဆွဲဆောင်နိုင်မှုပျော့က သီချင်းဆိုစရာပင် မလို။



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်တက်ပြီး နွဲ့နွဲ့လေး ရမ်လိုက်တာနှင့် အသက်ရှူမှားအောင် ငေးသွားရမှာ။

နေဘွိုင်းက အဝတ်အစားကို ရက်မ်ပါပုံစံ ဝတ်ချင်ပေမယ့် ယိုးမယ်နှင့်အတူ အဆိုပြိုင်ပွဲ ဝင်ရမှာမို့ ရိုးရိုး ရှပ်အင်္ကျီလက်ရှည်ပြောင် မိုးပြာရောင်နှင့် ဂျင်းဘောင်းဘီရှည်ကိုသာ ဝတ်ဆင်ထားရသည်။ ဖိနပ်ကလည်း ဘွတ်ရှူးရိုးရိုးသာ။

ကျော်လွင်လောက်ဝင် ဒီနေ့ မသားနားတာ အမှန်။

ကျော်လွင် သီဆိုအပြီးမှာ လက်ခုပ်သံတွေ တဖြောင်းဖြောင်းကြားရသည်။

စင်ရှေ့ ညာဘက်ထောင့်က အမှတ်ပေး အကဲဖြတ်အဖွဲ့သည် ခေါင်းတငိုက်ငိုက်နှင့် ရေးခြစ်နေကာ ကျော်လွင့်ကို တက်ညီလက်ညီ အမှတ်ပေးနေကြ၏။

"အခု ဆက်လက်ပြီး စုံတွဲသီဆိုမှာက မောင်နေဘွိုင်းနဲ့ မယိုးမယ်ဖွဲ့တို့ ဖြစ်ပါတယ်၊ ညီလေးတို့ရေ. . . စင်ပေါ် ကြွခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

ထိုအချိန်မှာပဲ သူငယ်ချင်း စားရေးဆရာတစ်ယောက်ရဲ့ နေရာမှာ သူက အစားဝင်ထိုင်ပေးရ၏။





နေဘွိုင်းနဲ့ ယိုးမယ်ဖွဲ့ ဆိုသဖြင့် ရင်ထဲ ဒိတ်ခနဲ ဖြုန်းသွားကာ သူ ဖျတ်ခနဲ မော့ကြည့်မိသည်။

ချစ်သူ့ရဲ့ လက်ကိုဆွဲကာ လှေကားထစ်မှ တက်လာသူက နေဘွိုင်း. . .။ စိတ်လှုပ်ရှားနေဟန်ဖြင့် ဘယ်ကိုမှ မကြည့်။ မျက်နှာလေး ငုံ့ကာ ပါလာသူက ယိုးမယ်. . .။

မြင်ရတာကိုပင် လက်ငင်း မယုံချင်. . .။

ချစ်စရာကောင်းသော စုံတွဲလေးတစ်တွဲဟာ အချစ်သီချင်းတွေ ဝင်ဆိုတာ ဆန်းတော့ မဆန်းဘူးပေါ့လေ။

ဒါပေမယ့် ကိုယ်နဲ့မှ လာတိုက်ဆိုင်နေတာက အံ့အားသင့်ချင်စရာ။

အခုနပဲ သူငယ်ချင်းက ဖုန်းဆက်ပြီး သူ့နေရာမှာ အကဲဖြတ် ဒိုင်အဖြစ် ဆောင်ရွက်ပေးဖို့ အကူအညီ တောင်းတာမို့ သူ မရည်ရွယ်ဘဲ ရောက်လာခဲ့တာ။

အမှတ်ပေး ပုံစံစာရွက်ကိုပင် မကြည့်ဘဲ လက်ငင်း မင်သက်ကာ သတိလက်လွတ်နှင့် စင်မြင့်ထက် ဒစ်စကို မီးရောင်အောက်က စုံတွဲလေးဆီ အသာငေးကြည့်နေမိသည်။

နေဘွိုင်းရှပ် ဂျစ်ကန်ကန်ကို သူ မကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းတဲ့ ဟန်မန်လေးနှင့် ကြွေရရှ ရပ်တန့်လိုက်သူလေးဆီသာ မျက်ဝန်းက အလိုလို ရောက်မိသည်။

"ညီလေးတို့ ဆိုမဖော့ သီချင်းက. . ."

"ခပ်မိုက်မိုက် ချစ်ကြစို့. . ."

"သြော်. . . ဟုတ်ပါပြီ၊ မူရင်း အဆိုရှင်ကရော. . ."

"R-ဇာနည်နဲ့ ရှင်ဖုန်းပါ"

"တေးရေးကရော. . ."

"ကိုလေးလွင်"

နေဘွိုင်းက ဖြေပေးနေတုန်း ယိုးမယ်က မိုက်ကရိုဖုန်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကာ အသင့်အနေအထား ပြင်ဆင်ထားသည်။

ခပ်မြူးမြူး သီချင်းလေးမို့ သူမက သဘောကျသည်။ နေဘွိုင်းကတော့ မကြိုက်။

ရင်တွေ တုန်နေတာမို့ ယိုးမယ်က ပရိသတ်ထဲကို မကြည့်။ သို့သော် သတိထားနေတဲ့ကြားကနေ မျက်ဝန်းက စင်ပေါ် ညာဖက်က တစ်စုံတစ်ယောက်ဆီ ဖျတ်ခနဲ ရောက်သွား၏။

ဟင်. . .။





လှမ်းပြုံးပြသူကို ပြန်ပြုံးပြဖို့ပင် မေ့ကာ သူမ အသက်ရှူမှားသွားရ၏။

ကိုလက်ငင်း. . .။

တေးရေးဆရာ အဖွဲ့ထဲ အကဲဖြတ်ဖို့ ရောက်နေသူထဲ ကိုလက်ငင်း ပါသတဲ့လား။

ရင်ထဲမှာ ပြောင်းဆန်အောင် လှုပ်ရှားသွားရသည်။

အခုန လှမ်းကြည့်မိတုန်းက မတွေ့မိပါဘူး။

သူ ဘယ်လို ရောက်လာတာလဲ။

ရင်ခုန်မြန်နေဆဲမှာ သီချင်းက စ,ဝင်ပြီ. . .။

*ပင်နဲ့တို့ နှစ်ယောက်အကြောင်းက ရှင်းနေပြီ. . .*

*အောင်သွယ်တွေ မလိုတော့ပြီ. . .*

*ကြားစကားများ မယုံနဲ့. . . ဘေးဖယ်ထား. . .*

*ခပ်မိုက်မိုက် ချစ်ကြစို့. . .*

နေဘွိုင်းအသံက လှျာဖျားက ခပ်ပေါ့ပေါ့ ထွက်ပေါ်လာသည်။ သူ သိပ်အလေးအနက် မထားဘဲ အပျော်သဘောဆိုသလို ဖြစ်နေသည်။

ဟန်ရော. . . အသံရော အားရစရာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



လက်ငင်းသည် ကိုယ်က အမှတ်ပေးရမှာမို့ အသေအချာ ဂရုစိုက် နားထောင်သည်။ ပုဂ္ဂိုလ်ရေးတွေ မပါဘဲ တွက်ချက်တာပါ။

နေဘွိုင်းကတော့ ယုံမယုံ မသိ . . .။

ရန်ကုန်မြို့ . . . ပေတရာလမ်းပေါ်မှာ . . .
သီချင်းလေးဆိုကာ ချစ်တဲ့သူနဲ့ . . .
တူတူလည်လည် သွားစို့ လိုက်ခဲ့မလား . . .
ဗိုလ်ချုပ်ဈေး လေဟာပြင်ဈေးထဲမှာကွယ် . . .
ဂွမ်းရုပ်တွေရယ် . . . အမှတ်တရဝယ်မယ် . . .
ဂစ်တာတစ်လက် မောင့်အတွက် ချစ်လက်ဆောင် . . .

ယိုးမယ်ဖွဲ့ အသံလေးမှာ ထူးခြားစွာ ဆွဲငင်အားရှိသလို အဖြတ်အတောက်၊ အတက်အကျတွေ မှန်ကန်ပြီး ဝါရင့်အဆိုတော်မကလေးအလား ထင်ရအောင်ပင် ကောင်းပါသည်။

သူမမှာ အခံပါရမီလေး ပါကိုပါလာတာ လက်ငင်း တွေ့ရသည်။

တခြား အကဲဖြတ်သူတွေကလည်း မိန်းကလေး အဆိုရှင်အတွက် သီးသန့် အမှတ်ပြည့်ပေးကြသည်။





နေဘွိုင်းသည် စင်ပေါ် ရောက်မှ လက်ငင်းကို မြင်သဖြင့် အောင့်သီးအောင့်သက် ဖြစ်မိသည်။

ဒီလူကြီးနှင့် လာလာပြီး ကြုံပဲ ကြုံတတ်လွန်းပါလား။

သူ ဆိုရတဲ့နေရာမှာ ကသိကအောက် ခံစားချက်က ဝင်လာသည်။

ယိုးမယ်လည်း တွေ့မှာပဲ . . .။

ဘာကိုမှန်းမသိ၊ နေဘွိုင်း မကျေမနပ် ဖြစ်မိသည်။

လက်ငင်းသာ အကဲဖြတ် အမှတ်ပေးရသူထဲပါရင် သူအစောကြီးကတည်းက ဝင်မဆိုခဲ့ပါဘူး. . .။

အလွယ်ကလေး ဝင်နွှမိတာ မှားပြီ. . .။

ဒီလူကြီးက သူ့ကို ဘယ်လိုလုပ်ပြီး စေတနာရှိမှာလဲ။

တကယ်တမ်းကတော့ နေဘွိုင်း ထင်သလို မဟုတ်ပါ။

သူတို့ချင်း တိုင်ပင်ပြီးမှ စည်းနှင့်ဘောင်နှင့် အတိအကျ အမှတ်ပေးရတာပါ။

နေဘွိုင်းကသာ လိုအပ်ချက်တွေရှိလို့ အမှတ်မရတာ။

ယိုးမယ်ဖွဲ့ကို ပိုပြီး မျက်နှာလိုက်တာ လုံးဝမဟုတ်။

သူတို့ အကဲဖြတ် နားထောင်တဲ့အဖွဲ့မှာ ငါးယောက်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်လုံး သဘောထားနှင့်သာ သူ့အရည်အချင်းနှင့်သူ အတွက်ကလေးထဲ ရေးဖြည့်ပေးရတာ။

စုံတွဲ အဆိုနှစ်ယောက်ကို ရွေးချယ်ပေမယ့် စကာတင် အဆင့်ထဲကိုတော့ ယိုးမယ်ဖွဲ့ တစ်ဦးတည်းကိုသာ ထည့်သွင်းခဲ့ သည်။

ဒါကို သိသွားတဲ့ နေဘွိုင်းက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပါ သည်။

နှစ်ဦးအတူ သီဆိုပြီး တစ်ဦးတည်း ရွေးချယ်တယ်ဆို တာ အဓိပ္ပာယ် ရှိသလား။

စင်အောက်သို့ ပြန်ဆင်းလာတဲ့ နေဘွိုင်းက နှုတ်ခမ်းကို မဲ့ရွဲ့ပြီး. . .

"ဟိုလူကြီး ညစ်ပတ်ပြီ"

"ဟာ . . . ဟုတ်လို့လား"

"ငါ့ကို ကလဲ့စားချေတာကွ၊ ငါ သိတယ်"

"ကလဲ့စားချေရအောင် မင်းက သူ့ကို ဘာသွားလုပ်လို့ လဲ"

နေဘွိုင်းက ဖိုးယံတို့ကို အသေးစိတ်တော့ ဘာမှ မပြော





ဒါပေမယ့် သူ့စိတ်ထဲမှာတော့ သိသည်။

ဒါဟာ အမြင်ကပ်တဲ့ ရလာဒ်အများကြီးပါမည်။

"ဆယ့်လေးရက်နေ့ ဝင်ပြိုင်ရမယ့် စာရင်းထဲ ငါမပါဘူး ယိုးမယ်ကျတော့ ထည့်တယ်"

"အဲဒါ . . မင်း အထင်မှားတာလည်း ဖြစ်မယ် ဘွိုင်းရေ့ မင်းတို့နှစ်ယောက်ဆိုတာ တခြားစီပဲ၊ အားမနာတမ်း ဝေဖန်ရရင် ယိုးမယ်က အပြတ်အသတ် ပိုကောင်းနေတယ်"

သူငယ်ချင်းတွေ အပြောကြောင့် နေဘွိုင်းက အောင့်သီး အောင့်သက် ငြိမ်သွားရသည်။

သူလည်း အသံမကောင်းဘူးဆိုတာ သိပါသည်။

ဆုရဖို့လည်း လုံးဝမမျှော်လင့်။

ဒါပေမယ့် လက်ငင်းက ဒါကို ဆုံးဖြတ်ပေးရတယ်ဆို တာကိုပဲ သူ မခံချင်တာ။

ထိုနေ့ညက ဝင်ပြိုင်တဲ့သူ ငါးဆယ်ကျော်မှာ လေး ယောက်ပဲ ရွေးချယ်ပြီး ကျော်လွှင်နှင့် ယိုးမယ်ဖွဲ့တို့ ပါသွားတာက တော့ ကံကောင်းတယ် ဆိုရမှာဝင်. . .။

အဆိုပြိုင်ပွဲ ပြီးသွားလျှင် ပြန်တဲ့သူတွေ ထပြန်သွားကြ။



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်က နေဘွိုင်းထံ ကြည့်ပြီး. . .

"ဘွိုင်း. . . ကိုလက်ငင်းကို သွားနှုတ်ဆက်ရအောင်"

"ငါ မလိုက်ဘူး"

"ဘွိုင်း နေခဲ့ရင် နေခဲ့၊ ယိုးမယ် ခဏသွားမယ်"

"ဘာလဲ. . . သူနဲ့ သွားစကားပြောဖို့က ငါ့ထက် အရေးကြီးလား. . . ဟုတ်လား. . . ဒီလူပါမှာသိလို့နင် ဝင်ဆိုဖို့အကြံရှိတာ မဟုတ်လား"

"အဓိပ္ပာယ်မရှိတာတွေ လာမစွပ်စွဲနဲ့"

"သိပ်သွားချင်ရင်သွား. . . ငါ ပြန်နှင့်မယ်"

"ပြန်ချင်ပြန်ပေါ့. . . ဘာဖြစ်လဲ"

"ဟယ်. . . နင်တို့နှစ်ယောက်ကလည်း. . . ဖြစ်ကြပြန်ပြီ"

"ငါ ကြည့်မရတဲ့သူကိုမှ နင်က သိပ်ပတ်သက်ချင်နေတယ် ဟုတ်လား. . ."

"အေး. . . ပတ်သက်ချင်ရော ဘာဖြစ်လဲ"

"တောက်. . ."

သူတို့ ချစ်သူနှစ်ဦး တိုးတိုးကြိတ်ကြိတ် ကွိုင်တက်နေတာမို့ ဘေးကနေ ဖြန်ဖြေပေးရသည်။





"ယိုးမယ်. . . ငါ အဖော် လိုက်ခဲ့မယ်"

ထူးစံက ဝင်ပြောသည်။

"အကြံပေး ဆရာမကြီး လာပါပြီ"

ထူးစံက နေဘွိုင်းရဲ့ မကြားတကြား အပြောကို ဂရုမစိုက်ဘဲ ယိုးမယ်လက်ကို ဆွဲပြီး ဒီဖက် ထွက်လာသည်။ တော်ကြာ ကိုလက်ငင်းတို့ ပြန်သွားကြတော့မှာ. . .။

အခုတောင် သူတို့ စားရေးအဖွဲ့တွေ ကွားနားတို လျှောက်သွားကြပြီ။

"ကိုလက်ငင်း. . ."

ထူးစံက အော်ခေါ်ပေးလိုက်သဖြင့် လက်ငင်းက လှည့်ကြည့်သည်။

သူ့ကို ယိုးမယ်က နှုတ်ဆက်မည်ဟု သူ မထင်။

နေဘွိုင်းက ဘယ်သူ့ကိုမှ မစောင့်တော့ဘဲ သူ့ရဲ့ စူပါဆလွန်း ရပ်ထားရာ လမ်းမပေါ်ကို ခြေလှမ်းကျဲနှင့် အရှင်လျှောက်သွားနှင့် ပါသည်။

မိုးယံတို့ နှစ်တွဲမှာ ယောင်ချာချာနှင့် ဘယ်ကိုလိုက်ရမည် မှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးယံ . . . မင်း လိုက်သွား"

"အေး. . ."

ကျော်လွင်က မိုးယံကို လွှတ်လိုက်သည်။

"ကိုကြီး. . ."

"ယိုးမယ်တို့ မပြန်သေးဘူးလား"

လက်ငင်းက ခဏရပ်ကာ စောင့်လိုက်ရင်း ယိုးမယ် မျက်နှာလေးကို မရဲတရဲ ကြည့်သည်။

ချစ်သူရှိပြီးသား ကောင်မလေးကို အရင်လို စူးစူးနစ်နစ် ပျော်ဝင် ငေးငေးမောဖို့လည်း သတ္တိမရှိတော့ပါဘူး။

"ဟိုရက်တွေက ကိုကြီးကို မတွေ့မိပါဘူး"

"ဒီညမှ ဝင်ကူညီပေးရတာလေ"

"ကိုကြီးကို ကျေးဇူးတင်ပါတယ်"

"ယိုးမယ် တော်လို့ ယိုးမယ် ရတာပါ"

"ဆယ့်လေးရက်နေ့ကျရင်ရော ကိုကြီး လာမှာလား"

"မသိသေးဘူးကွ. . . လာဖြစ်မယ်တော့ ထင်ပါတယ်"

"စင်ပေါ်ကနေ လှမ်းတွေ့တော့ ပျော်သွားတာပဲ၊ ယိုးမယ် တောင် မယုံဘူး"





"ယိုးမယ်ချာတိတ်ကိုလည်း လိုတာလေးတွေ ပြောပြမလို့ ဘဲ"

သူမ မျက်လုံးပြူးသွားရကာ. . .

"အံမယ်လေး. . . သွားမပြောနဲ့၊ သူက ဆရာကြီး. . . လွှတ်ထားလိုက် ကိုကြီး၊ နောက်နေ့လည်း သူ ဝင်ပြိုင်စရာမှ မရှိတော့ဘဲ၊ ဒီနေ့ကလည်း ယိုးမယ် ပူဆာလို့ အမှတ်တရ ဝင်ဆို ပေးတာပါ။ ဘာမှမဟုတ်ဘူး. . ."

"မသိပါဘူးကွာ. . . ယိုးမယ် အရွေးခံရပြီး သူက ပြုတ် ကျန်ခဲ့တော့ ဒေါကန်နေမလားလို့ပါ"

"နေဘွိုင်းက သူ့အရည်အချင်း သူ သိပြီးသား. . . အတင်း"

ထူးစံကပါ ပြောပေးသဖြင့် လက်ငင်းက ခေါင်းညိတ် ကာ. . .

"ဒါဆိုလည်း ယိုးမယ်က ဆက်လေ့ကျင့်ထားဦးပေါ့၊ ဆယ့်လေးရက်နေ့ကျရင် တစ်ယောက်ကည်း အဆိုတွေ မပါ တော့ဘူးလို့ ပြောတယ်၊ စုံတွဲပဲ ပြိုင်ရမှာဆိုတော့ ယိုးမယ်နဲ့ အဆင်ပြေ အတွဲညီမယ့်သူ ရှာထားဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ."

"ဟဲ့. . . ကျော်လွှင် ရှိတာပဲ၊ ကျော်လွှင်နဲ့ ဆိုပေါ့"

"သီချင်းရွေးတာလည်း အရေးကြီးတယ်ကွ"

"ကိုကြီးနဲ့ တိုင်ပင်ပြီး ရွေးမယ်လေ"

"အိုကေ. . . ဒါဖြင့် ကိုယ် သွားမယ်နော်"

"ဟုတ်. . ."

လက်ငင်းသည် သူမ မျက်နှာလေး ငေးကာ ဆက်ပြီး စကားလက်စုံ ကျချင်သေးပေမယ့် အကြောင်းကြောင်းကြောင့် နှုတ်ဆက်လမ်းခွဲလိုက်ပါသည်။

သူ့ရင်ထဲမှာလည်း တစ်မျိုးကြီး ဖြစ်နေသည်။

ကိုယ် တိတ်တဆိတ် ရည်မှန်းမိတဲ့ သက်ဝင်သူလေးဟာ တစ်ပါးသော ကောင်ကလေးအတွက်တဲ့လား။

သို့သော် ကိုယ်က ဘာများတတ်နိုင်မလဲ။ သူ့ရင်ထဲမှာ မွန်းကြပ်ဆို့နင့်မှုက သူ ထင်တာထက် ပြင်းထန်နေသည်။

သူ့ပုံစံက သိပ်ပြီး ဟန်မပျက်လှသော်လည်း နှလုံးသားဆီက ဝမ်းနည်း ဆုံးရှုံးမှုဒဏ်ရာကို သူသာလျှင် အသိဆုံး မဟုတ်လား။





မင်းကို တွေ့တာပဲ နောက်ကျခဲ့တာလား ယိုးမယ်ရယ်။

ဒါမှမဟုတ် ကိုယ်ကပဲ အချစ်နဲ့ ပတ်သက်ရင် ကံမကောင်းတဲ့သူ တစ်ယောက် ဖြစ်နေတာလား။

ကျေနပ်စရာတစ်ခုကတော့ ယိုးမယ် မျက်လုံးလေးတွေက သူ့အပေါ် နွေးထွေးနက်ရှိုင်းနေဆဲ ဖြစ်တာပါပဲ။ သူလေးရဲ့ စိတ်ခံစားမှုဟာ ကိုယ့်အပေါ် မပြောင်းလဲသေးပါလားဆိုပြီး နှစ်သိမ့်မိသည်။

ဒါက ဟန်ဆောင်လို့လည်း မရဘူးဟု သူ ထင်သည်။ ဖျောက်ဖျက် မြိုသိပ်လိုက်ဖို့လည်း မလွယ်ဘူး မဟုတ်လား။

ထိန်းချုပ်ဆင်ခြင်နိုင်စွမ်းတွေကတော့ နှစ်ဦးလုံးမှာ ရှိနေကြသည်။ ကိုယ်က မင်းအတွက် နောက်ကျခဲ့တာ ကိုယ့်အပြစ်ပဲထားမါ။

မပြောဘဲ သိနေကြတဲ့ အချစ်တစ်ခုနဲ့ပဲ ကိုယ်တို့ ဆက်ပြီး ခင်မင်သွားကြရအောင် ယိုးမယ်ရယ်. . .။

အမှန်တော့ ကိုယ် မင်းကို ပြောမပြတတ်အောင် ချစ်မြတ်နိုးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နေဘွိုင်းက ကားဘောနက်ဖုံးကို လက်နောက်ပြန် ထောက်မှီရပ်ရင်း ယိုးမယ်ဖွဲ့တို့ တိုက်ခန်းဝရံတာလေးဆီ မော့ကြည့်နေမိသည်။

"မင်း ဖုန်း မဆက်ဘူးလား"

ပေကတ်ကတ် ဒီတိုင်း ရပ်ကြည့်နေတဲ့ ဘွိုင်းကို မိုးယံက မေးလိုက်တာ ဖြစ်သည်။

"ငါ ဒီည လာမယ်ဆိုတာ သူ သိတာပဲ"

"သိလည်း ဝရံတာမှာ အဆင်သင့် ရပ်စောင့်နေမလားကွ၊ မင်းခေါ်မှ သူ ထွက်လာမှာပေါ့"





နေဘွိုင်းမျက်နှာက မပျော့ပျောင်း. . . ။ တင်းမာခိုင်မာစွာ တစ်ခုက သူ့ဆီမှာ ရှိနေတုန်း. . . ။

**Valentineday** ရက်ကပ်လာလေ သူတို့ သမီးရည်းစားနှစ်ယောက် စကားပြော အဆင်မပြေလေ ဖြစ်နေသည်။

လက်ငင်းဆိုသော အမည်တစ်ခုသည် သူတို့အုပ်စုလေးထဲသို့ စိတ်အနှောက်အယှက်ကောင်းကောင်း တိုးဝင်လာခဲ့ပြီ။

နေဘွိုင်းသည် ယောက်ျားလေးချင်းမို့ လက်ငင်း ယိုးမယ်ကို အကြီးအကျယ် စိတ်ဝင်စားနေတယ်ဆိုတာ ရိပ်မိသွားခဲ့ပြီမဟုတ်လား။

သူ ပိုပြီး စိတ်ဆိုးမိတာက ယိုးမယ်ကို. . . ။

ယိုးမယ်ဟာ သူ့ထက် ဟိုလူကြီးကို ပိုပြီး မျက်နှာသာပေးချင်တဲ့သဘော။

"ငါ့ကိုဆို လုံးဝ အလေးအနက် မထားဘူး"

နေဘွိုင်းက သူ့ ခံစားချက်ကို ထုတ်ပြောလိုက်မိ၏။

"မင်းဘက်က စိတ်ရှည်ရှည်လေး ထားဦးလေကွာ"

"လက်ငင်းကြောင့်ပဲ ပြဿနာ တက်နေရတာကွ"

"ဘာပဲဖြစ်ဖြစ် ဒီရက်တွေထဲမှာ ပြေလည်အောင်နေစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါ ဘွိုင်းရာ၊ မင်းတို့ ကျွိုင်နေတော့ ငါတို့တွေပါ ရောပြီး စိတ်ညစ်ရတာယ်၊ အခု မင်း သူ့ကို ချော့လိုက်၊ မနက်ဖြန် ငါတို့အားလုံး အတူတူ လျှောက်လည်ကြမယ်၊ ရန်စကား လုံးဝမစနဲ့ကွာ ဘွိုင်း၊ တာလင်တိုင်းမှာ စိတ်ကောက်နေရင် တစ်နှစ်လုံး မပြေလည်ဘူးတဲ့ ကွ. . . သိလား"

မိုးယံက နေဘွိုင်းကို ခြောက်လိုက်သည်။

တစ်နှစ်ပတ်လုံး အဆင်မပြေ ကတောက်ကဆတ် ဖြစ်နေမှာကိုတော့ ဒီကောင်က ကြောက်ပုံပင်။

"ငါက ဒီ့ထက် ဘယ်လိုချော့ရဦးမှာလဲ"

"မင်း အခု သူ့ကို တစ်နေရာလောက် လိုက်ပို့လိုက်ပေါ့ကွ၊ စီးတီးမတ်ဖြစ်ဖြစ် ခေါ်သွားပြီး လက်ဆောင် ဝယ်ပေးလိုက်၊ မနက်ဖြန်ကျလည်း သီချင်းဆိုဖို့ကိစ္စက ရှိသေးတယ် မဟုတ်လား၊ ဒီည ကြိုဝယ်ပေးလိုက်ပေါ့"

"အေး. . . အဲဒါ မဆိုးဘူး"

မိုးယံ အကြံပေးတာကို သူ လက်ခံလိုက်သည်။

"မင်း ငါ့ကိုတော့ အရင်လိုက်ပို့ဦး"

"အေးပါကွာ. . ."





နေဘွိုင်းက ခါးက ဟဲန်းဖုန်းကို ဖြုတ်ပြီး ယိုးမယ်ဆီ ခေါ်လိုက်သည်။ တအောင့်လောက်အကြာမှာတော့ ယိုးမယ်ဖွဲ့တာ လှေကားမှ ဖြေးညှင်းစွာ ဆင်းလာခဲ့သည်၊

မိတ်ကပ်ရောင် စတိုင်လ်ဘောင်းဘီ ကိုယ်ကြပ်လေးနှင့် အပေါ်က ဆွဲသားအကျီ အဖြူလွလွလေးကို ဝတ်ဆင်ထားသဖြင့် အမြင်ဆန်းနေသည်။

အမြဲတမ်း တီရှပ်အနက်သာ ခပ်များများ ဝတ်တတ်တဲ့ ယိုးမယ်ဟာ တစ်ခါတရံ အဖြူလေး ဝတ်လိုက်တော့လည်း သိပ်တို လှသွားတာပါပဲ။

ဆံပင်တွေအားလုံးကို အပေါ် ပင့်တင်ကာ ထောင်ညှပ်ရသော ကလစ်ကလေးနှင့် ပင့်ထောင်ထားတာလေးက ချစ်စဖွယ်။ ပြီးတော့ သူမရဲ့ နားရွက်သေးသေးလေးမှာ အဖြူရောင် နားကွင်း အဝိုင်းခပ်ကြီးကြီးကို ပန်ထားသေးသည်။

အေးက မိုးယံပင် ယိုးမယ်ကို ငေးမောသွားရ၏။

အလှမဖြင့်တတ်တဲ့ ကောင်မလေးမို့လား မသိပါဘူး။

နည်းနည်းလေး ပြင်ဆင်တာနှင့် မျှော်မှန်းမထားရလောက်အောင် အများကြီး လှပ ကြည့်ကောင်းသွားတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ယိုးမယ် . . . နင် ဒီနေ့ အရမ်းလှနေပါလား"

မိုးယံ၏ ချီးမွမ်းစကားကြောင့် . . .

"အောင်မယ် . . . ငါ မုန့်ဝယ်ကျွေးမှာ မဟုတ်ဘူးနော်၊ ဘွိုင်းပဲ ဒကာခံမှာ . . . မေးကြည့်"

"ဒီကောင်လေး . . . ဒီကောင် အခု ငါ့ကို အိမ်လိုက်ပို့ပေးမှာ"

"ဟင် . . . ဘာလို့လဲ"

"နင်နဲ့ နှစ်ယောက်တည်း သွားချင်တယ်တဲ့"

မိုးယံက နည်းနည်းစိတ်ကောက်နေတဲ့ စုံတွဲကို ပေါ်တင် ကျပ်ပေးလိုက်ပါသည်။

ယိုးမယ်က နှစ်ယောက်စလုံးကို သိမ်းကျုံး မျက်စောင်း ရှယ်ပစ်လိုက်မိသည်။ မာမီ့ကို သူငယ်ချင်းတွေနှင့် ဂျင်းသုပ်ဆိုင် သွားထိုင်မယ်လို့သာ ပြောခဲ့တာ။

နေဘွိုင်းနှင့် စိတ်ကောက်မပြေချင်သေးပါဘူး။

ကိုလက်ငင်းအပေါ် ဆိုလျှင် အမြဲတမ်း အဆိုးမြင်တတ်၊ အပုတ်ချတတ်၊ နစ်နစ်နာနာ ပုတ်ခတ်ပြောဆိုတတ်တဲ့ ကိုဒေါသ အိုးကို ယိုးမယ် တစ်စက်ကလေးမှ ကြည့်မရ။





သူ ထင်တာက သူ့ကို တမင်ဖြုတ်ချပြီး ယိုးမယ် တစ်ယောက်တည်း ဇာကာတင်အုပ်စုထဲ ရအောင်ဆွဲတင်သွားတယ်လို့ ထင်နေတာ

ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုလက်ငင်းအပေါ် အမြင် မရှင်းပေ။

"နင်နဲ့ ကျော်လွင်နဲ့ဆိုတာကို ငါက ဇင်အောက်ကနေ လက်ခုပ်တီးပေးရမယ်ပေါ့ . . . ဟုတ်လား . . . ဟား . . . ဟား၊ လုံးဝ မလာဘူး၊ ကြည့်နေလိုက်"

"မင်း . . . အဲလို မလုပ်နဲ့လေ"

သူငယ်ချင်းတွေ ဝိုင်းဖျောင်းဖျလည်း နေဘွိုင်းက ဆယ့် လေးရက်နေ့ကျ မလာဘူးချည်း တွင်တွင်ငြင်းနေသည်။

ဒါဟာ ဟိုလူ လက်ငင်း ဖန်တီးတဲ့ အကွက်တွေပဲ။

သူတို့နှစ်ယောက် ပြဿနာတက်ပြီး ပွဲလန့်သွားရင် သူက ဖျာဝင်ခင်းသွားမယ့် အကြံ။

"မင်းမလာရင် ယိုးမယ် အားငယ်နေမှာပေါ့"

"သူ့ကို အားပေးမယ့်လူ ရှိပါတယ် ကွာ"

"ဘွိုင်းနော် . . . ရန်ဖြစ်ချင်ပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှန်ဖြစ်အောင်မဲ ယိုးမယ် လုပ်နေတာလေ"

"တော်ပြီ. . . နှင်နဲ့ စကားကို မပြောချင်ဘူး"

ယိုးမယ်ဖွဲ့က သူတို့အနားကနေ လှည့်ထွက်သွားခဲ့သည်။

ဒီလိုနှင့် မကြာခဏ စကားစစ်ထိုးပွဲတွေ ပြင်းထန်ရင်းက ပဲ မနက်ဖြန်ဆိုရင် ဖိုင်နယ်ယှဉ်ပြိုင်ရမယ့် ဆယ့်လေးရက်နေ့ကို ရောက်ပြီလေ။

နေဘွိုင်းသည် စိတ်လက်မကြည်သာနှင့်ဘဲ ယိုးမယ်ကို အလစ်လည်း မပေးရဲသဖြင့် နေ့တိုင်းလိုလို လာတွေ့နေသည်။ တွေ့ပြီးလို့ မျက်နှာချင်းဆိုင်ကြပြီဆိုတာနှင့်လည်း တစ်ယောက် တစ်ခွန်း စကားများလာကြပါပြီ။

ယိုးမယ်ဖွဲ့မှာ နေဘွိုင်းကြောင့် ကိုလတ်ငင်းနှင့် မဆက် သွယ်ရဲ။ သီချင်းရွေးဖို့ကိစ္စ တိုင်ပင်ချင်တာတောင် သူ သဝန် ကြောင်နေတာနှင့် မတိုင်ပင် ဖြစ်ခဲ့တော့ချေ။

ကျော်လွင် ရွေးထားတဲ့ သီချင်းကိုပဲ သီဆိုဖို့ စာရင်းပေး ထားလိုက်ပြီ။

ယိုးမယ်ဖက်က နားအေးအောင် အလျှော့ပေးလိုက်တာ လည်း ဖြစ်သည်။





အားလုံးကလည်း အဆင်ပြေဖို့ မျှော်လင့်ထားကြတယ် မဟုတ်လား။

"မျက်စောင်း မထိုးနဲ့ နှင်တို့နှစ်ယောက် ပြေလည်အောင် ညှိကြ. . ."

"သူနဲ့က တစ်သက်လုံးလည်း ပြေလည်မှာကို မဟုတ်ပါ ဘူး"

ယိုးမယ်က ခပ်ညည်းညည်းလေး ဆိုမိသည်။

မကြာခဏ ဖြေရှင်းရ ရှန်ဖြစ် စကားနိုင်လုရတော့လည်း ရင်မော စိတ်ပျက်နေခဲ့ပြီလေ။

ဘယ်လို ရှေ့ဆက်သွားကြမလဲဆိုတာ စဉ်းစားလို့ပင် မရချေ။

"ပြေလည်ဖို့ဆိုတာက လူပေါ် မူတည်တယ်၊ မိန်းမ တစ် ယောက်က မိန်းမပီသဖို့ သစ္စာရှိဖို့. . ."

"ကဲ. . . ဘွိုင်း. . . မင်းကတော့ စ,လာပြန်ပြီ ကားပေါ် တက်တော့၊ ယိုးမယ် တက်လိုက်. . . သွားရအောင်"

မိုးယံက သူတို့ကို နှိုးဆော်သလို သူကိုယ်တိုင်လည်း နောက်ခန်းထဲ ကဗျာကယာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေဘွိုင်းနှင့် ယိုးမယ်က စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်သွားကြသည်။

နေဘွိုင်းက မျက်နှာထားတင်းတင်းနှင့် ရှေ့တူရူကိုပဲကြည့်ကာ ပြတင်းဖက် မျက်နှာ လှည့်ထားသည်။

သူတို့နှစ်ယောက်က မတည့်ဘဲ တွဲနေကြတဲ့ ရည်းစားတွေ မဟုတ်လား။

မိုးယံသည် ဘာမှ ထပ်ဝင်ပါဖို့ မစဉ်းစားတော့ဘဲ သူလည်း တေမိမင်းသားလို လုပ်နေလိုက်ပါသည်။

သူတို့အုပ်စုတွေဟာ ထူးစံကလွဲရင် ဗဟန်းမြို့နယ်ထဲပဲ နေထိုင်ကြတာမို့ သူ့အိမ်လိုက်ပို့ရတာကလည်း သိပ်အဝေးကြီး မဟုတ်လှတာမို့ ခဏလေးနှင့် ရောက်သည်။

နေဘွိုင်း ကားမောင်းမြန်လွန်းတာကြောင့်လည်း ပါသည်။ အပြန်မှာတော့ ဒီကိစ္စကို ယိုးမယ် ပြောမှာပဲဆိုတာ မိုးယံသိသည်။

"ကဲ. . . ဂိုးပြီ၊ မင်းတို့ ရန်မဖြစ်ကြနဲ့ဦး"

မိုးယံက သူ့အိမ်ရှေ့ရောက်လို့ ကားပေါ်ကအဆင်းမှာ ထပ်မှာသေးသည်။





လမ်းထဲမှ ကားပြန်ကွေ့ထွက်သွားပြီးလျှင် ယိုးမယ်က. . .

"ကားမောင်းရင် စည်းကမ်းရှိရှိ အေးအေးဆေးဆေး မောင်းတာ မဟုတ်ဘူး"

"ငါ ဒီလိုပဲ မောင်းတတ်တယ်"

"ဘာပြောတယ်၊ အဲဒါဆို အခုရပ်လိုက်၊ ဒီမှာပဲ ဆင်းမယ်၊ ရပ်"

"ဟာ. . . ဘာဖြစ်တာလဲ၊ ဘယ်သူ့အားကိုးနဲ့ ဒီလောက်ထိ လေသံမာနေတာလဲ"

"မဆိုင်တဲ့သူကို ဆွဲမထည့်နဲ့"

"ဟာ. . . ဟာ. . . ဘယ်သူ့ကိုများ ထည့်ပြောမိလို့ပါလိမ့်"

"သူက အဆင့်အတန်းရှိတဲ့လူ"

"ဒါဆို ငါက ဘာကောင်လဲ၊ တေလေဂျပိုး လမ်းသရဲလား"

"နင့်ကိုယ်နင် သိမှာပေါ့"

"တော်ပြီ. . . ထပ်မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေဘွိုင်းက အနိုင်ပိုင်းပြီး စကားဖြတ်၏။ သို့သော် အသာတုန်းကလောက် အမြန်နှုန်း မတင်တော့ပါ။ ကားလေးက မီးရောင်အောက်က ကတ္တရာလမ်းပေါ် ညင်ညင်သာသာလေး ရွေ့လျားနေသည်။

ယိုးမယ်လည်း အခုမှပဲ ကားကူရှင်ကို သက်တောင့်သက်သာလေး မှီလိုက်လေသည်။

"ဘယ်သွားချင်လဲ၊ တစ်ခုခု အရင်စားမလား"

နေဘွိုင်းကလည်း စောစောကလေသံမျိုးနှင့် မဟုတ်တော့ဘဲ ဂရုတစိုက် မေးလိုက်ပါသည်။

"ယိုးမယ် ထမင်းစားလာတယ်၊ မစားတော့ဘူး၊ ဘွိုင်း သွားချင်ရင်တော့ သွားလေ"

"ဒါဆို မြေနီကုန်း စီးတီးမတ်သွားပြီး အအေးပဲ သောက်မလား"

"သဘောပဲ"

နေဘွိုင်းသည် နှုတ်ခမ်းတစ်ချက် ဖိကိုက်မိရင်း သူမဖက်သို့ အသာလှည့်ကြည့်လိုက်သည်။

"သဘောပဲ"





လို့ ပြောလိုက်တဲ့ အသံလေးကို ချိုစိမ့်ဖြစ်မိကာ သူ့နှလုံးသားတို့ ယစ်မူးဖျော့ပျောင်း လာပြန်သည်။ ယိုးမယ်နှင့် ပတ်သက်လျှင် သူ့စိတ်တွေက ဘယ်တော့မှ မပြတ်သား။

အခု စိတ်ဆိုးလည်း တော်ကြာစိတ်ပြေသွားပြန်တာပဲ။

သဝန်တိုတယ်ဆိုတာလည်း စွဲငြိမက်မောလို့ပါ ယိုးမယ်ရယ်။

နင် နားလည်ရင် သိပ်ကောင်းမယ်. . .

ကားတို့ မမှိစေတီလမ်းအတိုင်း မောင်းလာရင်းက ဒီညမှာ ပိုလှနေတဲ့ ယိုးမယ် မျက်နှာလေးကြည့်ကာ သူ့စိတ်တွေက လှုပ်ရှား ခုန်လှုပ်လာသည်။

ပြိုင်လျှင် (ဝင်ဆာလမ်း) ရှင်စောပုလမ်းဖက် ဆက်မောင်းတာ စီးတီးမတ်ဖက် မသွားသဖြင့် ယိုးမယ်က သူ့ဖက် လှည့်ကြည့်သည်။

"ဘယ်ဝင်ဦးမလို့လဲ ဘွိုင်းရဲ့"

"မှတ်တိုင်တစ်ခု"

"ဟင်. . . ဒီမှာ မှတ်တိုင်ရှိလို့လား"

"ရှိတယ်လေကွာ၊ အကြင်နာမှတ်တိုင်လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွိုင်းနော်"

ကိုယ်ကြီး ဒီဖက်ယိုင်လျက် အနားကပ်ပြောလိုက်ပုံကြောင့် ယိုးမယ်သဘောပေါက်ကာ ရှက်စနိုးလေး နောက်ဆုတ်မိသည်။

"မနက်ဖြန် ဆယ့်လေးရက်လေ၊ ဒီညအကြို"

"အို. . . ဘွိုင်းရယ်"

ကားကို မှောင်ရိပ်ထဲ ဘေးကပ်ရပ်လိုက်ပြီးတာနှင့် တစ်ပြိုင်နက် နေဘွိုင်းက ချစ်သူလေးကို မချင့်မရဲ လှမ်းဖက်လိုက်လေသည်။

အခုတလော ဘုနှင့်ဘောက်သာ ဖြစ်နေတော့ တယုတယလေး အကြင်နာ မပေးရတာ ကြာပြီ။

သူမရဲ့ ပါးပြင်နုနုလေးကို မွတ်သိပ်စွာ ရှိုက်နမ်းမိ၏။ ပြီးတော့ နှုတ်ခမ်းဖူးဖူးကလေး. . .

လျှင်မြန်သော အထိအတွေ့မှာ ယိုးမယ် ရှက်လန့်တကြားလေး ရုန်းဖယ်သည်။

"ဘွိုင်း. . . လွှတ်ကွာ၊ ဖြတ်သွားတဲ့ကားတွေ မြင်မယ်"

"မမြင်ပါဘူး"

"ဟင့်အင်း"





သူ့ရင်ခွင်မှာ ရှိနေချိန်၌ပင် ယိုးမယ်စိတ်တွေက ကိုလက်ငင်းဆီ ဖျတ်ခနဲ ရောက်မိသေး၏။

နေဘွိုင်းက ရှက်နေတဲ့ကောင်မလေးကို ဖွတ်တိုး၍ ယုယလိုက်သည်။

ချစ်သူချင်းဆိုတော့လည်း အခုန စိတ်ညစ်စရာတွေ မပြေလည်တာတွေ ပြန်မေ့သွားကြသည်။

"ချစ်တယ် . . . ယိုးမယ်ရာ"

"ကဲပါ. . . အခုမှ လွမ်းအောင် မချွဲနဲ့၊ ထစ်ခနဲဆို ရှင့်မျက်နှာကြီးက စူပုတ်နေပြီ. . . ဟွန်း"

"အဲဒါ ဘာကြောင့်လဲ မသိဘူးလား"

"တော်ပြီ ဆရာ. . . ဟိုထား. . ."

"ဟား. . . ဟား. . . ဟား"

သူ့နှုတ်ခမ်းကို ယိုးမယ်က လက်ချောင်းကလေးတွေနှင့် ကာကွယ်ထားသဖြင့် နေဘွိုင်းက ပေါ့ပါးစွာ ရယ်မိသည်။

အခုတော့လည်း အေးစက်နေတဲ့ နှလုံးသားတွေက နွေးထွေး လှုပ်ရှားလာခဲ့ပါသည်။

ချစ်သူလှလှလေးကို ရင်ခွင်ထဲက ဖြေလွှတ်မပေးနိုင်

• ညတော်ဝင်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်ရဲ့ ကိုယ်သင်းရနံ့ချိုချိုအီအီလေးမှာ သူကိုယ်စ်မူး စေသည်။ အင်မတန် ဖျားယောင်းနိုင်တဲ့ ကဝေမလေးပေါ့။

"ဘိုင်း"

"ဟင်"

"မောင်းတော့လေကွာ. . . စီးတီးမတ်ပိတ်သွားလိမ့်မယ်"

"အစောကြီး ရှိပါသေးတယ်"

"ယိုးမယ်ကို လက်ဆောင်ဝယ်ပေးမယ်ဆို"

"ဝယ်ပေးမယ်လေ. . . ဘာလိုချင်လဲ"

"ဘိုင်း ပေးချင်တာ ပေးပေါ့"

"ပေးချင်တာလား",

"ဟွန်းနော်"

နေဘိုင်းက မချိုမချဉ်ပုံစံဖြင့် နှုတ်ခမ်းလေး ချွန်ပြလိုက်ရာ ယိုးမယ်က သူ့ရင်ဘတ်ကို တွန်းထုတ်လေသည်။

ဒီလိုနှင့်ပဲ ယိုးမယ်အနားကနေ သူ မခွာပေးနိုင်။

တအောင့်လောက်ကြာမှ ကားစက်ကို မနိုးချင်နိုးချင် ပြန်နှိုးထွက်လိုက်သည်။

ယိုးမယ်သည် မီးအလင်းထဲရောက်တော့မှာမို့ ဆံပင်တွေ





များ ပွနေမလား။ နှုတ်ခမ်းနီ ပန်းရောင်ဖျော့ဖျော့လေးပဲ ဖျက်နေပြီလားဟု ကမန်းကတမ်း စစ်ဆေးရသေးသည်။

စိတ်ထဲ မလုံမလဲနှင့် တစ်မျိုးကြီး ရှက်နေမိသည်။

နေဘိုင်းကိုပင် မလှည့်ကြည့်။

ကားပတ်တင်မှာ ကားရပ်ပြီးတာနှင့် နေဘိုင်းက သူမလက်ဖဝါးလေးကို ဆုပ်ကိုင်ဆွဲခေါ် လာသည်။

သံရိုးကွာတားဘောင်းဘီပွပွ တီရှပ်ပွပွနှင့် ဂျစ်တစ်တစ် ဆောင့်ကြွားကြွားကောင်လေးက ချစ်စဖွယ် အေးချမ်းလှသော ကောင်မလေးကို လက်ဆွဲခေါ် လာခဲ့တဲ့မြင်ကွင်းက ကြည့်ကောင်းနေတာတော့ အမှန်ပါပဲ။

ထိုညက စီးတီးမတ်မှာ ချစ်သူတွေအတွက် သီးသန့်ရောင်းချထုပ်ပိုးပေးသော လက်ဆောင်ပစ္စည်းတွေနားမှာ ငယ်ရွယ်သော စုံတွဲလေးတွေများစွာ တိုးဝှေ့နေပါသည်။

နှင်းဆီပန်း၊ ချောကလက်၊ သော့ချိတ်မျိုးစုံ ဖုန်းမှာချိတ်ရတဲ့ ဖန်စီပစ္စည်းလေးတွေမျိုးစုံ အသည်းတုတ်ထိုး အရုပ်မျိုးစုံလှပသော ပစ္စည်းပေါက်စနလေးတွေ များပြားစုံလင်တာမို့ ကိုယ်ကြည့်ချင်စရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပျော်တပါး ရွေးချယ်ဝယ်ယူ၍ ဆန်းဆန်းပြားပြား သားနားစွာ ထုပ်ပိုးနေကြသည်။

"ဟယ်တော့. . . ဟိုမှာ အရုပ်တွေ"

စတီးလှည်းလို လေးထောင့်ပုံးထဲမှာ မွေးပွအရုပ် အကြီး အသေးရောင်စုံကို ပုံအော၍ ဒစ်စကောင့်ပေး ရောင်းချနေပါသည်။

"ယူမလား. . . ယိုးမယ်၊ ရွေးလေ"

ယိုးမယ်သည် အရုပ်မြင်လျှင် မနေနိုင်အောင် သဘောကျတတ်သူမို့ မငြင်းနိုင်ပေ။

အရုပ်တွေနား အပြေးလေးသွားကာ တစ်ရုပ်ပြီးတစ်ရုပ် ဝမ်းပန်းတသာ ကိုင်မြှောက်ကြည့် ပွေ့ဖက်ကြည့် လုပ်နေမိသည်။

"ဘွိုင်း. ... ဒါလေး မလှဘူးလား"

"အင်း. . . လှတယ်"

နေဘွိုင်းက သူမ ကိုင်မြှောက်ပြသမျှ လှတယ် ကောင်းတယ်ချည်းသာ ခေါင်းညိတ်နေပါသည်။

ဈေးကလည်း အရင်ကထက် အများကြီး သက်သာနေတော့ ဝယ်ပျော်ပါသည်။





ယိုးမယ်က Pook အရုပ် လိမ္မော်ရောင်အကြီးကြီးကို လက်နှစ်ဖက်အပြည့်ဆန့်ကာ ရင်ခွင်ထဲ ဖက်ပွေ့ကြည့်သည်။

နေဘွိုင်းမှာ ချစ်သူလေးရဲ့ ဟန်ဆောင်မှုကင်းကင်း ပျော်ရွှင်ကျေနပ်နေဟန်ကို ပြုံးလျှက်သား ကြည့်နေမိသည်။

သူမ နှစ်သက်မက်မောတဲ့ ပစ္စည်းကို လက်ဆောင်ဝယ်ပေးရမှာမို့ သူ့ရင်ထဲလည်း ကြည်နူးရွှင်ပြနေမိသည်။

ထိုအချိန်မှာပင် မရှင်မပျနှင့် သူ မျက်မှောင်ကြုတ်စရာကိစ္စက ပေါ်လာပါသည်။

လက်ငင်းက စီးတီးမတ်ထဲဝင်ပြီကာနှင့် အရုပ်တွေနားမှာ သဘောတကျ ရွေးချယ်နေတဲ့ ယိုးမယ်ဖွဲ့ကို အရင်ဆုံး လှမ်းတွေ့လိုက်ပါသည်။

အကျီအဖြူလေးနှင့် နားကွင်းအဖြူအဝိုင်းကြီးပန်ထားသော သူမရဲ့ရုပ်သွင်ဟာ အားလုံးထဲမှာ ထင်ထင်ကြီး ဆွဲဆောင်မှုရှိနေတာကြောင့်လည်း ဖြစ်ပါလိမ့်မည်။

လူတွေအများကြီးကြားထဲ တန်းခနဲ မြင်သာသည်။

"လက်ငင်းရေ . . . ပျော်စရာကြီးနော်"

ဘေးနားက ရှင်ညိုရဲ့စကားကိုပင် သူ ခွန်းမတုန့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဆောင်တွေ ဝယ်နေကြတာကြည့်စမ်း၊ လက်ငင်း ငါ့ကိုလည်း ဝယ်ပေးမှာ. . . နော်"

ရှင်ညိုက ဘာရယ်မဟုတ် လက်ငင်းထံ ပူဆာတောင်းဆိုလိုက်ပါသည်။

ဘာလို့ဝယ်ပေးရမှာလဲ၊ နင်နဲ့ ငါနဲ့ ရည်းစားမှမဟုတ်တာ ဘာညာ ပြန်ပြောမည်ထင်ပေမယ့် လက်ငင်းဆီက ဘာသံမှ ထွက်မလာ။

ဒီတော့ ရှင်ညိုသည်လည်း မိန်းကလေးပီပီ လူတွေ စုပြုံတိုးဝှေ့ကြည့်နေတဲ့ မွေးပွအရုပ်ပုံကြီးနား အလိုလိုရှောက်လာမိတော့၏။

နေဘွိုင်းသည် ခပ်မတ်မတ်လျှောက်လာနေတဲ့ လက်ငင်းကို မြင်တာနှင့် အလိုလို မျက်မှောင်ကုပ် စူပုတ်လာမိရင်း. . .

"ကဲ. . . ပြီးပြီလား၊ ရရင်သွားမယ်လေ"

"ခဏနေပါဦး ဘွိုင်းရဲ့၊ ရွေးဦးမှာပေါ့"

ယိုးမယ်သည် လက်ထဲကအရုပ်တွေရော ပြန်ချထားသော အရုပ်တွေရော ဘယ်ဟာဝယ်ရမှန်းမသိဘဲ ပျာယာခတ်ကာ ရွေးရခက်နေပါသည်။





တခြား ဘယ်ကိုမှလည်း မကြည့်အား. . .

နေဘွိုင်းကလည်း လက်ငင်းကိုမြင်ပေမယ့် ချစ်သူကို လက်တို့မပြ။

မမြင်မတွေ့ကြရင် ပိုကောင်းတာပဲ မဟုတ်လား။

လက်ငင်းနှင့် ပါလာတဲ့ အမျိုးသမီးက ဒီဘက်လျှောက်လာသည်။ ထို့ကြောင့် လက်ငင်းလည်း ပါလာ၏။

ဟိုတစ်ခါ ဆီချင်းအတူတူဆိုတဲ့ အစ်မကြီးပါပဲ။

ဒီလူကွာ. . သူမှာလည်း ရှိပြီးသားကို. . .

သူများချစ်သူလာ အလစ်ချောင်းသေးတယ်။

"လာပါ. . . လက်ငင်းရဲ့. . . ကြည့်ရအောင်"

တွန့်ဆုတ်ဆုတ် နေးတုန့်နေတဲ့ လက်ငင်းလက်မောင်းကို ရှင်ညိုက တရင်းတနှီး ဆွဲခေါ်လာ၏။

ကျွတ်. . . ရှောင်လို့ကိုပဲ မလွတ်တော့ဘူးလား။

နေဘွိုင်းက ဆတ်ခနဲ မျက်နှာလွှဲသည်။

ရှင်ညိုသည် ယိုးမယ်နံဘေး တိုးဝင်ကာ ကျစ်ဆံမြီးရှည်ရှည်နှင့် ချစ်စဖွယ်အရုပ်မလေးတစ်ခုကို ကောက်ယူကြည့်သည် ဟင်. . .



www.burmeseclassic.com

www.burmeseclassic.com



ထိုအရုပ်ကလေးကို တခြားလက်တစ်ဖက်ကလည်း ဆုပ်ကိုင်ထားပြီးသား . . .

"ဩော် . . . ဆောရီးနော်၊ ညီမလေး ယူထားတာလား"

ရှင်ညိုက ခပ်ပြုံးပြုံးမေးရင်း အရုပ်ကို ပြန်လွှတ်ချလိုက်၏။ ချစ်စရာကောင်းသော မိန်းကလေးက သူမကို မော့ကြည့်လေသည်။

ယိုးမယ်သည် ဖြုန်းခနဲ မရှင်ညိုကိုမြင်တာနှင့် သူ့ရဲ့နံဘေးကို အလန့်တကြား ဖွတ်ခနဲ ရှာဖွေသည်။

မရှင်ညို နောက်နားမှာရပ်နေတဲ့ လက်ငင်းရဲ့မျက်နှာက ခပ်အမ်းအမ်း . . .

ခရင်မ်ကာလာ ရှပ်အင်္ကျီလက်ရှည်နှင့် ချောမောရှင်းသန့်သော ကိုကြီးက သူမကို ကြိုတင်တွေ့ထားပြီးသား ဖြစ်ဟန်တူသည်။

လှစ်ခနဲ အလိုက်သင့် ပြုံးပြ၏။

ထိုအပြုံးက အားပါးတရ နှစ်လိုဖွယ်အပြုံးမျိုးမဟုတ်ဘဲ တစ်စုံတစ်ရာကို ဖုံးကွယ်လိုသော အားတုံ့အားနာ မပြုံးချင်ပြုံးချင် အပြုံးမျိုးသာ ဖြစ်သည်။





အသိမိတ်ဆွေတွေ့လို့ ရိုးရိုးအသိအမှတ်ပြုတာမျိုးလည်း မဟုတ်။

နေဘွိုင်းက သူတို့နှစ်ဦးရဲ့ မျက်နှာအပြောင်းအလဲ၊ မျက်လုံးထဲက နွေးထွေးနက်ရှိုင်းမှု၊ နှုတ်ခမ်းပေါ်က မရဲတရဲ လှိုက်ဖိုသောအပြုံး . . . အားလုံးတို့ကို ဘုကြည့်စိုက်ကြည့်ရင်း အကဲခတ်နေသည်။

ရှင်ညိုသည် ကောင်မလေးရဲ့ အငိုက်တမိ စိတ်လှုပ်ရှားသွားဟန်ကြောင့် ကိုယ့်နောက်က လက်ငင်းကို လည်ပြန်မော့ကြည့်မိသည်။

လက်ငင်းရဲ့အမူအယာမှာ ထူးခြားနေပါသည်။ ဟန်ဆောင်လိုက်သော မျက်ဝန်းအစုံကို သူမ အသေအချာ အကဲဖမ်းမိလိုက်၏။

ထိုကောင်မလေးနား ကပ်ရပ်နေတဲ့ ဂျစ်ကန်ကန် ချာတိတ်ရဲ့ စူးစူးရဲရဲ ရန်လိုသောအကြည့်ဟာလည်း ကျောချမ်းစရာပါလား။

ဒါက ဘာတွေတုန်း . . . လက်ငင်းနဲ့ ဘယ်လိုများ ပတ်သက်နေကြသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ညိုမှာ အရုပ်တွေထက်ပင် စိတ်ဝင်စားစရာ ဖြစ်သွားရပါ၏။

"ဒါပဲ ယူလိုက်တော့၊ သွားမယ် လာ"

ယိုးမယ်က Pooh ရုပ် အကြီးကြီးကို မနိုင့်တနိုင် ပွေ့ပိုက်ထားရာ နေဘွိုင်းက အပြင်ဖက်တွန်းတော့ ဒီဘက်ကို တစ်ချက်လှည့်ကြည့်ကာ နေဘွိုင်းခေါ်ဆောင်ရာ တွန့်ဆုတ်ဆုတ်လေး ပါသွားပါသည်။

ငယ်ရွယ်လှပသော ချစ်သူစုံတွဲလေးဟာ အရုပ်ကြီး ပိုက်၍ ထွက်ခွာသွားပေမယ့် ရှင်ညိုရဲ့နံဘေးက ကိုယ်တော်မှာ ခုထက်ထိ ကြက်ကြီးလည်လိမ်ထားသလို ငိုင်ကျန်ရစ်နေတုန်း. . .

"လက်ငင်း"

"ဟင်"

"အဲဒါ ဘယ်သူလဲ"

"ခေါင်းမစားစမ်းပါနဲ့ကွာ၊ နင့်အရုပ် နင်ရွေးမှာရွေးစမ်း"

"ညို သိချင်လို့ပါ"

ရှင်ညိုက ခပ်တိုးတိုးမေးနေ၏။





"ဒါလေး လှတယ်၊ အဖြူရောင်လေး. . . ရော့"

လက်ငင်းက တွေ့ကရာ အရုပ်တစ်ရုပ် ကောက်ယူပေးလိုက်၏။

"ဒါ နင်လက်ဆောင်ပေးတာနော် . . . လက်ငင်း"

"အေးပါ"

နားအေးရင်ပြီးရော သဘောမျိုး ခေါင်းညိတ်လျက် လက်ငင်းက လူကြားထဲကနေ တိုးထွက်ခဲ့ပါသည်။

"ဘာမှမဟုတ်ရင် နင်ဘာလို့ မျက်နှာပျက်နေတာလဲ"

လူရှင်းတဲ့ အအေးပုလင်းတွေစီထားရာ အတန်းဖက်ရောက်လျှင် ရှင်ညိုက သိချင်တာကို ထပ်မေးလိုက်၏။

"မပျက်ပါဘူး"

"ကောင်မလေးက ချစ်စရာလေးနော် နင်နဲ့ ဘယ်တုန်းက သိတာလဲ"

"ဒီလိုပါပဲ. . . သူတို့က သီချင်းဆိုပြိုင်ပွဲမှာ ပါကြတာ"

"ဟင်. . . ဟုတ်လား၊ မနက်ဖြန် ဖိုင်နယ်ပဲ မဟုတ်လား၊ ညိုလည်း လိုက်ခဲ့မယ်"

"မလိုက်ပါနဲ့ဟာ. . . မရှုပ်စမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး . . . လိုက်မှာပဲ၊ လက်ငင်း မခေါ်ရင် ရှင်ညို့က ပိုလိုက်ချင်တယ် သိလား၊ ခေါ်ရမယ်နော် . . . ဒါပဲ"

ရှင်ညို့သည် ဖုံးကွယ်ချင်တဲ့ သူ့ပုံစံကြောင့် ပို၍ပင် စိတ်ဝင်စားသွားရသည်။

အခုန စုံတွဲလေးကို မသိမသာ လှမ်းကြည့်တော့ ကောင်တာမှာ ငွေရှင်းပြီးတာနှင့် ထွက်သွားကြပြီ။

ဒီည မဂီကို ဖုန်းဆက်ရင် ပြောစရာအကြောင်းအရာ ရသွားပြီ။

မဂီများ သိနေမလား။ ရှင်ညို့က လက်ငင်းမျက်နှာကို မော့ကြည့်နေမိရင်း ချစ်စရာကောင်မလေးတစ်ဦးကို လက်ငင်း ဘယ်တုန်းက ပတ်သက်ထားသလဲ မရေမရာ စဉ်းစားကြည့်နေမိပါသည်။





"ဒီကောင်က ဒီအချိန်မျိုးမှာ နှင့်ကို အရုပ်လက်ဆောင် ဝယ်ပေးတယ်ဆိုတော့ မရိုးတော့သော်ချာနေပြီ ဟဲ . . . ဟဲ"

"နန္ဒနော် . . . နှင် ပေါက်ကရလျှောက်မဖွနဲ့၊ သူက ငါ့ အတင်းပူဆာလို့ ဝယ်ပေးတာ"

"နှင်ကရော ဘာလို့ ပူဆာတာလဲ"

"လိုချင်လို့ပေါ့ဟာ့၊ တပ်ဆေးနည်းတဲ့သူမို့လို့ ညှင်းရတာ"

ရှင်ညို့သည် နောက်တစ်နေ့မနက်ပိုင်း ဆိုင်မှာဆုံကြတော့ လက်ငင်း ဝယ်ပေးတဲ့ အရုပ်ကြီးပိုက်ကာ ကြွားလေသည်။

ရှင်ညို့ရဲ့ တဖက်သတ် သံယောဇဉ်ကြီးမှုကို ရိပ်စားမိနေသော နန္ဒက ရှင်ညို့ကို လိုက်စနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . . သဘောပေါက်ပါတယ် ဟဲ. . . ဟဲ"

"ဟွန်း. . . သူကျတော့ ပေးစရာလည်း မရှိ၊ ရစရာလည်း မရှိဘဲနဲ့"

"မဂီက ငါ့ကို ချောကလက် ကျွေးမလို့တဲ့"

"ဟား. . . ဟား. . . စိတ်ကူးက ယဉ်ပ့ါ၊ ဟိုကဖြင့် အပို ကြီးလုပ်မှာ၊ တရားစခန်းဝင်ဖို့ ပြင်နေတာ ဟား. . . ဟား"

"မယုံရင် နင် မေးကြည့်လေ"

"ငါ အခု သူ့ဆီ ဖုန်းဆက်စရာ ရှိတာနော်"

"အေးပါ. . . ဆက်စမ်းပါ"

ရှင်ညိုက မဂီဆီ ဖုန်းခေါ်၏။

ဖုန်းအဆက်အသွယ်ရသွားလျှင် နန္ဒကို ချောကလက် ကျွေးမည့်ကိစ္စကို နောက်ပြောင်နေမိသလို လက်ငင်းရဲ့ညက အဖြစ်အပျက်နှင့် ထိုဇာတ်လမ်းကိုလည်း ပုံကြီးချဲ့ကာ လျှောက်ပြောနေမိတာမို့ ဘေးကကြားနေရသော နန္ဒကရယ်မောနေပါသည်။

"မဂီ. . . အဲဒီကောင်မလေး နင်သိလား"

"ဘယ်လိုသိမှာလဲ ဟဲ့. . . ငါမှ မမြင်ဘူးတဲ့ဥစ္စာ"





"လက်ငင်းနဲ့ ရင်းရင်းနှီးနှီးကိုသိတဲ့ ပုံကြီးဟဲ့၊ ဖြစ်သွားတဲ့ သူ့ရုပ်ကြီးကို နင်မြင်စေချင်တာ"

"သူ့အတွဲနဲ့ သူဆို"

"အေးလေ"

"အဲဒါဆို ဘာပူစရာရှိလဲ"

"မဂီနော်. . . နင်က တစ်မျိုး. . . ငါက သူ လျှို့ဝှက်ထားတာကို ပိုသိချင်လို့ဟဲ့"

"ဘာမှ မထူးလို့ မပြောတာ ဖြစ်မှာပေါ့၊ လက်ငင်းက အေးပါတယ်"

"မထင်နဲ့ဟေ့. . . ယောကျ်ားတွေက မယုံရဘူး၊ ဒင်းတို့လည်း ဒီပုတ်ထဲက ဒီပဲပဲ၊ ဘာမှမထူးဘူး"

"ဟေ့. . . မဆိုင်တဲ့သူတွေ မပုတ်ခတ်နဲ့နော်"

နန္ဒအသံပါ ဘေးကကြားနေရသဖြင့် သဂီကရယ်နေမိသည်။ သူတို့ငါးယောက်လုံးဟာ ခုထက်ထိ လူလွတ်တွေချည်းပဲမို့ တပျော်တပါးနှင့် ပြောမနာဆိုမနာတွေပါ။

အဂ္ဂတစ်ယောက်သာ စက်ပူမှာ သူ့ကောင်မလေးရှိနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လေးယောက်က မတုန်မလှုပ်နှင့် ခုထက်ထိ အိမ်ထောင်ရေးကိစ္စ မစဉ်းစားကြဘူးလေ။ သို့သော် ရှင်ညိုကတော့ မဂီထက် ပိုပြီး အလားအလာရှိတာ အမှန်။

သူက လက်ငင်းနဲ့ပတ်သက်ရင် အနည်းငယ် လှုပ်လှုပ်ခတ်ခတ် ရှိသည်။ အခု ကြည့်ရတာ လက်ငင်းက တစ်ခြားမှာ အာရုံကျစရာ ရှိနေတဲ့ပုံ။

"လက်ငင်းအကြောင်း သိချင်ရင် မဂီကို မေးမနေနဲ့ ငါ့ကိုမေး. . . ငါ အကုန်သိတယ်"

"ဟင် . . . တကယ်လား၊ မဟုတ်ရင်တော့ နင်နာပြီနော် နန္ဒ"

ရှင်ညိုက မဂီကို နှုတ်ဆက်ဖုန်းချပြီးတာနှင့် နန္ဒနား ကပ်လာပါသည်။

"ဟုတ်သားပဲ. . . နင်တို့က ယောကျ်ားလေးချင်း ပိုသိမှာပေါ့၊ အဲဒါ လက်ငင်းရဲ့ရည်းစားလားဟင်၊ ဘယ်တုန်းက ဘယ်လို အချိတ်အဆက်လဲ၊ ကောင်မလေးက တော်တော်ငယ်သေးတယ် မျက်နှာလေးကလည်း ကလေးရုပ်ကလေးဟဲ့ . . . သိလား"

"ယိုးမယ်ဖွဲ့က ချစ်စရာကောင်းတယ်၊ မျက်လုံးဝိုင်းဝိုင်း





နှက်နက်ကလေးနဲ့ အသားလည်း ဖြူတယ်၊ သူ စိုက်ကြည့်နေခဲ့ အရုပ်ကလေးလိုပဲလေ. . . ဟုတ်တယ်မို့လား"

"အင်း. . . အင်း. . . ဟုတ်တယ် နန္ဒ၊ နင်ပြောတဲ့ပုံပဲ သူ့နာမည်က ဘာ. . . ယိုးမယ်ဖွဲ့. . . ဟုတ်လား"

နန္ဒ သိနေတာ သေချာသွားလျှင် ရှင်ညိုက ပို၍စိတ်ဝင်တစား ဖြစ်လာပါသည်။

"လက်ငင်းက သူလေးကို တော်တော်ကြွေတယ်ဟ၊ ဟိုတလောက မဂီတို့ အိမ်ဖက် ဒီကောင် ခြေဦးလှည့်လှည့်နေတာလေ"

"ဟင်. . . မဂီနဲ့က ဘာဆိုင်လို့လဲ"

"ယိုးမယ်က မဂီညီမ ထူးစံရဲ့ဘော်ဒါပဲ၊ သူတို့က မကွေး တူ၊ ကျောင်းသူတွေ"

နန္ဒသည် ရှင်ညိုသိချင်တာတွေကို ဂုဏ်ယူစွာဖြင့် ပြောပြခွင့်ရတာကိုပင် သဘောကျနေပါသည်။

သူသိသလောက် မကြွင်းမကျန်ပြောနေတဲ့အခါ ရှင်ညိုက မျက်လုံးအဝိုင်းသားလေး အံ့အားတသင့် နားစွင့်နေလေသည်။

လက်ငင်းသိရင်တော့ လျှောက်ပြောရမလားလို့ သူ့ကို ပိတ်ထိုးဦးမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com

လေပြေညှင်းလေး သွဲ့သွဲ့ညင်သာတိုက်ခတ်လျက် အေးမြနေသော ညချမ်းလေးမှာ ယိုးမယ်တို့သူငယ်ချင်းတွေ ချစ်သူတွေ စုံစုံညီညီနှင့် ပျော်ပျော်ရွှင်ရွှင်ပဲ သီချင်းဆိုပြိုင်ပွဲဝင်ကြ အားပေးကြနှင့် ချစ်သူများနေ့မှာ အတူတကွ ရှိခဲ့ကြသလိုပဲ ထိုညမှာ ကိုလက်ငင်းရဲ့နံဘေးမှာ မရှင်ညိုလည်း ရှိနေခဲ့သည်။

သူတို့ရဲ့ဇာတ်လမ်းကို သိသွားသော ရှင်ညိုက လက်ငင်းနောက်သို့ တမင်လိုက်လာခဲ့တာ ဖြစ်သည်။

အဆိုစင်မြင့်လေးရဲ့အရှေ့ဘက်ခြမ်း တစ်နေရာမှာ သူမလည်း ထိုင်ကြည့်နေသည်။





ထိုညမှာ သီဆိုပြိုင်ပွဲဝင်တဲ့သူတွေအားလုံးဟာ ငယ်ရွယ်သားနားသော စုံတွဲလေးတွေချည်းဖြစ်သလို အားပေးနားထောင်သူတွေမှာလည်း ချစ်သူစုံတွဲလေးတွေ အများအပြား ပါဝင်သည်။

ပြိုင်ပွဲအပြီးမှာ တဆက်တည်းလို ဆုကြေညာတဲ့ အစီအစဉ်ပါတာမို့ အားလုံးက ရင်ခုန်စွာ စောင့်နားထောင်ကြသည်။

ကျော်လွင်နှင့် ယိုးမယ်ဖွဲ့က ပထမတော့ မရပါ။

သို့သော် ဒုတိယဆုကို ချိတ်သွားတာမို့ သူတို့အဖွဲ့တွေ အားလုံး ဆူညံခုန်ပေါက် ပျော်မြူးသွားကြ၏။

ကျော်လွင်နှင့် ယိုးမယ်မှာ အကယ်ဒမီပေးပွဲအလား ဂုဏ်ပြုကြ လက်ဆွဲနှုတ်ဆက်ကြနှင့်မို့ မနေတတ်အောင်ပင် ဖြစ်ရသည်။

ပြိုင်ပွဲဝင်သူတွေ အချင်းချင်းကလည်း ကွန်တရက်ကျူလေးရှင်း လုပ်ကြတာမို့ ယိုးမယ်ဘေးနားက နေဘွိုင်းပင်လှ ချစ်သူလေးအတွက် ဂုဏ်ယူပြုံးနှင့် ကျေနပ်နေခဲ့ပါသည်။

နေဘွိုင်း သူမနားမှာ ရှိနေ၍လား မသိ။ ကိုကြီးလက်ငင်းက လာမနှုတ်ဆက်။

သူမကလည်း မရှင်ညိုနှင့် စကားတပြောပြော နိုင်ငံ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအနားသို့ မသွားဘဲ ဒီဖက်ကနေသာ အသာရပ်ကြည့်နေမိသည်။

ထိုညလေးကို ယိုးမယ် မမေ့ . . .

ကိုယ် သိပ်မချစ်တဲ့ သူရဲ့ပုခုံးကိုမှီကာ ကိုယ် အရူးအမူး ချစ်မြတ်နိုးရတဲ့သူကို အဝေးကနေ ခပ်ငေးငေး ကြည့်နေခဲ့ရတဲ့ ရသဟာ သူမနှလုံးသားကို ဆွတ်ကျင် လွမ်းမောစေခဲ့သည်။



"ဝုန်း . . . ဗွမ်း"

"အမေ့"

ကားတွေ တန်းစီရွေ့နေတုန်း အမိုးဖွင့် ဟိုင်းလတ်ကားပေါ် ထိုင်နေတဲ့ ယိုးမယ်ကို အေးစက်ကျင်ခဲလောက်အောင် စိမ့်နေတဲ့ ရေခဲရေပုံးနှင့် ရုတ်တရက် လောင်းချခံရတာမို့ လန့်ဖျန့်တာ ယောင်အော်မိသည်။

"ဟိ . . . ဟိ"

ယိုးမယ် လန့်သွားတာကို ကားပေါ်ပါလာသူတွေတဟင်း ရယ်ကြသည်။

"ကျွတ် . . . နေကပူ . . . ရေကအေးနဲ့ သေတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာ ညည်းညူမိ၏။ သကြွန်ဆိုတာ ပျော်စရာကောင်းသလို စိတ်ညစ်စရာလည်း ကောင်းသည်ဟု ယိုးမယ်ထင်မိသည်။

ကိုယ်က ခဏတဖြုတ် နာရီဝက် တစ်နာရီ ရေဆော့ကစားရတာကိုကြိုက်ပေမယ့် တစ်နေကုန်တစ်နေခန်း ပြာနှမ်းအအေးပတ်အောင်တော့ လျှောက်မလည်နိုင်။

ရေစိုလိုက်၊ ခြောက်သွားလိုက်၊ လေကတိုက်လိုက် ရေခဲရေဒဏ် ထိလိုက်၊ နှုတ်က အော်ဟစ်လိုက် ကခုန်နေတဲ့သူတွေကိုကြည့်လိုက်နှင့် လူက ကြာတော့ ချမ်းတုန်လာပြီ။

ရိုးရိုးရေကို ခံနိုင်ရည်ရှိပေမယ့် ကျောထဲ စိမ့်ဖြာအောင်အေးစက်ထုံကျဉ်စေတဲ့ ရေခဲရေကို မခံနိုင်။

မနေ့က အကျနေ့ဆိုတော့ ဒီလောက်လည်း မစည်ကားသေး. . . ရေခဲရေနှင့်လည်း သိပ်မကြဲ။

ဒီနေ့တော့ ဝက်ဝက်ကွဲအောင် ကဲနေကြပြီ။

အဆိုစင်မြင့်က ဆီဒိုးနားဟိုတယ်ရှေ့နားလောက်မှာဖြစ်ပေမယ့် ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်မှာ ကားတွေကတိုးမပေါက်အောင် ကျပ်ခဲနေပြီ။





တစ်စီးနှင့်တစ်စီး ထိကပ်တော့မတတ် ယာဉ်ကြောတစ်လျှောက် ပြည့်နေရုံမက ပြန်လှည့်ချင်တဲ့ကားတွေကလည်း စိစ်တည်းညံ့မှုတ်၊ ယာဉ်ကြောပြောင်းပြန်ဝင်လာတဲ့ကားကလည်းဝင်လာ၊ ရှုပ်ယှက်ခတ်၍ လမ်းပိတ်နေလေသည်။

“ကားကလည်း မရွေ့တော့ပါလား၊ ရှေ့မှာ ဘာတွေဖြစ်နေပြီလဲ”

ရှေ့ကို မျှော်ကြည့်လျှင် ယာဉ်တန်းနှင့် လူတွေ များပြားနေတာကိုပဲ တွေ့ရပါသည်။

“ဒါကြောင့် မလိုက်ချင်တာ၊ အိမ်မှာအေးအေးဆေးဆေးစာအုပ်ဖတ်ပြီး ငြိမ့်နေရင် ပြီးရော”

ယိုးမယ်ဖွဲ့က ဗျစ်တောက်ဗျစ်တောက် လုပ်နေမိ‌ပေ သူတို့လာခေါ်တော့ ယိုးမယ် အစီအစဉ်မရှိဘဲ ပါလာခဲ့တာ။

သနပ်ခါး ပါးကွက်လေးနှစ်ဖက်ကွက်ကာ ချည်ဂါဝန်ပွပွလေးဝတ်ပြီး အိမ်မှာ အနားယူစာဖတ်မည် စိတ်ကူးကာမှ အီးချိုတို့က အတင်းလာခေါ်ကြတာ။

ယိုးမယ်ကတော့ မနေ့က လည်ပတ်ငြင်းလို့ ထပ်မေး ချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့တုန်းကတော့ ကားပေါ်မှာ နေဘွိုင်းတို့ မိုးယံတို့ လည်း ပါကြသည်။

ချစ်သူကိုယ်စီနဲ့ ရေပက်ခံထွက်ပြီးပြီမို့ ဒီနေ့မထွက်တော့ ဘူးလို့ပဲနေတာ။

နေဘွိုင်းတို့ကတော့ အကြတ်နေ့မှာ သူတို့ယောကျ်ား လေးတွေချည်းပဲ ဂျစ်ကားနှင့် ထွက်သွားကြသည်။

ကားပေါ် ယောကျ်ားလေးချည်း သီးသန့်ကဲချင်၍ မိန်း ကလေး တစ်ယောက်မှ မခေါ်။

ဒါကြောင့်ပင် အိမ်ချိုနှင့် သန္တာတို့က မကျေနပ်ဘဲ သူတို့ လည်း ထွက်လစ်ဖို့ ကြံစည်တာ။

"မထွက်တော့ဘူး. . . ဒီနေ့အိမ်မှာပဲနေမှာ. . စိတ်ချ"

ဟုပြောကာ မိုးယံတို့သွားပြီးမှ မိန်းကလေးအုပ်စုက ဟိုင်းလတ်နှင့်လည်တာမို့ ယိုးမယ်ဖွဲ့ကိုပါ ဝင်ခေါ်ကြတာ ဖြစ် သည်။

ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ရေပက်ခံထွက်ရတာ လည်း တစ်မျိုးတော့ ပျော်ဖို့ကောင်းပါသည်။

ဘေးနားမှာ ရည်းစားပါတာနှင့် မတူဘူးလေ။





သူတို့ပါနေရင် စိတ်ကျဉ်းကြပ်နေရော. . .

ရေပိုက်နှင့် တရကြမ်းထိုးပက်ခံရတဲ့အခါ ရင်ခွင်ထဲ ဝင် ပုန်း လို့ မရပေမယ့် ကိုယ့်အချင်းချင်း ကားပေါ် တိုးကပ်ဝပ်နေကြ ကာ သဘက်ကြီးတွေ လုံအောင် ဆွဲခြုံထားရသည်။

ဒါတောင် လူတစ်ယောက်က ထူးစံခြုံထားတဲ့သဘက်ကို လာဆွဲလှန်၏။

"ကဲဟယ်"

ထူးစံက ပါလာတဲ့ ငွေဖလားနှင့် ထိုလူ့လက်ကို ခေါက်ချ ၏။ သင်္ကြန်မှာ အခွင့်အရေးယူ အသားယူချင်တဲ့ ငမူးတွေ ကလည်း မနည်းပါ။

"အိုးလေး လှုပ်ပါဟေ့ . . . အိုးလေး လှုပ်ပါဟေ့"

ကားတစ်စီးဖြတ်သွားတိုင်း အိုးလေး လှုပ်ပါ သီချင်းပဲ ကြားနေရသည်။

"Alpine စင်ရှေ့ကျရင် ကားကို ကြာကြာရပ်ခိုင်းဟာ အရမ်းအိုက်နေပြီ"

"ငါတ ချမ်းနေတာ"

"Alpine ရောက်ဖို့က အဝေးကြီး လိုပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်. . . ကြာလိုက်တာ"

လူတွေကို ရေစိုစိုနှင့် နေလှမ်းထားသလို ဖြစ်နေတာမို့ ယိုးမယ်မျက်နှာလေးမှာ အားလုံးထဲ အနီးမြန်းဆုံး ဖြစ်နေပါသည်။

သူမက အစကတည်းက နေနည်းနည်းပူတာနှင့် ပါးအိုလေးတွေ ရဲလာတတ်တဲ့သူ မဟုတ်လား။

ယာဉ်တန်းက တဖြေးဖြေးလေးသာရွေ့နေရတော့ စိတ်မရှည်။

တစ်ချီတစ်ချီ အကြာကြီး ရပ်နေသေးသည်။

ရွေ့ပြန်ရင်လည်း မာတ်တိုင်တစ်တိုင်စာတောင် မရှိ။

"သင်္ကြန်ကတော့ ဒါနဲ့ပြီးမှာပဲ"

"အေးလေ"

"ရှိုး. . . ရှိုး"

ဝီစီမှုတ်သံတို့ နားညည်းတာသာ အဖတ်တင်ပြီး ယာဉ်ကြောပိတ်ဆို့မှုက ရှင်းကို ရှင်းမသွား။

"ဒီလမ်းလာမိတာကိုက မှားတာ"

ညည်းညူတဲ့သူက ညည်းညူ. . .

ကားပေါ်ကဆင်းပြီးတော့ ရေသန့်ဗူးတို့ အသားကင်တို့ တုတ်ထိုး၊ သရက်သီးချောင်းတို့ အာလူးကြော်တို့သွားဝယ်စားကြသည်။

ကားတန်း နည်းနည်းပြန်ရွေ့လျှင် ကားပေါ်မြန်မြန်တက်ကြသည်။ ဒီလိုနှင့် အတန်ကြာတဲ့အခါမှာတော့. . .

"ဂျီး. . . ဂျစ်. . . ဂျစ်"

"ဝူး. . . ဝူး"

ကားက ဖွေဖောက်လာပါသည်။

"သွားပြီ. . . အရေးထဲ ကားကပျက်ပြီ"

မိုးလေတ်ကားကြီးသည် ဆေးတွေပြန်မှုတ်ကာ ဘော်ဒီက သစ်လွင်နေသော်လည်း အင်ဂျင်က ကျနေတာလား မသိ။

မီးခိုးတွေပါ ထွက်လာသည်။

"ဟဲ့. . . လုပ်ကြဦးလေ၊ ဆင်းတွန်းကြပါဦး"

တွန်းရအောင်ကလည်း ပါလာတဲ့ယောကျ်ားလေးဦးရေက နည်းသည်။

ခေါင်းခန်း ဒရိုင်ဘာဘေးကအဖော်ရယ်. . . အိမ်ချိုတို့ အိမ်နားက လိုက်လာတဲ့ ချာတိတ်လေး နှစ်ယောက်ရယ်သာ ရှိသည်။







www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေက မိန်းကလေးတွေချည်း. .

ရှိတဲ့ယောကျ်ားလေးတွေ ဝိုင်းတွန်းသလို မိန်းကလေးတွေကလည်း ကားပေါ်က အလိုက်သိစွာ ဆင်းပေးကြပါသည်။

"ဟေး. . . မီးခြစ်ယူမလား၊ မီးခြစ်"

ဘေးက ကားတွေကလည်း အော်ဟစ်နောက်ပြောင်ကြသည်။

ယိုးမယ် မျက်နှာလေးမှာ စူပုတ်ရှုံ့မဲ့နေရ၏။

လူကချမ်းပြီး ခေါင်းကိုက်နေရတဲ့အထဲမှာ ကားက လာပျက်နေတယ်ဆိုတော့ ဘယ်အချိန် အိမ်ပြန်ရောက်မှာလဲ။

ဒီအတိုင်းတော့ မဖြစ်တော့ချေ။

မိုးကာသား ကွာတာဘောင်းဘီပန်းရောင်လေးနှင့် တီရှပ်အနက်ကို ဝတ်ကာ ဆံပင်ကို ခွဲကြောင်းနှင့် ကျစ်ဆံမြီးအသေးလေးတွေ တခေါင်းလုံးကျစ်ထားတဲ့ ယိုးမယ်စတိုင်လ်လေးမှာ စူပုတ်ရှုံ့မဲ့နေတဲ့ကြားက ချစ်စဖွယ်လေး ဖြစ်နေသည်။

ဘွတ်ရှူးအဖြူနှင့် ခြေကို ဆောင့်ကာဆောင့်ကာချရင်း လျှောက်နေပုံလေးကပင် ရယ်ချင်စရာ။

"ဟော့. . . လိုက်မလား"





ဂျစ်ကားတစ်စီးလုံး လူပြည့်နေတဲ့ကားက ခေါ်တာမို့ .

"ဟွန်း. . . နင်တို့ကားပေါ်လည်း ကြည့်ဦး၊ မျောက်တွေလို တိုးလို့တန်းလန်းနဲ့ ပြုတ်ကျလို့ ကြည့်ကောင်းဦးမယ်"

"ညီမလေး. . . အားမငယ်နဲ့. . . တက်. . တက်"

"အစ်ကိုကြီးဆီလာ"

"ဝေး. . . ဟေး. . . ဟေး"

လမ်းမှာ ကားနည်းနည်းရှင်းလာ၍ မောင်းထွက်လို့ရချိန်လေးမှ ကားက ဒုက္ခပေးနေသည်။

တွန်းလိုက်. . . စက်နှိုးလိုက်. . . ပြန်ရပ်သွားလိုက်၊ ပြန်တွန်းလိုက်။

နောက်ကလျှောက်လိုက်နေရတာ မျက်နှာတွေပူပြီး ရှက်တောင် ရှက်လာပါသည်။ အိချူနှင့် သန္တာက ခပ်တည်တည် ကားပေါ် ပြန်တက်ထိုင်နေကြ၏။

"ဟဲ့. . . ဘယ်လိုလုပ်မှာလဲ"

ဒရိုင်ဘာက ကားစက်ဖုံးဖွင့်ပြီး ဟိုနှိုက်ဒီနှိုက်စစ်ဆေးနေသည်။

အမှန်တော့ ထိုကားကို ငှားထားတာသည်း မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အိချိုတို့ အိမ်နားက အသိမိန်းကလေးတွေ အိမ်က အပျော်ထွက်လာတဲ့ ကားပါ။

သူတို့ ကားပြင်မယ်ဆိုလည်း ပြီးတဲ့အထိ စောင့်ရမည့် သဘောပါပဲ။

သို့ပေမယ့် ယိုးမယ် မစောင့်နိုင်တော့ချေ။

"ဟတ်ချိုး"

ဟတ်ချိုးတွေချေပြီး မျက်ရည်ပူတွေလည်း ကျချင်နေပြီ။ ဆံပင်တွေက ရေစိုကပ်ပြီး လူက ကုပ်ကုပ်ကလေး ဖြစ်နေသည်။

"ငါ မရတော့ဘူး ထူးစံ၊ ဗိုက်အားချမ်းနေပြီ၊ အိမ်ရောက်ရင်တော့ ဖျားတော့မယ် ထင်တယ်"

"အိမ်ရောက်ရင် အကြောင်းမဟုတ်ဘူး။ အခု ဘယ်လို လုပ်မလဲ"

"မသိဘူးဟာ"

"နင့်အိမ်ကမှ နီးဦးမယ်၊ ငါက အဝေးကြီး"

"ငါတို့အိမ်ပဲ လိုက်ခဲ့ပေါ့"

ထူးစံနှင့် ယိုးမယ်က ကားနံဘေးပလက်ဖောင်းမှာ ရပ်ရင်း ညှိနှိုင်းတိုင်ပင်နေမိကြသည်။





"အခုနေ မိုးယံတို့ ဂျစ်ကားရောက်လာရင် ကောင်းမှာ"

"မျှော်မနေနဲ့ . . . သူတို့လည်း တစ်နေရာမှာ ကားတန်းကြားထဲ ပိတ်မိနေရောပေါ့"

"အေးလေ. . . ဒါလည်း ဟုတ်တာပဲ"

"ငါတို့ ဘယ်လိုပြန်မလဲ ထူးစံ"

"တက္ကစီ ငှားရအောင်"

"နင့်တက္ကစီက ဒီနားလာလို့ရဦးမှကိုး. . ."

"ဟိုဖက်မီးပွိုင့်ဖက် ပြန်လျှောက်မှာပေါ့"

"အေး. . . အဲဒါကောင်းတယ်"

ထူးစံစကားကို ယိုးမယ်က ချက်ချင်းထောက်ခံလိုက်သည်။

ဒီမှာ ဆက်ကြာကြာစောင့်နေဖို့တော့ မဖြစ်နိုင်။

လူက အရမ်းအဝတ်အစားလဲချင်နေပြီ။

ပြီးတော့ ကော်ဖီပူပူလေးလည်း သောက်ချင်မိသည်။

"လာ. . . အိချိုတို့ကို သွားပြောမယ်"

ထူးစံနှင့် ယိုးမယ်က လက်ကနလေးဆွဲပြီး ကားနား ပြန်ပြေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိချိုနှင့်သန္တာကို အကျိုးအကြောင်း ပြောလိုက်သည်။

"ယိုးမယ်က ပျော့တယ်ဟ၊ သူဆက်နေနိုင်မှာ မဟုတ်ဘူး။ ငါတို့နှစ်ယောက် ပြန်နှင့်တော့မယ်"

"နင်တို့ကလေ. . . ခွဲခြား . ခွဲခြားနဲ့"

သူတို့က သိပ်တော့ မကြည်။ ဒါပေမယ့်လည်း မတတ်နိုင်။ ယိုးမယ်တို့နှစ်ယောက်သား တက္ကစီငှားလို့ရနိုင်မည့် လမ်းဆုံ မီးပွိုင့်ဖက်သို့ ပြန်လျှောက်ဖို့သာ ပြင်ကြသည်။

ရေစိုရွှဲရွှဲနှင့် လမ်းလျှောက်ရတာဟာလည်း မလွယ်လှပါဘူး။

ပလက်ဖောင်းအတိုင်း လျှောက်အလာမှာပင် ကုမ္ပဏီဆိုင်းဘုတ်နှင့် ရေကစားမဏ္ဍပ် အသေးစားလေးတစ်ခုကို ဖြတ်ကျော်ရသည်။

ဟင်းလင်းဖွင့်ထားသော ခြံဝင်းရှေ့က ဖြတ်အလျှောက်မှာ. . .

"ယိုးမယ်"

နာမည်ခေါ်သံကြောင့် သူမ ဖျတ်ခနဲ လှည့်ကြည့်မိ၏။

"ဟင်"





တံခါးဝမှာ အေးအေးလူလူရပ်နေတဲ့ သူက မည်သူများ ဖြစ်နိုင်မလဲ။ ထူးစံက ဝမ်းသာအားရနှင့်. . .

"ကိုလက်ငင်း"

လက်ငင်းသည် ကျစ်ဆံမြီးပေါက်စလေးတွေ စာစ်ခေါင်းလုံးအပြည့်ကျစ်ထားတဲ့ ရေစိုစက်လက်နှင့် ချစ်စရာကောင်းလှတဲ့ ယိုးမယ်ဖွဲ့ကို ပြုံးငေးကြည့်မိသည်။

"ဒါက ဘယ်ကိုလျှောက်နေကြတာလဲ၊ ထူးစံတို့နှစ်ယောက်ထဲပဲလား"

သူက စိတ်ပူပန်သလို မေးလိုက်ပါသည်။ ယိုးမယ်အနီးသို့လည်း လျှောက်လာသည်။

"ဟိုဖက်နားမှာ ထူးတို့ကားပျက်နေလို့ ကိုလက်ငင်းရဲ့ စိတ်မရှည်လို့ တက္ကစီနဲ့ ပြန်ကြမလို့"

"ဟုတ်လား. . . ဒါဆို ခဏဝင်နားပါဦးလား၊ လမ်းလျှောက်ရတာ မောနေပြီထင်တယ်၊ ဒါက အဂ္ဂအစ်မရဲ့ခြံပဲလေ ကိုယ်တို့ ဒီမဏ္ဍပ်မှာပဲ ရှိတယ်"

"အဟီး. . . အတော်ပဲ၊ ယိုးမယ်က မီးပွိုင့်နားအထိ လျှောက်ရမှာကို ပွစိပွစိလုပ်နေတာ၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ယိုးမယ်တို့ကို အင်းလျားလမ်းမကျွပ်မှာလို့ ထင်နေတာ"

"ဒီနှစ်မကျွပ်မှာ မပက်တော့ဘူး"

"အဲဗျာ. . . လာကြပါ"

သူက ခြံထဲမှာ ခင်းထားတဲ့ ပလပ်စတစ်ထိုင်ခုံတွေ ရှိရာ ခေါ်လာသည်။

"အိမ်ထဲမှာ ဝင်နားလည်း ဖြစ်တယ်နော်၊ ဘာမှ အားမနာနဲ့၊ ကူမွကီစတော့ပ်ဖ်တွေအတွက် အဝတ်လဲခန်းလည်း ပေးထားတယ်၊ ယိုးမယ်တို့ အဝတ်အစား လဲချင်လဲလိုက်ပါလား"

သူတို့ဆီမှာ ရေစိုခံအိတ်ကလေးတွေနှင့်မို့ လက်ငင်းက လိုအပ်တာ မြောလိုက်တာဖြစ်သည်။

ယိုးမယ်ကြည့်ရတာ နှုတ်ခမ်းလေးတွေ ပြာနှမ်းပြီး တုန်ခိုက်နေပုံရတာမို့ သူက ကြွင်နှာစွာ စိုက်ကြည့်နေမိသည်။

သကြိန်မှာ ရေပက်ခံဂ းတွေ အများကြီးဖြတ်သွားနေတာကိုကြည့်ရင်း သူ့ရင်ထဲမှာ ယိုးမယ်ကိုသာ လွမ်းဆွတ်သတိရနေမိချိန် တိုက်တိုက်ဆိုင်ဆိုင်ပင် သူမတို့နှစ်ယောက်က ဒီခြံရှေ့က ဖြတ်လျှောက်လာတာ မဟုတ်လား။





သူတို့မှာ ဆုံတွေ့ခွင့်ရဖို့ ကံအခွင့်အလမ်းရှိပါသေးလားဟု လိုက်တာနဲ့ ပျော်သွားရသည်။

ယိုးမယ်သည်လည်း ကိုလက်ငင်း မျက်နှာကိုမြင်လိုက်ရသောအခါ စောစောက စိတ်ညစ်နေတာတွေ၊ ချမ်းအေးစိုစွတ်နေတာတွေ၊ ဒေါင်းညာစိတ်ပျက်နေတာတွေ အားလုံးမေ့လျော့သွားရပြီ။

လည်သာအောင်းအီရှည် မိုးကာသားကျောကင်အနက်နှင့် ရေဘင်မျက်မှန်ကို နဖူးထိပ်ပင်တင်ထားတဲ့ ရှိုးများများနှင့် ထူးခြားနေတဲ့ ရုပ်သဏ္ဍာန်ကိုသာ အငေးကြီး ငေးမိသွားသည်။

သူက အရပ်လည်းမြင့်၊ အသားလည်းဖြူတာမို့ ဤသို့သားသားနားနား ဝတ်ဆင်ထားသောအခါ မင်းသားတစ်ယောက်လိုပဲ အချိုးကျကြည့်ကောင်းပြီး ကြော့မတ်ထင်လင်းနေပါသည်။

"ယိုးမယ်က အားနာနေတယ် ထင်တယ်၊ ထူးစံ သူတို့ခေါ် သွားလိုက်ပါ၊ သူ အရမ်းချမ်းနေတယ် ထင်တယ်၊ လာ ကိုယ်လိုက်ပြမယ်၊ ဒီဖက် ညာဖက်ထောင့်က အခန်းပဲ"

ထူးစံနှင့် ယိုးမယ်မှာ မငြင်းနိုင်ပါ။ အိတ်တလေးတွေကိုယ်စီဆွဲပြီး လက်ငင်းခေါ် ဆောင်ရာ တိုက်အိမ်ကြီးရဲ့ညာဘက်



www.burmeseclassic.com

www.burmeseclassic.com



က အခန်းတစ်ခုဆီ ဝင်ခဲ့ကြသည်။ သူက စောစောက ထိုင်ခုံတွေ ခင်းထားရာ မြက်ခင်းဆီ ပြန်လျှောက်သွား၏။

ယိုးမယ်တို့မှာ ခြေလက်ဆေး၊ အင်္ကျီအပေါ်အဖါးသွား အဝတ် အစားလဲကာ ဟန်ကျသွားကြပါသည်။

သဏ္ဍန်အခါမှာ ဤသို့လိုအပ်တဲ့အချိန် ဟန်ကျပန်ကျ အနားယူအဝတ်လဲဖို့ဆိုတာ မလွယ်ဘူးလေ. . . အနည်းဆုံး စား သောက်ဆိုင်တစ်ခု ပန်းခြံတစ်ခု ရှာရဦးမှာ. . .

အခုတော့ ဣန္ဒြေရရနှင့် အခက်အခဲကို အလွယ်တကူ ဖြေရှင်းနိုင်သွားသည်။

"ကိုလက်ငင်းနဲ့ လာတွေ့တာ ကံကောင်းလို့နော်"

"အင်း"

"နှင် ရင်ခုန်နေပြီလား"

ထူးစံက တိုးတိုးကပ်စ,နေသည်။

ယိုးမယ်က ပါလာတဲ့ သဘာတ်ကို ရှေ့ကြည့်ပြီး နီရဲနေတဲ့ မျက်နှာကိုပဲ ထပ်ဖွတ်တိုက်နေမိသည်။

"ထူးစံနော်"

သူမက ထူးစံပုခုံးကို တစ်ချက်တွန်းပစ်မိသည်။





ရင်တွေ အခုန်မြန်ပြီး ကြည်နူးဖို့ခွေးလာရတာကတော့ အမှန်ပါပဲ။

"သူတစ်ယောက်တည်း ရပ်စောင့်နေတယ်၊ သွားစကား ပြောလေ"

"နှင်ကရော. . ."

"ဒီမှာ ခဏနေခဲ့မယ်၊ အလိုက်သိရမှာပေါ့ဟဲ့"

ယိုးမယ် ရှက်တက်တက်ကြီးနဲ့ ကိုကြီးဆီ ခြေလှမ်းဖို့ ခက်နေသည်။

မတွေ့ရတာကြာပြီဆိုတော့ စကားလည်းပြောချင်သည်။

ကိုယ်ဟန်မတ်မတ်နှင့် ဖော့တယ်သော သူ့သဏ္ဌာန်ကို သာ လှမ်းငေးကြည့်နေမိသည်။

"ရှက်မနေပါနဲ့မာယ်. . . စကားပြောချင်တာပဲ ဘာဖြစ်လဲ"

ထူးစံက သူမရဲ့စိတ်ကို သိနေသလို တိုက်တွန်းသည်။

သူ့မျက်လုံးထဲက နွေးထွေးဆန်းကြယ်သော တစ်စုံတစ်ရာကို ယိုးမယ် နေ့စဉ်နေ့တိုင်းလိုလို သတိရတမ်းတနေမိခဲ့တာ ကိုယ့်ကိုယ်ကို ညာလို့မရချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ထိုတစ်စုံတစ်ရာကို ယိုးမယ် ဆေးကြည့်ပိုင်ဆိုင်လိုသေးသည်။

အားတင်းပြီးတော့ သူ့အနားကို လျှောက်ခဲ့သည်။

ဒီတစ်ခါတော့ ယိုးမယ်က ရှားစေးရောင်တီရှပ်လေးနှင့် စတိုင်လ်ပင် အောက်ခြေအိုးပွပွလေးနှင့် ဖြစ်သည်။

ကျစ်ဆံမြီးတွေက ရေစိုနေဆဲ. . .

"လာ. . . ထိုင်လေ ယိုးမယ်၊ ဒီမှာ မင်းအတွက် ကော်ဖီယူလာတယ်"

သူက ကော်ဖီခွက်ကို လှမ်းပေး၏။

ယိုးမယ်က ယူပြီး တစ်ငုံသောက်လိုက်သည်။ ခါးဆိမ့်နွေးထွေးသော ကော်ဖီပူပူလေးရဲ့အရသာက လူကို လန်းဆန်းကြည်နူးသွားစေသလို ချိုမြိန်သော သူ့အကြည့်မှာ နှလုံးသားက အလိုလို နွေးမြလာခဲ့ရ၏။

"မင်းရဲ့ချာတိတ် မပါဘူးလား"

သူ့မေးခွန်းကို ယိုးမယ် သဘောမကျ။

ခေါင်းယမ်းပြလိုက်သည်။

"သူက သမ်သမ်လျှောက်လည်တယ်"





"ဘာဖြစ်လို့ အတူတူမလည်တာလဲ"

တွေ့တာနှင့် နေဘို့င်းအကြောင်းမေးတာကို သဘောမကျနိုင်စွာ သူမရဲ့နှုတ်ခမ်းလေးက စူထော်ထော် ဖြစ်ချင်လာသည်။

ယိုးမယ် ချက်ချင်းမဖြေလျှင် သူက. . .

"ရန်ဖြစ် စိတ်ကောက်ထားလို့လား"

"မဟုတ်ပါဘူး"

"အဆင်မြေပြေပဲ မဟုတ်လား"

"ကိုကြီးက သိပ်ပြီး အဆင်ပြေစေချင်တယ်မို့လား"

"ဒါက ကိုယ့်ကို ရန်တွေ့တာလား"

သူက ရယ်ဟဟာမေးသဖြင့် ယိုးမယ် မျက်စောင်းရွယ်မိတော့သည်။

နှစ်ယောက်သား ဘာမှထပ်မပြောမိတော့ဘဲ တခဏ အသံတိတ်ငြိမ်သက်နေမိကြသည်။ ယိုးမယ်ရင်ထဲမှာ ကိုလက်ငင်းကို ပြောချင်တာ. . . မေးချင်တာ သိချင်တာတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် စကားလည်း မစရဲပါဘူး။

ယိုးမယ်တို့မှာ သက်ဆိုင်သူတွေနှင့်လေ. . .



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရင်ထဲမှာတော့ လှုပ်ရှားတုန်ရီနေကြတာ ညာမရနိုင်ပါဘူး။ ယိုးမယ်က မျက်နှာလေးငုံ့ကာ သူတိုက်တဲ့ ကော်ဖီကိုသာ ငုံ့သောက်နေမိသည်။

လက်ငင်းကလည်း သူမဟန်ပန်လေးကိုသာ မျောက်သွားတော့မလို တမြတ်တနိုး ပျော်ဝင်ငေးစိုက်ကြည့်နေမိသည်။

တကယ်တော့ သူတို့နှစ်ဦးထံမှာ ပြောစရာစကားတွေလည်း သိပ်မရှိပါဘူး။

"အချမ်းနည်းနည်းပြေသွားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"တစ်ယောက်ယောက် ရေလာလောင်းဦးမယ်နော်"

"အိမ်ထဲပြန်ဝင်နေရမလား ကိုကြီး"

"ယိုးမယ် သဘောပါပဲ"

"ကိုကြီးက ဘယ်သူ့ကို ထွက်စောင့်နေတာလဲ"

"မစောင့်ပါဘူး. . . ဒီလိုပဲရပ်ကြည့်နေတာ"

"ကိုနန္ဒတို့ရော. . ."

"နန္ဒ အခုနပဲ ရှိပါတယ်၊ ဒီကောင် ဘယ်ပျောက်သွားလဲ မသိဘူး"





"မရှင်ညိုရော"

သူမ တိုးတိုးမေးမိသည်။ သူက ယိုးမယ်မျက်လုံးထဲသို့ စိုက်ကြည့်ရင်း. . .

"ခုနပဲ အဝွအစ်မတွေနဲ့ လိုက်သွားတယ်၊ သီချင်းအဆိုစင်တွေဖက် လျှောက်ကြည့်မယ်၊ ပြောတာပဲ"

"ကိုကြီးက ဘာလို့လိုက်မသွားတာလဲ"

"ကိုယ်ကလား. . ဒီမှာပဲ ယိုးမယ်ကိုတွေ့မလားလို့ စောင့်နေတာပေါ့ကွ"

သူက ရွှတ်နောက်နောက် ဖြေသည်။ ဘာပဲဖြစ်ဖြစ် မရှင်ညိုနှင့် လိုက်ပါမသွားတာဘဲ ဝမ်းသာရသည်။

သူတို့မရှင်ညိုနှင့် အတူတွေ့ရလျှင် ယိုးမယ်စိတ်ထဲမှာ ဝမ်းနည်းပြီး ငိုချင်သည်။

ဒါဟာ ဘာကြောင့်များလဲ ကိုကြီးရယ်. . .

ယိုးမယ် စိတ်ထဲမှာ ကိုကြီးအပေါ် ရင်းနှီးတွယ်တာနေမိတဲ့ ခံစားမှုကို ဖျောက်ပစ်လို့လည်း မရပါဘူး။

ဘယ်နားရောက်ရောက် ကိုကြီးနဲ့ မတော်တဆများ ဆုံမလားလို့ မျှော်လင့်ရှာဖွေရတာလည်း အမောပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော့. . ."

ကိုကြီး သတိပေးတဲ့အတိုင်းပါပဲ။

အပြင်ဖက် မဏ္ဍပ်နားတဝိုက်က ကောင်လေးတစ်ယောက်က ယိုးမယ်တို့နား အလစ်ချောင်းကပ်လာပြီး ရေလောင်းဖို့ ကြံရွယ်၏။

ရေဖလားနှင့်ပြေးကပ်လျှင် ယိုးမယ်မှာ ဘယ်သွားပုန်းရမှန်း မသိ။

ကိုကြီး နောက်ကျောဖက်သို့ လှစ်ခနဲ ရောက်သွားရသည်။

"ဆောရီး. . . ညီလေး၊ သူ ချမ်းနေလို့"

"ကျွန်တော် နည်းနည်းပဲ. . . နည်းနည်းပဲလောင်းရရင် ကျေနပ်ပြီ"

လက်ငင်းမျက်နှာမှာ မအီမလည်. . . ချစ်ရသူလေးကို တစ်ခြားသူ ရေပက်မှာလည်း သူ မလိုလား။

သူတောင် ရေမလောင်းရသေးဘဲ ဒီတိုင်း ထိုင်ကြည့်နေတာ မဟုတ်လား။ ကောင်လေးကလည်း အနားရောက်ပြီးမှ ပြန်လှည့် မသွားနိုင်တဲ့ပုံ။





ယိုးမယ်ကလည်း သူ့အင်္ကျီကျောကင်စကို နောက်ဘက်က ဆွဲကာ ခုန်ဆွခုန်ဆွ ရှောင်ပုန်းနေ၏။

"မင်းကွာ. . . အပြင်မှာ သွားကစားတာ မဟုတ်ဘူး"

"နည်းနည်းပါ အစ်ကိုကြီးရာ၊ ဒီလောက်တော့ ခွင့်ပြုပေးရမှာပေါ့၊ သင်္ကြန်ရေပဲ စိုကောင်းပါတယ်ဗျာ"

"ရော့. . . ဒါဖြင့် သူ့လက်တစ်ဖက်ကိုပဲလောင်း"

"အို"

လက်ငင်းက စိတ်မရှည်လှတော့ဘဲ နောက်ဘက်က ယိုးမယ်လက်ကို ဖျတ်ခနဲ ဆွဲယူပေး၏

"အဖော်. . . အစ်ကိုကြီးက ကပ်စေးနည်းလိုက်တာ"

ထိုကောင်လေးက မကျေမချမ်းရေရွတ်ရင်းက ယိုးမယ် လက်မောင်းရင်းကနေ ရေတစ်ဖလားလုံး လောင်းချသွားပါသည်။

"တောက်. . . ဘာမှန်းကို မသိဘူး"

လှည့်ထွက်သွားလျှင် လက်ငင်း မကျေမနပ်တောက်ခတ်မိသည်။ ယိုးမယ်မှာတော့ သူ ဖျတ်ခနဲ ဖိုးဖိုးဇတ်ဇတ်ယိုးမယ် လက်မောင်းလေးကို ဆုပ်ကိုင် ဆွဲယူလိုက်တာတို့ဘဲ ရှက်ရှိန်း အသက်ရှူမှားနေရဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ အပြုအမူဟာ ချစ်သူတစ်ယောက်လို ဝန်တိုမှုပါသလို ညီမငယ်တစ်ယောက်လိုလည်း ကြင်နာစွာ အကာအကွယ်ပေးမှုပါနေသည်။

"ဒါတောင် ကိုကြီးပြောပေးလို့ပေါ့၊ နို့မို့ဆို တစ်ကိုယ်လုံး ရွှဲမှာနော်"

"အဲဒါကြောင့် ကိုယ်ပြောတာပေါ့၊ အိမ်ထဲမှာပဲနေ"

ယိုးမယ်က သူမ လက်ကလေးက ရေစွေကို ခါထုတ်ရင်း ကိုလက်ငင်းရဲ့ စကားအတိုင်း အိမ်ဖက်သို့ ပြန်လျှောက်ခဲ့ပါသည်။ ထူးစံက တံခါးဝကနေ ယိုးမယ်တို့နှစ်ယောက်ကို ပြုံးစိစိနှင့် လှမ်းကြည့်နေသည်။

ကိုလက်ငင်းပုံစံက ယိုးမယ်ဖွဲ့ကို ဘယ်နား သိမ်းထားရမှန်း မသိဘဲ ပွေ့ချီသိမ်းဖက်ထားလိုက်ချင်ပုံမျိုး ဖြစ်နေတယ်လေ။

သူတို့နှစ်ဦး ပွင့်ပွင့်လင်းလင်း ချစ်ခွင့်မရတာကိုပဲ ထူးစံမှာ ဘေးကနေ မချင့်မရဲ ကရုဏာသက်ရင်းက ရယ်လည်း ရယ်ချင်နေမိသည်။

ယိုးမယ် သဘောထားကိုလည်း စာနာနားလည်ပေးမိသည်။





ကိုလက်ငင်းအပေါ် ချစ်သူလို နီးဝပ်ပတ်သက်ခွင့် မရှိဘူးဆိုလျှင်တောင် ခင်မင်သော မိတ်ဆွေတစ်ယောက်လိုတော့ ပတ်သက်ချင်သေးတဲ့သဘောပါပဲ။

ဒါကလည်း ကိုယ့်အပေါ် စစ်မှန်စွာ တွယ်တာသူ တစ်ယောက်ကို မပစ်ပယ်၊ မမေ့ဖျောက်နိုင်တဲ့ ခံစားချက်တစ်ခုပဲပေါ့။

နေဘွိုင်းကသာ ပြဿနာမရှာဘူးဆိုရင် အရှည်သဖြင့် တည်တံ့ခိုင်မာသွားတဲ့ ဆက်ဆံပြောဆိုမှုလေးတွေ အမြဲတမ်း ရှိသွားချင်လိုက်တာတဲ့။

ဒါကို သဘောပေါက်နေတော့လည်း ထူးစံက သူငယ်ချင်းအပေါ် ခံစားနားလည်ပေးမိတာပါ။

နေဘွိုင်းကွယ်ရာမှာ သူတို့ နီးစပ်သွားပါစေဆိုတဲ့ သဘောထားမျိုး မပါပါ။

ဆုံးဖြတ်တာကတော့ ယိုးမယ်ဘာသာ ဆုံးဖြတ်ပါစေ။

ကိုလက်ငင်းဟာ ပညာတတ်သော လူကြီးလူကောင်း တစ်ယောက်မို့ ရှေ့မတိုးသာရင်လည်း အသာလက်လျှော့ နောက်ဆုတ်မည့်သူဆိုတာ ယုံကြည်သည်။

သူတို့ ကိုအဂ္ဂအစ်မခြံမှာ စုရပ်လုပ်ထားဘာတို့ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိုမသိခဲ့။ မမဂီက တရားစခန်းကြိုဝင်သွားတာမို့ သင်္ကြန်ရက်ထဲ ဘာသံမှလည်း မကြားရဘူးလေ။

ဒီနားကို ဖြတ်လျှောက်လာတုန်းက လုံးဝမျှော်လင့်မိ။

သူတို့ဘာသာ ဆုံတွေ့ဖို့ ကံကိုက ရှိလို့ပါ။ သို့သော် ဒါကိုများ နေ့ဘွင်းသိလို့ကတော့ ပေါက်ကွဲပြီသာမှတ်။

ထူးစံသည် ကြည်နူးနွေးထွေးရိပ်တို့နှင့် အတူလျှောက်လာသူနှစ်ဦးကို ကြည့်ရင်းက ပုခုံးလေး မသိမသာတွန့်မိသည်။

"ပြန်စိုသွားပြီမို့လား. . . ကောင်းတယ်၊ ငါ ဒါကြောင့်မထွက်သေးတာ"

"အေးလေဟယ်. . . အသည်းအသန်ပဲ၊ ချမ်းနေပါတယ်ဆိုမှ အတင်းကြီး လာလောင်းတယ်"

လက်ငင်းက ကုလားထိုင်တွေ မလာကာ အခန်းအပြင်လှေကားထစ်ပြန့်ပြန့်မှာ ခင်းထိုက်သည်။

ထိုနေရာမှ သံပန်းကွက်တွေသာ ကာရံထားတာမို့ ခြံပြင်ဆီသို့လည်း လှမ်းမြင်နေရသည် မဟုတ်လား။

သူက ထူးစံအတွက်လည်း ကော်ဖီနှင့် မုန့်လုံးရေပေါ်တွေ သွားယူလာပါသည်။





ပလပ်စတစ်စားပွဲ လေးထောင့်လေးခုက ယိုးမယ်တို့သုံးယောက်အတူ ထိုင်စကားပြောခွင့်ရခဲ့တဲ့ သင်္ကြန်အကြတ်နေ့လေးက မမေ့နိုင်စရာ အမှတ်တရပါပဲ။

ယိုးမယ် ရင်ထဲမှာ သာယာချမ်းမြေ့ခြင်းတွေနှင့် တသိမ့်သိမ့် ပျော်နေရသည်။

ယိုးမယ်သိတာက ကိုကြီးမျက်နှာကို ငေးမောနေရရင် ပျော်တာပဲ။

သူ ဘာကြီးပဲဖြစ်နေပါစေ သူ့အနားမှာပဲ တစ်သက်လုံး နေခွင့်ရချင်သည်။

ထူးစံရယ်. . . ချစ်သူဆိုတဲ့ ပတ်သက်မှုဟာ ဘာလဲ။

ကိုကြီးဟာ ငါ့ရင်ထဲမှာ ချစ်သူဆိုတာထက်ကို လေးစားအားကိုး ရင်းနှီးမှုတွေ ပိုနေတယ်ဟာ. . . သိလား။



www.burmeseclassic.com

www.burmeseclassic.com

"ဟေး. . . ဝေး. . . ဝေး"

ဟေးခနဲအော်သံတွေနဲ့အတူ လမ်းထဲသို့ အမိုးဖွင့်ဂျစ်ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ကပ်ဝင်လာ၏။

ကားနှစ်စီးက သူက်မာတို့ ကန်ထရိုက်တိုက်ရှေ့မှာ ရပ်လိုက်ကြသည်။

ယိုးမယ်တို့က နေ့လည်ခင်း အိမ်ခဏပြန် ထမင်းစားနားနေချိန်။

နေ့လည်နှစ်နာရီ ကားပြန်ထွက်ရင်တော့ မာမီက အတက်နေ့မို့ လိုက်မသွားနိုင့်ဟု မှာတာမို့ ယိုးမယ် မလိုက်ဖြစ်တော့။





ဒီနေ့ သူတို့ ကဲနေကြတာ လေးရက်မြောက်ရှိပြီမို့ ဆံပင်တွေ ဖွာလန်ကျဲကာ အသားတွေလည်း နေလောင်ပြီးခြောက်သွေ့နီရဲနေကြပြီ။

"ညနေစောစောပြန်ဝင်ကြနော်. . . ရန်လည်းမဖြစ်နဲ့ဦး"

အိချို တမှာမှာ. . .

ယိုးမယ် အိမ်မှာပဲ သူငယ်ချင်းတွေ စုကြကာ ညနေမှ ပြန်ဆုံမှာ. . .

မိုးယံ၊ ကျော်လွင်နှင့် နေဘိုင်းက မနေ့ကလိုဘဲ ဂျစ်ကားနှင့် လည်ဦးမှာ. .

"မနက်ဖြန်ဆို ပျင်းစရာကြီး၊ သင်္ကြန်ပြီးပြီနော်"

"တော်စမ်းပါ. . . ရှင်တို့က ခုထိ ကဲလို့မဝသေးဘူးလား"

အိမ်ရှေ့မှာ သူတို့တွေ ရပ်ပြီး စကားပြောဆို ရယ်မောနေတုန်းမှာပဲ ဝင်လာတဲ့ ဂျစ်ကားပေါ်က မိန်းကလေးနှစ်ဦးဇ ဒီဘက် လျှောက်လာသည်။

"ဟော့. . . ထူးစံ"

"ဟယ် . . . ခင်မိုး. . . နင် ဒီမှာ နေတာလား"

"အေး. . . ဟောဟိုတိုက်ပဲ၊ ငါးလွှာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ငါ ဒီကို ရောက်နေကျ၊ နင့်ကိုသာ တစ်ခါမှ မတွေ့တာပဲ၊ ဒီမှာ ငါ့သူငယ်ချင်းလည်း ဟိုဘက်တိုက် ဆယ့်ခြောက်ကပဲ၊ ယိုးမယ်ဖွဲ့တဲ့"

"ဟုတ်လား. . . မိုးတို့က တစ်လမ်းတည်းနေပြီး မသိကြဘူး ဖြစ်နေတာ၊ မနေ့တုန်းကလည်း နင်တို့ကို ကမ္ဘာအေးဘုရားလမ်းမှာ တွေ့လိုက်သားပဲ၊ ငါတို့တောင် ကားပေါ်ကနေ လှမ်းအော်သွားသေးတယ်၊ ထူးစံ မကြားဘူးလား"

"ဟင့်အင်း"

ခင်မိုးရဲ့စကားကြောင့် မိုးယံနှင့် နေဘွိုင်းတို့မှာ ခေါင်းထောင် နားစွင့်လိုက်ကြသည်။

မနေ့က သူတို့က ထူးစံတို့တစ်ဖွဲ့လုံး အိမ်မှာနေကြတယ်ပဲ ထင်တာ။

ထွက်ရင်တောင် လမ်းထိပ်လောက်ပဲပေါ့။

အခုဟာက ကမ္ဘာအေးဘုရားလမ်းမှာ တွေ့သည်ဆိုတော့ ဘယ်နားမှာများလဲ။

ထူးစံက ခေါင်းယမ်းရင်း မျက်ရိပ်ပြဖို့ပဲ. . .

အလိုက်ကမ်းဆိုးမသိတဲ့ ခင်မိုးက. . .





"ကုမ္ပဏီမကျွတ်လေး တစ်ခုပဲလေ နင်တို့က မကျွပ်ပေါ်မှာ မဟုတ်ဘူး၊ မြဲဝမှာ ထွက်ရပ်နေကြတာ၊ နင့်ဘေးမှာ ရှောင်မျက်မှန်တပ်ထားတဲ့ အစ်ကိုကြီးတစ်ယောက် တောင်ပါတယ်လေ၊ ခစ်ဖြောင့်ဖြောင့်စတိုင်လ်ပဲ"

"ဟယ်. . . မဟုတ်တာ"

"ဟုတ်ပါတယ်. . . ငါမြင်ပါတယ်နော်"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒါ ငါ့အစ်မ မိတ်ဆွေအပေါင်းအသင်းတွေပဲ"

"ဟုတ်လား. . . နောက်ကြုံရင် မိတ်ဆက်ပေးစမ်းပါ၊ အရမ်းချောလို့. . . ဟီး. . . ဟီး"

ခင်မိုးသည် သူဟန်အတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်ခစ်နောက်နောက်ရွှတ်ရွှတ်နေ၏။ ယိုးမယ်သည် ထူးစံသူငယ်ချင်းရဲ့ စကားကြောင့် မျက်နှာလေး ပျက်သွားမိသည်။

သူတို့ မိန်းကလေး လေးယောက်က မနေ့ကထွက်လည်တာကို မပြောဘဲ မြှုထားတာ။ ထူးစံနှင့် ယိုးမယ်တို့သည်တိုလက်ငင်းနှင့် တွေ့ခဲ့တာကို ပြန်မပြောဘဲ ထပ်ဆင့်မြှုထားတာကို အခုတော့ အမှတ်မထင် ဖော်ကောင်နှင့်မှ လာတိုးနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြန် ဖုံးကွယ်ရမလဲ စဉ်းစားနေဆဲ . . . ဂျစ်ကားတွေက ပြန်ထွက်ဖို့ ဒီဘက် ပြန်ကွေ့ကြပြီ။

"နင်တို့ကား ပြန်ထွက်နေပြီ ခင်မိုး"

"အေး . . . သွားလိုက်ဦးမယ်၊ ငါတို့ ဒီညနေ အင်းယားလမ်းမှာ ရှိမယ်၊ ကြုံရင်လာခဲ့ သိလား"

"အင်း . . . အင်း"

မကြုံနိုင်တာသိပေမယ့် ထူးစံက ခေါင်းအသာညိတ်လိုက်၏။ ခင်မိုး နှုတ်ဆက်ပြီး ပြန်ထွက်သွားလျှင် အရင်ဆုံး မိုးယံက . . .

"အိချို မနေ့က ကားနဲ့ လည်သေးတယ် ဟုတ်လား"

အိချိုက မျက်နှာချိုလေးသွေးကာ . . .

"ညနေမှ တစ်ပတ်ကလေးထွက်တာပါနော်၊ အိမ်နားက ဇာဇာတို့ အတင်းခေါ် လို့ ပါသွားတာ"

ဟု ဖြေရှင်းချက်ပေးလိုက်သည်။

"သန္တာလည်း ပါတာပေါ့"

ကျော်လွင်ကလည်း ဖြတ်မေးသည်။

"ပါတာပေါ့ဟဲ့၊ ငါနဲ့ သန္တာနဲ့က အိမ်ချင်းဘယ်လောက်မှား ဝေးလို့လဲ"





"ဒါဆို ယိုးမယ်ကရော"

နေဘုိင်းလေးသံက ခပ်တင်းတင်း . . .

"ထွက်မှတော့ ယိုးမယ်နဲ့ ထူးစံကိုလည်း ဝင်ခေါ်လိုက်တယ်"

"တစ်ယောက်တစ်နေရာကို . . ."

အမှန်တော့ ဖုန်းကြိုဆက်ချိန်းခဲ့ကြလိုက်ကြတာပါ။

"လာစစ်ဆေးမနေနဲ့၊ ရှင်တို့လည်း လည်တာပဲဟာ"

"ပြောတော့ဖြင့် နားအေးပါးအေး အိမ်မှာ စာဖတ်မယ်လေး ဘာလေးနဲ့"

"အို . . . အစီအစဉ်ဆိုတာ ပြောင်းချင်လည်း ပြောင်းမှာပေါ့"

အိချိုက မျက်စောင်းတစ်ချက်နှင့် ရန်စွယ်ငေါငေါလေး တုန့်ပြန်လိုက်ရာ မိုးယံက နှုတ်ပိတ်သွားသည်။

သို့သော် ယိုးမယ်ထံ ဂျစ်ကန်ကန် အကြိတ်ကြည့်နေသူက နေဘိုင်း . .

လေးယောက်မှာ ထူးစံနှင့် ယိုးမယ်က နောက်ထပ် နှစ်ယောက်သပ်သပ် ခွဲထွက်သွားတာလား။



www.burmeseclassic.com

www.burmeseclassic.com



အိချိုက ယိုးမယ်တို့ ဘာမှပြန်မပြောထားသဖြင့် အခြေအနေကို သိပ်သဘောမပေါက်သော်လည်း . . .

"အရှေ့ထဲမှာ ဇာဇာတို့ အိမ်က ဟိုင်းလတ်ကားကြီးက လည်း လမ်းမှာ ခဏခဏပျက်နေသေးတယ်၊ ဧါတို့မှာ တွန်းရတာ လက်တွေကို ညောင်းနေတာပဲ၊ အိမ်ပြန်ချင်ဇောနဲ့ ရှက်ရကောင်းမှန်းတောင် မသိတော့ဘူး။ ဘေးကကားတွေကလည်း ဟားသလားတော့ မမေးနဲ့ . . . နော်"

ဟု ဝင်ပြောပေးလိုက်ပါသည်။

နေဘွိုင်း ခပ်တင်းတင်း စိုက်ကြည့်နေသဖြင့် မိုးယံက နေဘွိုင်းပုခုံးကို တစ်ချက်ဖျစ်ညှစ်မိလျှက် . . .

"ထူးစံအသိတွေနဲ့ ကားပျက်တုန်းတွေ့ကြတာ ဖြစ်မှာပေါ့၊ ဟုတ်တယ်မို့လား"

"အင်း . . . ဟုတ်တယ်"

"ဘယ်ကအသိလဲ၊ ရှင်းရှင်းပြောစမ်းပါ"

နေဘွိုင်းသည် အခုန ကောင်မလေးပြောသွားတာ ဘယ်သူ့လဲ မျက်စိထဲ အလိုလိုမြင်ပြီးသားပင်။ ထူးစံကသာ သူ့အစ်မမိတ်ဆွေလေးဘာလေးနှင့် ဝင်ဖာထေးပေးတာ။





ပိုပြီး သေချာစေတာက ကွက်ခနဲပျက်သွားတဲ့ ယိုးမယ်မျက်နှာနှင့် တစ်မျိုးသော အမူအယာလေးကြောင့်ပါပဲ။

"လက်ဝင်းနဲ့တွေ့တယ် မဟုတ်လား"

နေဘွိုင်းက တပ်အပ်စွပ်စွဲလိုက်သည်။

အားလုံးလည်း ငြိမ်သွားကြသည်။

အခုတလော ကိုလတ်ဝင်းဆိုသော နာမည်ဟာ သူတို့အုပ်စုကြားထဲ အလွန်ကို ကြိုဟ်ဝင်နေတဲ့နာမည်လေ။ တလင်တိုင်းနေ့လောက်ကတည်းက ဒီပြဿနာ စလာတာပဲ။

ထိုပြဿနာနှင့်ပတ်သက်လျှင် သူတို့လေးယောက်က တစ်ဖက်၊ ထူးစံနှင့် ယိုးမယ်က တစ်ဖက် သဘောထားက နှစ်ဖက်ကွဲနေသည်။

ပြီးတော့ ဒီမိန်းမနှစ်ယောက်က နှုတ်လုံလုံနှင့် ကြိတ်မှိတ်ထားကြတာ ကြည့်ပါလား။

လက်ဝင်းဆိုသော ဝုဂ္ဂိုလ်လေးကလည်း လှုံကြည့်တော့ ရှဲန်းတဲလ်မန်းစတိုင်လ်နှင့် သဘောထား ပြည့်မည့်ပုံပေါ်ပြီး လူငယ် သမီးရည်းစားစုံတွဲကြား အဝင်းဖြတ်နုတ်ဖို့ ကြံစည်ကတော့ သိပ်နားထောင်မကောင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်နှင့် ကိုလက်ငင်းကြားမှာ ဘယ်လိုနားလည်မှုတွေ ရရှိထားပြီလဲဆိုတာ သူတို့လည်း မသိချေ။

"ငါတို့ တက္ကစီငှားဖို့ထွက်လာတော့ လမ်းမှာ ကိုလက်ငင်းနဲ့ တွေ့တာလေ၊ အဲဒါ ဘာဖြစ်လို့လဲ"

ထူးစံကလည်း ခပ်အေးအေးပင်. . .

မဆီမဆိုင် သူမကို လာဟောက်လို့ကတော့ ခံမှာမဟုတ်။

မပြေလည်တာ၊ မကျေနပ်တာရှိရင် နောက်မှ ချစ်သူချင်း ဖြေရှင်းကြပေါ့။

အခုလို အားလုံးရှေ့မှာ ဖြေရှင်းချက်တောင်းနေပုံက သိပ်မမိုက်။ ယိုးမယ်လည်း ရင်ဆိုင်ဖြေရှင်းဖို့ ရှက်မှာပဲလေ။

အင်း. . . ဒါကြောင့်လည်း ယိုးမယ်က နေဘွိုင်းထက်စာလျှင် သူ့အပေါ် အစွမ်းကုန် နားလည်ပေးမယ့်ပုံရတဲ့ ကိုလက်ငင်းဖက် ပိုပြီး စိတ်ယိုင်နေတာ ဖြစ်မှာ။

"ယိုးမယ်. . . ဒီလူကြီးနဲ့ မပတ်သက်ရင် မဖြစ်တော့ဘူးလား. . . ဟုတ်လား"

"ဟော့ကောင်. . . ဘွိုင်း၊ နောက်မှ အေးအေးဆေးဆေး ပြောကွာ"





မိုးယံနှင့် ကျော်လွင်က ကြားဝင်-ဖျောင်းဖျကြ၏။

"ဒီကိစ္စ ရှင်းကိုရှင်းမှဖြစ်မှာကွ၊ မင်းတို့ မသိဘူး"

"နင်က ဘာဖြစ်ချင်တာလဲ ဘွိုင်း၊ ငါ့ကို သိပ်မချုပ်ချယ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"ယိုးမယ်ကလည်း တော်တော့ကွာ. . လာ. . အိမ်ပေါ်တက်တော့"

အိချို၊ သန္တာနှင့် ထူးစံက စိတ်တိုနေသော ယိုးမယ်ကို ဆွဲခေါ်လာ၏။

နေဘွိုင်းက မိုးယံဖက်လာသော ပုခုံးပေါ်က လက်ကို ဖြေချပြီး ကားတာယာကို တစ်ချက်သွားကန်လိုက်၏။

သူ့မျက်နှာက တင်းမာခက်ထန် သုန်မှုန်နေသည်။

သူ့ရင်ထဲမှာ မခံမရပ် နာကျင်ပေါက်ကွဲရတာ များပြီ။

"မင်းတို့ မသိဘူး၊ ငါ ရေလည်တင်းတယ်၊ ဒီကိစ္စ နင်နေတာ ကြာပြီ၊ သူက ဟိုဘက်ပဲပါပြီး ငါ့ကို ခေါက်ပစ်ချင်နေတာကွ နေဘွိုင်းက ဒါမျိုး သည်းခံမယ့်ကောင် မဟုတ်ဘူး"

"အေးလေ. . . ဒါတော့ ယိုးမယ်လည်း သိမှာပါ၊ မင်းဘာ ခွင့်ပြုတယ်၊ ခွင့်လွှတ်တယ်လို့ ပြောထားတာမှ မဟုတ်ဘဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာလို့ခွင့်ပြုရမှာလဲ"

တကယ်တမ်းတော့ သူ ခွင့်မပြုလည်းဘဲ သမီးရည်းစား ဘဝမှာ တခြားရင်ခွင် ပြောင်းသွားလို့ရတာပဲလေ။

ခွင့်မလွှတ်ရင်ရော ဘာအရေးလဲ။

တစ်ယောက်တည်း ခံပြင်းနာကျည်းနေရုံရှိတာပဲ။

မစားရတဲ့အမဲ သဲနှင့် ပက်ရလောက်အောင် အထိ လည်း ဒီကောင်က အောက်တန်းကျမယ့်သူမှ မဟုတ်တာ။

အမှန်တော့ ယိုးမယ် မျက်နှာပြောင်တိုက်ပြီး ခေါက် မသွားသေးတာဘဲ သူ ကျေးဇူးတင်ရဦးမှာ။

"မင်းက ပြေပြေလည်လည်လေးနဲ့ နားလည်ပေးလိုက် ရင် ရပါတယ်ကွာ၊ ယိုးမယ်က အဲလောက်ထိလည်း ရုပ်ဖျက်ဆင်း ဖျက် မလုပ်လောက်ပါဘူး"

"ကျော်လွင် . . . မင်းမသိရင် ပါးစပ်ပိတ်ထား၊ သူ ဘယ် ခြေလှမ်းနေသလဲဆိုတာ မင်းထက် ငါ ပိုသိတယ်"

"အေးပါ . . . အေးပါ"

ကျော်လွင်က နှုတ်ခမ်းကို မဲ့ရွဲ့ပြီး ခေါင်းဆတ်၏။

နေဘွိုင်းရုပ်က ဂျစ်ကန်ကန်ဖြစ်သလို လူကလည်း စိတ်





မထင်မထင်သလို ဘုတောတတ်သေးတာ သူတို့ကတော့ အကြောင်း သိပါ။

"ဟုတ်တယ် . . . ဘွိုင်းရဲ့ မင်းသိလည်း တစ်ခါတလေ မသိချင်ယောင်ဆောင်ပေးရတယ်၊ သိပ်တင်းကျပ်လွန်းရင် မိန်း ကလေးတွေက မကြိုက်ဘူး၊ သဘောထားကြီးသလိုလို ဟန် ဆောင်ရတယ်"

"ဟန်လည်း မဆောင်ဘူး၊ အလျှော့လည်း မပေးဘူး၊ ငါက ပေါ်တင်ပဲ ရှင်းမှာ"

"အေးကွာ . . ပြောမရရင်လည်း လုပ်"

"လက်ငင်းဆိုတဲ့ ဘဲနဲ့လည်း ငါ တွေ့ကိုတွေ့ဦးမယ်"

"အဲဒါတော့ . . . မင်း အောင်ကျော်မှာပေါ့"

"ဂရုမစိုက်ဘူး"

မိုးယံနှင့် ကျော်လွင်သည် ရှူးရှူးရှဲရှဲဖြစ်နေသည့် နေဘွိုင်း ကို ဘယ်လိုမှ နားချလို့မရ။ အဆင်ပြေဖို့ ဘေးက အောင်သွယ်ခဲ့ ကြတဲ့ သူတို့ကို နေဘွိုင်းက သိပ်အရာမသွင်းချင်တဲ့ သဘောပင်။

သူဘက်က ဘာမှမများသေး၊ မလွန်သေးဘဲ အရှုပ်အရှင်း ပွဲကြမ်းနေရင် ယိုးမယ်ကလည်း သည်းခံချင်မှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်ရဲ့သဘောထားကို သူတို့ရိပ်မိနေတာမို့ နေဘွိုင်း ကို ချော့မော့နားဝင်စေချင်တာ။

"မိန်းမတွေက ကိုယ့်အပေါ် သဘောထားကြီးကြီးနဲ့ နားလည်ခွင့်လွှတ်ပေးတဲ့ ယောကျ်ားမျိုးဆိုရင် အရူးအမူးကိုးကွယ် ပြီသာမှတ်"

"တော်စမ်းပါကွာ. . . သန္တာရွှတ်ပြတဲ့လက်ချာတွေ ငါ့ကို ပြန်လာရိုက်ပြမနေနဲ့"

"သွားပြောမနေနဲ့ ကျော်လွင်၊ ဒီကောင်က ဆရာကြီး"

မိုးယံလည်း သူတင်ပေးတဲ့ဇာတ်လိုက်ကို သူမနိုင်တော့ ပေ။

ဒီလိုမှန်းသိရင် Romance ကို ခေါ်သွားပြီး လက်ငင်း ဘယ်သူဆိုတာ ပြပေးခဲ့မိမှာ မဟုတ်။

ဒီကောင်က အကိုင်အတွယ်မတတ်။ ကျန်ရစ်ဖြစ်မှ မှတ် မယ့်ကောင်။

ယိုးမယ်ကို လူကြားထဲ ဗိုလ်ကျအနိုင်ယူချင်တာကိုတော့ သူတို့က ဘဝင်မကျချင်ပါ။ ဒီအုပ်စု အတွဲသုံးတွဲလေးကို ပြေလည် စေချင်သည်။





ပြီးတော့ နေဘွိုင်းက ထူးစံကိုပါ ကြည့်မရတဲ့ပုံစံ။

မိန်းကလေးသုံးယောက်သားမှာ ယိုးမယ်ဖွဲ့ကို ဝိုင်းချော့ မော့ပြီး အိမ်ပေါ်ပြန်ခေါ်သွားပြီမို့ သူတို့သုံးယောက်သား ကား ပေါ်မတက်သေးဘဲ အခြေအတင်ဖြစ်နေတာ။

နေဘွိုင်းသည် မိုက်တီမိုက်ကန်းစတိုင်လ်ဖမ်းကာ ဘီယာ တစ်ဗူးကို ဖွင့်သောက်လိုက် ကားကိုကန်ကျောက်လိုက်နှင့် မျက်နှာ ကြီး ပုတ်သိုးထားသည်။

ဒီလို ဒေါသအရှိန်နှင့် ထွက်သွားလျှင် လမ်းကျ တစ် ယောက်ယောက်နှင့် ရန်ဖြစ်မှာ စိုးရသေးသည်။

နေဘွိုင်းက မိဘတွေပိုက်ဆံရှိတော့ နည်းနည်းသွေးနီး ထင်ရောက်ပြီး ထစ်ခနဲဆို ရန်ဖြစ်ချင်တတ်တဲ့အကျင့်ကလည်း ရှိသေးသည် မဟုတ်လား။

သူတို့မှာ ဒီကောင့်ကိုပဲ ဘေးကနေ ဝိုင်းထိန်းပေးနေရ တာ။

ကြာရင်တော့ အေးအေးဆေးဆေး သိမ်သိမ်မွေ့မွေ့ နေတတ်တဲ့ ယိုးမယ်ဖွဲ့ဟာ ဒီကောင့်ကိုကန်ထုတ်ပြီး ဟိုဂျွန်နဲ့တဲလ် မန်းဖက် ပါမသွားဘူးလို့ အာမမခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် လုပ်နေပုံကြောင့် မြန်မြန်ပါသွားဖို့ အလား အလာ ရှိသည်။

တစ်ခါတရံ ဘယ်လိုမှ ပြောမရအောင် လက်ပေါက်ကပ် ဂျစ်တိုက်တတ်တဲ့ နေဘွိုင်းကို သူတို့လည်း လက်လျှော့ထား ရလေသည်။



ထူးစံက သူရည်းစား ကိုကိုနိုင် ပြန်ရောက်နေသဖြင့် ခါတိုင်းလို အိမ်မှာ အေးအေးမနေဘဲ လမ်းထွက်ဖို့ချည်း ကြံစည် နေလေသည်။

သူအိမ်ရောက်နေတဲ့ ယိုးမယ်ဖွဲ့ကို. . .

"ဟဲ့. . . ညနေ တန်ဘောင်မှာ အကြော်သွားစားရ အောင်"

တဲ့ အဖော်စပ်၏။

ယိုးမယ်ကလည်း အိချိုတို့ရှိလျှင် ထူးစံနှင့် စကားပြော ရင်ဖွင့်ရတာ လွတ်လွတ်လပ်လပ် မဖြစ်၍ အခုလို အိမ်ထိခေါ် လာရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သွားတာပေါ့. . . ငါတို့နှစ်ယောက်ထဲလား"

ထူးစံက ပြုံးစစလေးဖြင့်. . .

"သုံးယောက်"

"ဪ. . . ဒီလိုလား"

"ကိုကိုက ညနေပြန်ရောက်မယ်လို့တော့ ပြောတာပဲ၊ ပတ်စ်ပို့ရုံးကိစ္စသွားစရာရှိတယ်ဆိုပြီး တစ်နေကုန်ပျောက်နေတာ"

"နင်တို့ ကန်ဘောင်မှာ ချိန်းထားတယ်ပေါ့"

"သူ အပြန်ဝင်ခဲ့မယ်တဲ့"

"မဂီတို့ သိလား"

"သိတော့ ဘယ်သိမလဲ"

"ကိုလက်ငင်းရော ရောက်လာသေးလား"

"သူတို့ဆိုင် နှစ်ပတ်လည်ပွဲလေ၊ အဲဒါတော့ ဖိတ်ထား တယ်"

"နင်သွားမယ် မဟုတ်လား ထူးစံ"

"သွားတာက ဟုတ်ပါပြီ၊ နေဘိုင်း သိသွားရင်ရော"

"နင်ကလည်း. . . သူပဲကြောက်နေတာပဲ၊ ငါတောင်မှ မကြောက်တဲ့ ဥစ္စာ"





ထူးစံက နှုတ်ခမ်းတစ်ချက်မဲ့ကာ. . .

"နင်ကတော့ အားတွေ ရှိနေတာကိုး"

"သကြိန်ပြီးကတည်းက ထပ်မတွေ့ရသေးပါဘူးနော်"

"တွေ့ချင်တယ်ဆိုပါတော့"

"ဘယ်လိုပြောရမလဲ ထူးစံရယ်၊ ငါလေ သူ့ကို အလိုလို နေရင်း သတိရနေမိတယ်၊ ဘာမှ မပတ်သက်ရဘူးဆိုလည်း သူ့ မျက်နှာကို ငေးကြည့်နေချင်တယ်၊ Romance မှာ သူ ဘာတွေ လုပ်နေသလဲ၊ အဝေးကနေ ထိုင်ကြည့်နေချင်တယ်၊ ငါ့စိတ်က သူ့အပေါ်မှာ တစ်မျိုးပဲဟာ ပြောပြရခက်တယ်၊ ဘွိုင်း မကြိုက် တာ သိလည်း သူ့ကို ငါ မေ့လို့မရဘူး၊ တကယ်ဆိုရင် ငါတို့နှစ် ယောက် သေချာတောင် စကားကြာကြာ မပြောဖူးပါဘူး၊ သူ့နား မှာ မရှင်ညို ရှိချင်ရှိမယ်လေ၊ ဒါကို ငါ သဘောပေါက်ပါတယ်၊ နေဘွိုင်းကို ဖြတ်ဖို့ဆိုတာလည်း သူ့မှာ ဘာအပြစ်မှ မရှိဘူးလေ နင် ငါ့ကို နားလည်ပါ့မလားတော့ မသိဘူး၊ ငါ ဘယ်သူနဲ့ပဲ လက်ထပ် လက်ထပ်၊ သူ ဘယ်သူနဲ့ပဲ ယူယူ ငါ့ရင်ထဲမှာဖြစ်လာ တဲ့ မေတ္တာတစ်မျိုးက ပျောက်မသွားတော့ဘူး၊ ဘယ်အချိန်မှာ မဆို ငါ သူနဲ့ နီးနီးစပ်စပ်လေး ရှိနေချင်တယ်၊ အဝေးကနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် သူ့ကို မြင်နေရရင် ကျေနပ်တယ်ဟာ၊ ဒါဟာ တစ်သက်လုံးအတွက် ငါလိုချင်တဲ့ဆုလာဒ်ပဲ၊ မိတ်ဆွေတွေလို ကြုံဆုံပတ်သက် မြင်တွေ့နေရရင်ကို ငါ စိတ်ချမ်းသာနေမှာ"

သူမ စကားဆုံးလျှင် ထူးစံက ပင့်သက်တစ်ရှိုက်နှင့်. . .

"အင်း. . . နှင်လည်း ရောဂါတစ်မျိုးပဲ"

"အေးဟာ"

"နှင် အဲလို ရိုးရိုးလေးခ င်ရရင်လည်း ကျေနပ်နေပါ့မယ်ဆိုတာကို နေ့အိမ်ငှးက လက်ခံဦးမှကိုး. . . တစ်ယောက်နဲ့တစ်ယောက် ရိုးရိုးပဲဖြစ်ဖြစ် ဆန်းဆန်းပဲဖြစ်ဖြစ် ဆက်ဆံပတ်သက်နေရတယ်ဆိုတာလည်း ရှေးဘဝကုသိုလ်ကံနဲ့ ဆိုင်တယ်လေ"

"နှင်လည်း မဂီလိုပဲ ကုသိုလ် အကုသိုလ်အကြောင်းတွေက ပါလာပြန်ပြီ"

"အေးဟုတ်. . . မဂီဆိုလို့ ငါ ပြောရဦးမယ်၊ သူက ခုတလော တရားစခန်းတွေ ဆက်တိုက်ဝင်ဖြစ်လာတော့ နောက်ပိုင်းတရား မမွေဖက်လိုက်စားသွားမယ် ထင်တယ်၊ ဆိုင်ရှယ်ယာတောင် သူ ပြန်ရှော်[illegible]မယ်လို့ ပြောနေတယ်"

ဟင်. . Romance မှာ မပါတော့ဘူးလား၊ ဘာဖြစ်လို့လဲ"

"ဆိုင်ကိစ္စ နှောက်ယှက်ဆံမတင်းချင်လို့တဲ့၊ သူကတော့ ကိုလက်ငင်းကို ပြန်ရောင်းနေတာပဲ၊ ငါလည်း သေချာမသိဘူး"

"ဟယ်. . . အဲလိုဆိုရင် အဲဒီရှယ်ယာ ငါ့ဝယ်ချင်တယ် ထူးစံ၊ နှင် မေးကြည့်ပါလား"

"ကိုလက်ငင်းဆီ နှင်မေးလည်း ရတာပဲဟာ"

"သေချာရင်တော့ Romance မှာ ငါလည်းပါချင်တယ်၊ မာမီက ကျောင်းပြီးရင် ကိုယ်ပိုင်ဆိုင်လေးဖွင့်ဖို့ ငါ့ကို ပိုက်ဆံထုတ်ပေးထားပြီးသားလေ၊ နှင် သိသားပဲ၊ အဲဒီပိုက်ဆံနဲ့ ရှယ်ယာဝင်ရင် ရမလား သိချင်တယ်၊ ငါပြောသလိုပဲ သူနဲ့ငါနဲ့ ကြားမှာ ပြတ်တောက်မသွားတဲ့ ပတ်သက်မှုလေး တစ်ခုခုတော့ ရှိနေချင်လို့ပါ"

"ဪ. . . ဒါဆို မမြတ်ရင်လည်း ရတယ်ပေါ့၊ နှင့်ရှင်လည်း ရှူးပေါ့ ဟုတ်လား"

"မိထူးနော်. . . ငါ့ကိုဆို ရွဲ့ဖို့ပဲ. . . မွှန်း"

"ငါတော့ အခုကတည်းက ခေါင်းကိုက်နေချင်ပြီ"

"နှင်ကလည်း. . ."

"နှင့်ရဲ့ အိမ်ငှးလေ. . . အဲဒါကြီးက မြသဘော"







www.burmeseclassic.com

www.burmeseclassic.com



"ဆီးကရက်ပေါ့ဟာ"

"ရပါလိမ့်မယ်"

"သူနဲ့ ရှင်းရမှာက ငါတာဝန်ထားပါ၊ ငါ ရှင်းနိုင်ပါတယ်၊ နင်သာ မဂီကို ပြောပေး"

"အစီအစဉ်ကတော့ ဟုတ်နေတာပဲ"

"ကိုလက်ငင်းလည်း သဘောကျမှာပါ"

"အေးပါ. . . ဒါဖြင့် မရှင်ညိုရော"

ယိုးမယ် တစ်ချက်တွေသွားရသည်။

မရှင်ညိုကတော့ နှစ်သက်မည် မထင်။ ထိုကိစ္စကို ကန့်ကွက်ဖို့ပဲ ရှိမှာ။

"ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်ချင်တယ်ဟာ"

"အေးပါ. . . ဒါဆိုလည်း ညကျရင် မမဂီကို မေးထားလိုက်ပါ့မယ်"

ထူးစံက လက်ခံခေါင်းညိတ်လိုက်တာမို့ ယိုးမယ် ကျေနပ်သွားရ၏။

ကိုလက်ငင်းနှင့် သူမရဲ့ကြားမှာ တစ်သက်တာ ပတ်သက်မှုမျိုး ရှိပါရစေ။





ရည်းစားမဖြစ်ရလည်း အိမ်ထောင်ဖက် မတော်စပ်ရလည်း သူငယ်ချင်းမိတ်ဆွေလို အစ်ကိုကြီးတစ်ယောက်လို ခင်တွယ်မြတ်နိုးခွင့် ရချင်ပါသေးသည်။

ဘိုင်း နားလည်အောင် ဘယ်လိုခွင့်တောင်းရမည်လဲဆိုတာတော့ မသိသေးပါဘူးလေ။

ထူးစံက နာရီကို မော့ကြည့်ပြီး. . .

"လေးနာရီတောင် ခွဲပြီးနေပြီ၊ ကန်ဘောင်သွားကြတော့မယ်လေ"

"နင်ပဲ အရင်ဖြင်ပါဦး"

"ငါက ဒါပဲ"

"ဟဲ့. . . နင့်ကိုကိုနဲ့ တွေ့မှာပေါ့၊ ရုပ်အကျီပွကြီးနဲ့ လုံတာပတာလေးများ လုပ်စမ်းပါဦး"

ဘိုကေဆန်ဆန် ဆံပင်တိုတိုနှင့် ရုပ်အကျီနဲ့ ကဗျာမဆန်တဲ့ ဓမကို သူမ သတိပေးရပါသေးသည်။

"သူက မိန်းမဆန်တဲ့ ငါ့ပုံစံ ယိုးကားယားလေးကို သဘောကျတာတဲ့ . . . ဟီး. . . ဟီး"

"အံမယ်လေး. . ပြင်သွားကြည့်မယ်ပါဦး၊ အလှမပြင်တဲ့သူလို့ မရှိပါဘူးဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ယို့မယ်က ထူးစံတို့ နားချကာ ဆံပင်ပေါ် ဆံညှပ်ပေါက်စနလေး နှစ်ခုဆင့်တပ်ပေး၊ နားစွဲရှည်ရှည်ပန်းရောင်လေး တပ်ပေး၊ ကော်လံပါတဲ့ ပန်းနုရောင်အကျီလေးကိုရွေးပေး၊ ဖိနပ်ကို ကြိုးသိုင်း ခွာချွန်လေးစီးဖို့ အကြံပေး စသဖြင့် ဘေးကနေ ဒီဇိုင်နာ လုပ်ပေးရ၏။

အပြင်ထွက်ဖို့ အသင့်ဖြစ်သွားလျှင် ယို့မယ်က ထူးစံကို ကျေနပ်စွာကြည့်ပြီး. . .

"ဒီလိုဆိုတော့လည်း နင်က မိုက်သလိုလို ဖြစ်သွားပြီ"

ဟု ချီးမွမ်းမိသည်။

ထူးစံကလည်း သူ့ကိုယ်သူ သဘောကျစွာ ပြုံးမြမြလေး ဖြစ်နေ၏။

လှိုင့်မြင့်မိုအိမ်ယာဂါနေ အင်းလျားကန်ဘောင်ကို စက်ဘီး အတူစီးလာကြတာ . . . ညနေစောင်းဆိုပေမယ့် နေမပူတော့ပါ။ မိုးပင် ခပ်အုံ့အုံ့လေး ဖြစ်နေသည်။

ထိုအချိန်က လမ်းလျှောက်ထွက်ဖို့အကောင်းဆုံးပင်။

ထူးစံက စက်ဘီးကို ကန်ဘောင်ထိပ် အကြော်ဆိုင်နားမှာပဲ ထားပြီး လေညှင်းခံ လမ်းလျှောက်ကြ၏။





"နင့်ကိုကိုနဲ့ ဘယ်နားချိန်းတာလဲ"

"အောက်ဘက်က တွန်ကရစ်လမ်းလေးမှာ၊ ဟော. . ဟိုမှာ ကိုကိုလာနေပြီ၊ တွေ့လား"

ထူးစံက ဝမ်းသာအားရနှင့် သူ့လူကြီးကို အဝေးကနေ လှမ်းမြင်၏။

တော်တော်ချီးကျူးဖို့ကောင်းတဲ့ မျက်စိပါပဲ။

ကိုကိုနိုင်က စပို့ရှပ်လက်ရှည် အသားရောင်ကို ဂျင်းဘောင်းဘီ နက်ပြာမှိုတက်ရောင်ထဲ ထည့်ဝတ်၍ ခါးပတ်အနက်ရောင် ပတ်ထားသည်။

စတိုင်လ်က မဆိုးပါဘူး။ ထူးစံနှင့် လိုက်ဖက်တော့ မညီ။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် သူတို့နှစ်ယောက် ခိုင်ခိုင်မြဲမြဲ ချစ်တယ်ဆိုတော့ ပြီးတာပဲပေါ့။

"နင်တို့စကားပြောနေရင် ငါက ဘေးက ငုတ်တုတ် ဘာလုပ်နေရမှာလဲ"

"အာပူလျှာပူသောက်ရင်း စောင့်ပေါ့ဟယ်၊ ဒီမှာ အခ်ဲဗီဖိုးလည်း ပါတာပဲ၊ အေးအေးဆေးဆေး နားထောင်နေလိုက်ရော့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ကောင်းတယ်၊ ငါတစ်ယောက်တည်း လိုမ့်ပိန့်ပျင်းရမယ်"

"နင် မပျင်းချင်ရင် ဘွိုင်းဆီ ဖုန်းဆက်လိုက်"

"မဆက်ချင်ပါဘူး၊ သူနဲ့မှ မခေါ်တာ"

"ဒါဆို ကိုလက်ငင်းဆီ"

"ထူးစံနော်"

"အေးပါ . . . ကြိုက်သလိုလုပ်၊ ငါတော့ လစ်ပြီ"

"မိန်းမ . . . ခလုတ်ပါ တိုက်မယ်၊ ဖြေး . . . ဖြေး"

"ဟီး . . . ဟီး"

ထူးစံက လှေကားထစ်ကနေ ဆံပင်လေးသပ်ရင်း ပြေးဆင်းသွား၏။

အောက်ဘက်က ကွန်ကရစ်လမ်းလေးကနေ ကိုကိုနိုင်က ရင်ဖွင့်ကြိုနေသည်။

ယိုးမယ်ဖွဲ့က ပြုံးချင်ချင်လှုံ့မ်းကြည့်ရင်းက အိုင်ဘီစီဖက်သို့ ဆက်လျှောက်လာခဲ့သည်။

အင်း . . . သာယာတဲ့ကန်ဘောင်လမ်းလေးက ဆွတ်ပျံ့ဖွယ်ပါလား။ ဒီညနေ အုံ့မှုံ့မှုံ့ဖြစ်နေပေမဲ့ လူလည်း ရှင်းနေသည်။





ကိုကိုနိုင်နှင့် ထူးစံက ကြည်ကြည်နူးနူး လက်ကလေးချိတ်ကာ အဝင်ဝက ပန်းခြံအုပ်အုပ်လေးဖက် ပြန်လျှောက်တာမို့ ယိုးမယ်နှင့် ဆန့်ကျင်ဖက်၊ တောင်နှင့် မြောက်။

ယိုးမယ်သည် တစ်ယောက်တည်း လက်ကိုလွှဲကာ ဟန်ပါပါလျှောက်ရင်း လတ်ဆတ်သော လေနုအေးအေးကို အားပါးတရ ရှူရှိုက်မိသည်။

လေပြေထဲမှာ မိုးရွာမယ့် အငွေ့အသက်လေးတစ်ခု ရှိနေသလို ခံစားရ၏။

အခုနေသာ မိုးရွာရင်တော့ စိုဖို့ပဲ ရှိသည်။

အိုင်ဘီစီဖက်နား မရောက်တရောက်မှာ ယိုးမယ်က ဒီဖက်သို့ ပြန်လျှောက်သည်။

အတော်အတန် လျှောက်လာပြီး ကန်ဘောင်ရဲ့အလယ်နားလောက်မှာ ထင်တဲ့အတိုင်းပဲ မိုးက ဝေါကနဲ ရွာချ၏။

မိုးပေါက်တွေက ကြီးမားသည်။ ခပ်ဖွဲဖွဲလေးရွာတာမျိုး မဟုတ်။ ဝုန်းဝုန်းဒိုင်းဒိုင်းချည်းပဲ ရွာသွန်းလိုက်တာ။

အချိန်ရမယ် ထင်ပေမယ့် ပြုန်းခနဲရွာချတော့ မိုးခိုစရာနေရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ယိုးမယ်က ဘာမှစဉ်းစားမနေဘဲ ရှေ့က ထီးအမိုးအောက်သို့ အမြန်ရွေ့ပြေးသည်။

စုံတွဲရှိရှိ ဘာရှိရှိ ဂရုမစိုက်နိုင်။

မိုးမမိအောင် အပြေးအလွှား ဝင်ခိုလိုက်တာပါ။

ခုံတန်းရှိပေမယ့် နေရာလွတ်မှာ မိုးခိုလို့ရသေးတာပဲ။

ကန်ရေပြင်ဖက် လှည့်ထိုင်နေသူတစ်ဦးက သူ့နောက်ကခြေသံကြောင့် လှည့်ကြည့်၏။

မိုးသံက ထီးအမိုးပေါ် တဖြောင်းဖြောင်း ကျနေသည်။ လေပြင်းလည်းပါသည်။

"ယိုးမယ်"

"ဟာင်"

ခုံတန်းပေါ်မှာ ထိုင်နေသူကို အားနာ၍ ယိုးမယ်က ကျောခိုင်းထားလိုက်တာ။

နာမည်ခေါ်သံကြားမှ အလန့်တကြား ကြည့်မိ၏။

"ကိုကြီး"

မယုံနိုင်စွာ ရေရွတ်မိသည်။

တမင်တကာ ဖန်တီးထားသလိုပင် အောင်မေ့ရ၏။





တိုက်ဆိုင်မှုရဲ့နောက်ကွယ်က လျှို့ဝှက်နက်နဲတဲ့ ကွန်ယက်သည် အံ့မခန်း ဆန်းကြယ်လှသည်။

ရုတ်တရက် မိုးသည်းထန်ချိန်မှာ ကြိုတင်မချိန်းဆိုပါဘဲ အင်းလျားရဲ့ ထီးမိုးအောက် ခုံတန်းမှာ အတူလာဆုံဖို့ဆိုတာ အင်မတန် ခဲယဉ်းလှတဲ့ ဖြစ်ရပ်တစ်ခုပဲ၊ ယိုးမယ် ထင်သည်။

နှစ်ဦးသား မျက်လုံးချင်းဆုံကြည့်ကာ စကားပင် မဆိုနိုင်။

မိုးသည်းထန်နေပုံကပင် ရင်ခုန်စရာ ကဗျာဆန်နေ၏။

"ယိုးမယ် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲဟင်"

သူက စိတ်သူပ်ရှားစွာ စတင်မေးလိုက်၏။

"လမ်းလျှောက်ရင်း မိုးရွာလာလို့ပေါ့၊ ကိုကြီးကရော ဒီမှာ တစ်ယောက်တည်း ဘာလို့ထိုင်နေတာလဲ၊ မရှင်ညီရော မပါဘူးလား"

လက်ငင်းက ပြုံးလိုက်သည်။

ပြီးတော့ သူ ယိုးမယ်နှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်လိုက်သည်။

"ရှင်ညီပါမယ်လို့ ဘာလို့ထင်တာလဲ"

"ကိုကြီးရည်းစားပဲမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူးဗျာ၊ ကိုကြီး အသည်းစွဲအောင်ချစ်နေမိတာ တစ်ခြားကောင်မလေးတစ်ယောက်ပါ"

"ဟင်"

"သူ့မှာ ရည်းစားရှိနေလို့ ဖွင့်ပြောဖို့လည်း အခြေအနေမပေးဘူးလေ၊ တကယ်လို့ ကိုယ်ပြောမိခဲ့ရင် နောက်ပိုင်း မျက်နှာချင်းဆိုင်ရတဲ့အခါ မျက်နှာပူစရာ ဖြစ်နေမှာလည်း စိုးလို့ပါ၊ ဒါပေမယ့် ယိုးမယ် သိချင်ရင်တော့ ကိုယ် အခု ပြောနိုင်တယ်"

"ဟင့်အင်း. . . မသိချင်ပါဘူး၊ မပြောနဲ့တော့"

သူမအသံလေးက တိုးတိမ်တုန်ခတ်သွား၏။

"ကိုယ်လည်းထင်တယ်၊ ဖွင့်ပြောခွင့်ရမှ အချစ်မဟုတ်ပါဘူး၊ လောကမှာ မပြောဘဲ သိနိုင်တာတွေလည်း အများကြီးရှိနေတာပဲလေ"

လက်ငင်းသည် ချစ်စရာကောင်းသော သူကလေးရဲ့ မျက်နှာကို မလွှဲတမ်း စိုက်ကြည့်ရင်း ရင်ခုန်စွာ ဆိုမိသည်။

မိုးစက်တွေက လေအေးလေးဝှေ့သွားတိုင်း သူတို့ထံ ဖျန်းကန် ပက်စင်နေသည်။ အေးမြစိုစွတ်နေသော မိုးစက်လေးတွေရဲ့ အထိအတွေ့ကိုပင် နှစ်သက်စွာခံယူရင်း နေရာမရွှေ့မိကြပေ။





မကြာခဏ မိုးမိတတ်တဲ့ လက်ငင်းသည် ဒီတစ်ခါအချက်မပေးဘဲ ဝုန်းဝုန်းဒိုင်းဒိုင်း သည်းကြီးမည်းကြီး ရွာချလိုက်တဲ့ မိုးကို ကျေးဇူးတင်နေသည်။

ဒီမိုးကြောင့်ပဲ ယိုးမယ် သူ့အနားကို ရောက်လာတာ မဟုတ်လား။

သူတို့သုံးယောက်လည်း ကားမောင်းလာရင်းက စိတ်ကူးပေါက်ပြီး ကန်ဘောင်ပေါ် တက်လာခဲ့ကြတာ။

ဒီနားရောက်မှ နန္ဒနဲ့ အဂ္ဂက ဘီယာဗူးဝယ်မယ်ဆိုပြီး ပြန်လှည့်ကြတာလေ။

သူကသာ ခြေညောင်းမခံတော့ဘူးဆိုပြီး ဒီခုံတန်းမှာ ဝင်ထိုင်လိုက်တာ။

ထိုင်ပြီးတာနှင့် ဘယ်လောက်မှမကြာဘဲ မိုးက ဝုန်းခနဲ ရွာချတာ မိုးရွာတာနှင့် တစ်ပြိုင်နက်လိုပဲ ယိုးမယ်ဖွဲ့ လှစ်ခနဲ အပြေးကလေး ရောက်လာတာ။

ဆုံခွင့်ပေးသော တစ်စုံတစ်ရာကို လက်ငင်း ကျေးဇူးတင်လှ၏။ သူ့ရင်ထဲမှာ ဘယ်လောက်ထိ အံ့ဩဝမ်းသာလှုပ်ရှား ယစ်မူးရသလဲဆိုတာ သူကိုယ်တိုင်ပဲ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလို သည်းသည်းမည်းမည်း ရှာသွန်းနေတဲ့မိုးကိုလည်း တိတ်မသွားစေချင်။ ဒီအနားကိုလည်း ဘယ်သူမှ ရောက်မလာစေချင်။ အနှောင့်အယှက်ကင်းတဲ့ မိနစ်လေးများကို ပိုင်ဆိုင်ဖူးချင်သည်။

"ဟုတ်ပါတယ် ကိုကြီးရယ်၊ ယိုးမယ်လည်း အဲလိုပဲ ထင်ပါတယ်"

"မိုးအရမ်းသည်းတယ်၊ ဒီဖက်နည်းနည်းတိုး"

"မိုးရွာတာ ပျော်စရာကြီးပါ။ ကိုကြီးမှာ မရှင်ညို မပါခဲ့ဘူးဆိုရင် အခု ဘယ်သူနဲ့ လာတာလဲ"

"နန္ဒတို့ ပါတယ်"

"ဒါဖြင့် သူတို့ရော"

"ကားနားခဏ ပြန်သွားတယ်"

အချိန်ကိုက် ရှောင်ပေးကြသလိုပဲ ဖြစ်နေတာလေ။

လက်ငင်းက ဒီယာဗူးသွားဝယ်တယ်ဟု မပြော။

"ဟင်. . . ယိုးမယ်လည်း ထူးစံနဲ့ အတူတူလာတာ"

"ဟုတ်လား"

"သူကိုကိုနဲ့ ချိန်းထားတာလေ"





"သြော်. . . ဒီလိုလား"

"မဂီကို သွားမပြောနဲ့ဦး"

လက်ငင်းက ရယ်လိုက်သည်။ သူမပြောပုံလေးကိုလည်း ချစ်စနိုး ဖြစ်မိသည်။

"မပြောပါဘူး"

"သြော်. . . ဒါနဲ့ မဂီက သူ့ရှယ်ယာတွေ ကိုကြီးကို ပြန်ရောင်းမလို့ဆို. . . ဟုတ်လား"

"အင်း. . . ပြောနေတာပဲ"

"ယိုးမယ်. . . ဝယ်ချင်လိုက်တာ"

"ဘာလုပ်မလို့လဲ"

တစ်ခွန်းချင်း ပြုံးစိစိ ပြန်မေးနေတဲ့ သူ့ပုံစံ မချိုမချဉ်လေးကို ယိုးမယ်က နှုတ်ခမ်းလေးစူလျက် မကျေမနပ် မော့ကြည့်ရင်း. . .

"စီးပွားရေး အတူတူလုပ်ချင်လို့ပေါ့"

ခပ်စွာစွာ ဖြေလိုက်၏။

"ခင်ဗျားလေးက စီးပွားရေးလုပ်မယ်. . . ဟား. . ဟား"

"ဘာရယ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယိုးမယ်ကို သဘောကျလို့ပါ"

သူ့စကားကြောင့် ရင်ထဲမှာ ဖိုခနဲ နွေးသွားရ၏။

"မဖြစ်နိုင်ဘူးလို့ ထင်လို့လား"

"ဧထင်ပါဘူးဗျာ"

"Romance ကိုလည်း စိတ်ဝင်စားလို့ပါ"

"ဒါဆို လက်ငင်းကိုရော"

"ကိုကြီးကိုလည်း အမြတ်မ်းခင်မင်သွားချင်တယ်၊ ကိုကြီး ဖက်တရော အဲလို. . . ဆန္ဒမရှိဘူးလား"

"အမြဲတမ်းခင်မယ်"

သူက တိုးဖွဖွရေရွတ်ရင်း ပါးပြင်ကိုလည်း ပြောင်စပ်စပ်နှင့် ပွတ်ပြနေပါသည်။

"ကိုယ်တော့ လက်သီးစာမိမယ် ထင်တယ်ကွ၊ ဖြစ်ပါ့မလား"

"အို. . . ဘာဆိုင်လဲ"

"မှင်း. . . ချာတိတ်က ခွင့်ပြုမယ် ထင်လို့လား"

"သူ ခွင့်မပြုလည်း ခင်မှာပဲ"

ယိုးမယ်က ဇွတ်တိုးပြောလိုက်လျှင် သူက ယိုးမယ် နှလုံး





သားထဲထိ ထွင်းဖောက်သွားတော့မလို စူးငေးနှစ်လိုစွာ စိုက်ကြည့်နေလေသည်။

စကားသံတို့ကို မိုးသံက ခေတ္တဖုံးလွှမ်းသွားလျှက် ငြိမ်သက်နေမိကြသည်။

တစ်ဦးရဲ့စိတ်ကို တစ်ဦးက ရိပ်မိစွာ တွယ်ငြိနေမိကြသည်။

မိုးတွေကလည်း အချိန်ကြာမြင့်စွာ ရွာသွန်းဖြိုးနေဆဲ။

ရင်ထဲက အချစ်တွေကလည်း အတားအဆီးမဲ့စွာ နှလုံးသားမှာ ရွာနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်. . . ဒါက ဘယ်ကိုလဲ၊ ဒီလောက် မိုးသည်းနေတာ ကားထဲပြန်ထိုင်ရင်ကောင်းမယ်"

"သူတို့ ဒီမှာပဲ ရှိလိမ့်မယ်"

"အေးလေ. . . ရှိရင်ရော ဘာလုပ်မလို့လဲ"

အာကာ့မေးခွန်းကို နေဘွိုင်းက မဖြေ။ မေးကြောတွေထောင်အောင်ပင် အံကို တင်းတင်းကြိတ်ထားမိ၏။

မိုးသည်းတဲ့အချိန်မှာ သူ့နှလုံးသားက ပူလောင်ဆူပွက်နေသည်။ ရင်ခုန်သံလည်း တဒိတ်ဒိတ်နှင့်မြန်နေ၏။

အခုတော့ သူဟာ ယိုးမယ်ရဲ့ခြေလှမ်းတွေကို ရိပ်မိနေပြီ။





လက်ငင်းဟာ ထူးစံအစ်မရဲ့သူငယ်ချင်းဆိုတာကိုရော၊ Romance ကို စပ်တူဖွင့်ထားကြတာကိုရော၊ လှိုင်မြင့်မိုရ ထူးစံအိမ်ကို လက်ငင်း မကြာခဏ ရောက်လာတတ်တာကိုရော၊ ယိုးမယ်နဲ့ တွေ့ဖို့ အခွင့်အလမ်း ပွင့်နေတာကိုရော ကွင်းဆက်ချိတ်ထားတာတွေ အားလုံးကို သူသိသွားခဲ့ပြီလေ။

အစကတည်းက ဒါကို လျှို့ဝှက်ထားတာကိုက သူတို့မှာ ရည်ရွယ်ချက်နှင့်မို့လို့သာပေါ့။

နေနှင့်ဦးပေါ့ကွာ. . . ငါ လက်တွေ့စောင့်ဖမ်းပြဦးမယ်။

နေဘွိုင်းက တိတ်တဆိတ်ကြုံးဝါးရင်း နည်းလမ်းရှာခဲ့၏။

ထူးစံတို့ အိမ်နားမှာ သူ့ဘော်ဒါတစ်ယောက် ရှိသည်။

အာကာ့ကို အကျိုးအကြောင်းပြောပြီး စောင့်ကြည့်ထားစေခဲ့သည်။ ဒီနေ့ အာကာက သူ့ဆီဖုန်းဆက်သည်။

ယိုးမယ် ရောက်နေတယ်တဲ့။

ဒါဟာ လက်ငင်းနဲ့ ကြိုတင်ချိန်းထားလို့ပဲဟု သူယူဆသည်။ ဒီတိုင်းဆိုရင် ဘာကြောင့် ထူးစံအိမ်ကို တကူးတကသွားမလဲ။

အိမ်ချိန်ရှင့် သန္တာလည်း မပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလာခဲ့ပါလားဟု အာကာခေါ်လျှင် သူရောက်ချသွားချိန်ကလည်း ကွက်တိ။ ထူးစံနှင့် ယိုးမယ်က စက်ဘီးတစ်စီးနှင့် ထွက်လာကြတာ သူ ပက်ပင်းတွေ့ရသည်။

သူနှင့် အာကာ မသိမသာ လိုက်ချောင်းတာ။

ဒီရောက်တော့ ထူးစံကိုပဲ သူ့ရည်းစားနှင့် တွေ့ရပြီး ယိုးမယ်ကို မျက်ခြေပြတ်သွားကြ၏။

ထိုအချိန်မှာပဲ မိုးက အမှတ်မထင် တဝုန်းဝုန်းနှင့် သည်းကနဲ မည်းကနဲ ရွာချလိုက်တာဖြစ်သည်။

"နေဘွိုင်း. . . ဘာစဉ်းစားနေတာလဲ"

ယိုးမယ်ဖွဲ့သည် ဒီကန်ဘောင်တစ်နေရာမှာ လက်ငင်းနှင့် ချိန်းထားကြတာ ဖြစ်မည်။

ဒါဟာ ကျိန်းသေပေါက်သေချာသည်။

သို့သော် သူမတို့နှစ်ဦးတို့ နေဘွိုင်းဘယ်လိုရင်ဆိုင်မလဲ။

ဒီတိုင်းပဲ ပြဿနာသွားရှာ ဆွဲထိုးပစ်ရမလား။

သူ့ရင်ထဲ မခံချိမခံသာ ကြိတ်မနိုင်ခဲမရ ဖြစ်နေမိ၏။

ဒီညနေမှာတော့ သူ ခဲလင်းလုပ်ကိုလုပ်ရမည်။

"ဟိုလူ ရောက်နေမယ်လို့ မင်းထင်လား"





နေဘွိုင်းက ခက်ထန်သောမျက်နှာထားနှင့် ငြိမ်တွေတွေ ရပ်နေသည်။

"သူ့ကားကို မင်းသိလား"

လက်ငင်း ဘာကားကိုစီးနေသလဲ သူ မသိ။ သို့သော် ယိုးမယ်ဖွဲ့နား ရောက်နေမှာကိုတော့ အတပ်သိနေသည်။

နေဘွိုင်းက ခေါင်းယမ်းလိုက်၏။

"အခု. . . ဘာလုပ်မှာလဲ၊ ငါရော လိုက်ခဲ့ဖို့လိုလား"

"မင်း အကူအညီတော့လိုတယ် အာကာ"

"ဘာအကူအညီလဲ"

"သက်ထားဖော်ကို ခေါ်ပေး"

"ဘာ"

"သက်ထားဖော်ကို မင်း ချိန်နေတာ ငါသိပါတယ်ကွာ၊ ဒါပေမယ့် ပလိစ်၊ ငါနဲ့ ခဏလောက်တွဲလျှောက်လိုက်ဖို့ အကူအညီ တောင်းပေးစမ်းပါကွာ. . နော်"

မိုးရွာနေလို့ ကားပေါ်က မဆင်းဘဲ သီချင်းနားထောင် ကျန်ရစ်ခဲ့သော သက်ထားဖော်ကို နေဘွိုင်းက သတိတရဆွဲထုတ်ဖို့ အကြံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယိုးမယ်နားကို ငါတစ်ယောက်တည်း သွားဖို့ အင်အား မရှိဘူးကွာ၊ ငါ ဆုံးဖြတ်လိုက်ပြီ"

"ဘာအစီအစဉ်လဲကွာ"

"လောလောဆယ် မင်းကို မရှင်းပြနိုင်သေးဘူး အာကာ၊ မင်း သွားခေါ်မှာလား၊ ငါ ခေါ်ရမှာလား၊ ဒါပဲ ပြော"

နေဘွိုင်းသည် ဘော်ဒါတွေကို ဗိုလ်ကျနေကျ ထုံးစံ အတိုင်း ခပ်ပြတ်ပြတ်ပြောလိုက်လျှင် အာကာက သက်ပြင်းရှိုက် သည်။

အာကာ. . . အာကာ. . .

အခုတော့ သူ့အတတ်နှင့်သူ ရှုံးပြီပေါ့။

သူ့မှာဖြင့် သက်ထားလေးကို ဖွင့်မပြောရဲသေးလို့ ခုထိ သူငယ်ချင်းအဆင့်ကနေ မတက်သေး။

"ကဲပါကွာ. . . ဒါဆို မင်းကိုယ်တိုင်လိုက်ပြီး အကျိုး အကြောင်း. . . ပြော. . . လာ"

နေဘွိုင်းနှင့် အာကာသည် ကော်ဖီဆိုင်ရဲ့ တံစက်မြိတ် အမိုးအောက်ကနေ မိုးရွာထဲမှာ ရပ်ထားတဲ့ ကားဆီ တဖုတ်ဖုတ် နှင့် ပြေးလာကြ၏။





ပြီးလျှင် အဲ့ယားဖားယား ကားထဲဝင်ထိုင် ပြီးတော့ သီချင်းဖွင့်ပြီး ငိုမ်ကျနေတဲ့ သက်ထားဖော်ကို နည်းနည်းပါးပါး အကျိုးအကြောင်းပြောကာ ကားထဲမှာရှိနေတဲ့ ချာလီထီးအဝါကြီး ကြီးတစ်ချောင်းကို ဖွင့်ဆောင်း၍ မိုးရွာထဲအတူထွက်လာခဲ့သည်။

အာကာကတော့ စိတ်ဓာတ်ကျကျနှင့်. . .

"အေး. . . မင်းလုပ်ချင်တာတွေ လုပ်ကွာ၊ မတားတော့ ဘူး၊ ငါလည်း ဘယ်လိုကောင်နဲ့ လာတွေ့သလဲကို မသိပါဘူး"

ဟု တစ်ယောက်တည်း ပွစိပွစိ ရေရွတ်ကျန်ခဲ့သည်။

သရီးကွာတား ဘောင်းဘီကိုယ်ကျပ်အနက်လေးနှင့် အပေါ်ကနေ တင်းပါးဖုံးထိရှည်တဲ့ ဂါဝန်ပုံစံ အနီအနက်ကွက် အကျီလေးကို ဝတ်ထားသော ဆံပင်ရှည်ရှည်နှင့် ကောင်မလေး မှာ ဘာမသိဘာမသိနေရင်းထိုင်ရင်းက နေဘွိုင်းခေါ်ရာ ပါလာ သည်။

လေတွေ မိုးတွေကြမ်းနေရတဲ့အထဲ ထီးတစ်ချောင်းကို နှစ်ယောက်အတူ ဆောင်းလျှောက်သား လမ်းလျှောက်ထွက်ရသတဲ့။

"ကိုနေဘွိုင်းကလဲနော်၊ ဘာမှန်းလဲ မသိဘူး မိုးဘိတ်မှာ လျှောက်ရင် မရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး"

ဂျစ်တစ်တစ် ဖြေသံကိုပင် သက်ထားဇော်က သဘောတကျနှင့် သူမျက်နှာကို မော့ကြည့်မိသည်။

အာကာနှင့် သက်ထားက အိမ်နီးနားချင်း သူငယ်ချင်းတွေပါ။ ဒါပေမယ့် အာကာရဲ့ဘော်ဒါ ခပ်မိုက်မိုက် စတိုင်လ်နှင့် နေဘွိုင်းကိုပဲ သက်ထားက ကြိတ်၍ နှစ်ခြိုက်မိသည်။

ဒါပေမယ့် အာကာကပြောတော့ ချစ်သူရှိတယ်တဲ့။

နေဘွိုင်းရဲ့ချစ်သူကို သက်ထားဇော် မမြင်ဘူး။

ကံကောင်းသော ထိုမိန်းကလေးကို အားကျမိသည်။

ဒီညနေမှာ အာကာ့အိမ်ကို နေဘွိုင်းရောက်လာပြီး နောက် အပြင်ထွက်မည်ပြင်သောအခါ သူမက ဘာရယ်မဟုတ် ကားပေါ် ကမန်းကတမ်းတက်ပြီး လိုက်လာခဲ့တာ။

ဒီလိုလိုက်လာတဲ့အတွက် အာကာက တချနပ်ပျော်ရွှင်နေတာ သူမ ရိပ်မိသည်။ သူတို့နှစ်ယောက်သား ကားရှေ့ခန်းမှာ ဘာတွေ တီးတိုးတီးတိုး တိုင်ပင်နေသလဲ မသိ။ ကားကိုလည်း နှေးတုန့်တုန့်မောင်းကာ စက်ဘီးတစ်စီးနောက်သို့ မျက်ခြေမပြတ်အောင် ရှဲဒိုးလိုက်ခဲ့ကြတာ တွေ့ရသည်။





စက်ဘီးကို ခပ်မြန်မြန်နင်းနေသူက သက်ထားဇော်တို့နှင့် တစ်လမ်းတည်း အတူနေတဲ့ကောင်မလေး။

မျက်မှန်းတန်းနေမိပေမယ့် သက်ထားဇော်နှင့် မခင်မင်။

နောက် ကာယ်ရိယာမှာထိုင်တဲ့ ချစ်စရာကောင်းတဲ့ မိန်းကလေးကိုတော့ သူမ မသိ။

ပန်းစတော်ဘယ်ရီရောင် ဘောင်းဘီရှည်နှင့် တီရှပ်အနက်လေးကို ရိုးရှင်းစွာ ဝတ်ထားပေမယ့် သူမ သိမ်ကို လှပဆွဲဆောင်မှုရှိတာ အဝေးကနေမင် သိသာသည်။

သက်ထားဇော်သည် မျက်မှောင်လေးကုပ်လျှက်သားတစ်လမ်းလုံး စဉ်းစားလာပါသည်။

သူမတို့ဟာ နေဘွိုင်းနှင့်များ ပတ်သက်နေသလား။

နေဘွိုင်းရည်းစားတော့ မဖြစ်နိုင်ဘူးဟု ထင်မိ၏။

ရည်းစားဆိုရင် တိတ်တိတ်လေး နောက်ယောင်ခံလိုက်ကြည့်ပါ့မလားနော်။

သိချင်တာတွေ နောက်မှ အာကာ့ကို မေးရမည်။

နေဘွိုင်းရှေ့မှာတော့ ပေါ်တင်မမေးရဲပေ။ သူမျက်နှာကြီးက သုန်မှုန်မှုန်နှင့်မို့ လန့်လည်းလန့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားကန်ဘောင်ပေါ် ရောက်လျှင် ကအေးတံခါးကို ပင် သေချာမပိတ်နိုင်ဘဲ နှစ်ယောက်သား ကမန်းကတမ်း ဆင်း သွားကြတာ။

သက်ထားကိုတော့ ခဏစောင့်ဆိုသဖြင့် ဘာမသိဘာမသိ ခပ်ပျင်းပျင်း ထိုင်စောင့်နေခဲ့ရတာ။

နောက်တော့ မိုးက ဖြူန်းခနဲ ရွာလာသည်။ ပြီးတော့ အာကာနှင့် နေဘွိုင်းလည်း ပြန်ပြေးလာကြသည်။

ပြီးလျှင် လုံးဝမထင်မှတ်သော တောင်းဆိုမှုတစ်ခုကို သက်ထား လက်ခံရရှိတာပဲလေ။

အခုလို နေဘွိုင်းနှင့် နှစ်ယောက်တည်း ကန်ဘောင်ပေါ် ထီးလေးတစ်ချောင်း အတူတူဆောင်းပြီး တွဲလျှောက်ကြဖို့ဆိုတာ စိတ်ကူးပင် မယဉ်ရဲခဲ့တာ အမှန်ပါ။

သက်ထားဇော် ရင်မှာ လှုပ်လှုပ်ခတ်ခတ်နှင့် ကြည်နူး ရွှင်ပြနေမိ၏။ မိုးရေထဲ လျှောက်သွားဖူးသမျှထဲ ဒီတစ်ခါ အပျော် ဆုံးပါပဲ။

သက်ထားဇော်ကသာ နေဘွိုင်းမျက်နှာကို ခဏခဏ မော့ကြည့်မိသော်လည်း နေဘွိုင်းက သူမဖက် မကြည့်။





သူ့ပုံစံက အလွန်စိတ်လှုပ်ရှားပုံမျိုးဖြင့် ဇာပ်နံ့တစ်ခုကို ရင်ဆိုင်တော့မလို ဟန်ပြင်ထားသည်ဟု ထင်ရသည်။

သက်ထားလည်း သူ့ကို ဘာမှမမေးရဲ၊ မနှောင့်ယှက်ရဲ။

သူ့ခြေလှမ်းနှင့်အတူသာ ဂရုစိုက်ပြီး မီအောင်လျှောက် နေရသည်။ နေဘွိုင်းသည် ထီးရွက်ကို အပေါ်သို့ ပင့်တင်ကာ ဘယ်ညာနှစ်ဖက်စလုံး ကိုးကန်းတောင်မြောက် ရှာဖွေလာသည်။

ယိုးမယ်ကို လက်ငင်းနှင့်အတူ တွေ့ကိုတွေ့ရမည်ဟု ရာနှုန်းပြည့် သူ ယုံသည်။

လမ်းတစ်ဝက်နားရောက်မှသာ တကယ်တို့များ လက်ငင်း မပါအဲ ယိုးမယ်တစ်ယောက်တည်းဆိုလျှင်ကောဟု သူ ကယောင် ကတမ်း ပြန်တွေးမြန်သည်။

သူ ဘာလုပ်မလဲ. . .

ဒါဆိုလျှင် ယိုးမယ်က သက်ထားဇော်နှင့် စုံတွဲခုတ်လာတဲ့ သူ့အပေါ် အထင်လွဲ စိတ်ကောက်ပါလိမ့်မည်။

ကိစ္စ မရှိ. . . ဒါကို သူ ဖြေရှင်းနိုင်သည်။

လက်ငင်းနှင့် ယှဉ်တွဲပြီးသာမြင်ရရင် . . . ဒါကိုပဲ သူ ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ ကြောက်နေသောအရာကို မကြာမီမင် သူ မြင်တွေ့ရတော့မည်။

ခုံတန်းလေးတွေ တစ်ခုပြီးတစ်ခု ဖြတ်လာသည်။

ထီးကွယ်ဆောင်ထားတဲ့ စုံတွဲတွေကိုပင် သူ အသေအချာမြင်အောင် လိုက်ကြည့်သည်။

"ဘာလုပ်တာလဲ နေဘွိုင်းရယ်၊ အားနာစရာကြီး"

သက်ထားဇော်မှာ ရှက်မျက်နှာပူစွာ ဟန့်တားမိ၏။

ကြည့်လေ. . . သူများစုံတွဲတွေကို ပြူးတူးပြဲတဲ ပေါ်တင် သွားကြည့်နေတာ။ နေဘွိုင်း ဘာဖြစ်နေတာလဲ။

"ကိုနေဘွိုင်း ဘယ်သူ့ကို ရှာနေတာလဲဟင်"

နေဘွိုင်းက မဖြေပါ။

"အခုန စက်ဘီးပေါ်က ကောင်မလေးလား"

သူ ဆတ်ကနဲ လှည့်ကြည့်၏။

"ဘောင်းဘီရှည်ပန်းစတော်ဗယ်ရီရောင်လေးနဲ့လေ အဲဒါများ ဟိုးမှာ ရပ်နေတယ်. . . မတွေ့ဘူးလား"

ဟာ. . . အခေးက မြင်ကွင်းကြောင့် သူရင်ထဲမှာ အိမ့်တနဲ ဟာကျသွားရ၏။





မျှော်လင့်ထားပြီးသားဆိုပေမယ့် ရင်ဘတ်ထဲမှာ စူးနင့်ကြေကွဲသွားရပြီ။ လည်ချောင်းထဲမှာ တစ်ခုခုလာနင့်နေသလို ခံစားလိုက်ရသည်။

ခုံတန်းပေါ် မထိုင်ဘဲ မိုးရွာထဲ ခုံကို မှီပြီး ရပ်နေကြတဲ့ နှစ်ယောက်. . . တီးရှပ်လက်ရှည်အနက်နဲ့ ကာကီရောင် ဘောင်းဘီအပွနဲ့ သူတို့ဖက်ကို ထျောပေးရပ်နေတဲ့ သူက လက်ငင်း မဟုတ်ရင် ဘယ်သူဖြစ်မလဲ. . .

လက်ငင်းရှေ့မှာ မကွယ့်တကွယ်လေး၊ မခို့တရို့လေး ခပ်နွဲ့နွဲ့ ရပ်နေတဲ့ မိန်းကလေးပုံစံကရော ကိုယ့်ရဲ့ယိုးမယ်ဖွဲ့ မဟုတ်ရင် ဘယ်သူဖြစ်နိုင်သေးလို့လဲ. . .

တဖြေးဖြေး နီးကပ်လာပြီဖြစ်သော မြင်ကွင်းကို နေဘွိုင်းက အံကြိတ်ကာ စူးစူးရဲရဲ ကြည့်နေမိသည်။

တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လို့မဝအောင် ပျော်ဝင်ကြည်နူးနေတဲ့ လက်ငင်းနှင့် ယိုးမယ်ဟာ ဘေးပတ်ဝန်းကျင်ကိုပင် သတိမပြုမိကြပေ။

သူတို့ရဲ့အနားမှာ အချစ်ဓာတ်တွေ စီးဖြာဝန်းရံနေသလိုပဲ ထင်ရ၏။

"အဟမ်း. . . အဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



အနားက ဖြတ်လျှင် နေဘိုင်းက တမင် ချောင်းဟန့်သံ ပြုလိုက်၏။

ပြီးတော့ ဘာမပြောညာမပြောနှင့် သက်ထားဇော်ရဲ့ ပုခုံးကလေးကို ပိုင်စိုးမိုင်နင်း သိမ်းဖက်ထားလိုက်လေသည်။

အနီးကပ်ကာ ဖြတ်သွားတဲ့ စုံတွဲကို လက်ငင်းရော ယိုးမယ်ပါ မြင်တူ လှည့်ကြည့်လိုက်ကြ၏။

ကောင်မလေးတစ်ယောက်ကို ပုခုံးဖက်ကာ ထိန်းမိုးပေးထားသော နေဘိုင်းက သူတို့ထံ မဲ့ပြုံးနှင့် ခပ်တည်တည်ကြည့်၏။ သူ့အပြုံးက ထိမထင်ဟန်။ မိုးက ခုနလောက် သည်းထန်မနေတော့ဘဲ ခပ်ဖွဲဖွဲ ဖြစ်သွားပါပြီ။

လက်ငင်းသည် ထိုအတွဲကို လိုက်ကြည့်ရင်း တအံ့တသြ မျက်မှောင်ကုပ်သွားရသလို ယိုးမယ်ဖွဲ့ရဲ့ မျက်နှာလေးမှာလည်း မယုံကြည်နိုင်ဟန်. . .

"ဘယ်လိုဖြစ်တာလဲကွာ၊ မင်း ချာတိတ် မင်းကိုအရွဲ့တိုက် တွဲပြတာလား"

"ဟုတ်ပုံမလား. . . ကိုကြီးရဲ့၊ ယိုးမယ်တို့တောင် ဒီမှာ မတော်တဆ လာတွေ့တဲ့ဥစ္စာ၊ သူ နဂိုကတည်းက အသစ်တစ်ယောက် ထပ်တွဲနေတာပဲ ဖြစ်မှာပါ"





ယိုးမယ်က တွေးတွေးဆဆနှင့် မှတ်ချက်ချသည်။ နေဘိုင်း အပြုအမူကို သူမ နားမလည်။

ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ၊

ဒီမိုး ရွာနေချိန် ခနလေးအတွင်းမှာပဲ အဖြစ်အပျက်တွေက ဆန်းကြယ်စွာ တိုက်ဆိုင်နေပါရောလား။

ဟိုနှစ်ယောက်က ကြွင်နေခစွာ ပုခုံးဖက်လျက် တရွေ့ရွေ့ ထွက်ခွာသွားကြလေပြီ။ ယိုးမယ်က နှုတ်ခမ်းလေးဖိကိုက်၍ ဇဝေဇဝါ လိုက်ကြည့်နေမိသည်။

"စိတ်မကောင်းဖြစ်သွားလား ယိုးမယ်"

လက်ငင်းက သူမ အမူအယာကို ကြည့်ကာ မေးလိုက်မိသည်။

"သူက ဘယ်လိုသဘောလဲ၊ နည်းနည်းထူးဆန်းနေလို့ပါ ကိုကြီးရဲ့"

"ဒါဆို ရင်ထဲမှာ ဘာမှ မခံစားရဘူးလား"

ကိုကြီးလက်ငင်းရဲ့မေးခွန်းကို သူမ ချက်ချင်းအဖြေ မပေးနိုင်။ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားတယ်ဆိုတာ သူမ လည်း မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခဏလောက်ထိုင်လိုက်ပါလား"

ကိုကြီးစကားကြောင့် ခုံတန်းလေးမှာ အတူတူထိုင်ဖြစ်သွား၏။ ယိုးမယ် ခပ်ဝေးဝေးလေး ငြိမ်သက်နေလျှင် လက်ငင်းက သူမဖက် နည်းနည်းတိုးရွှေ့လာ၏။

အခုန ပြောခွင့်မသာတဲ့ စကားတစ်ခွန်းကို အခုပြောခွင့်ရသွားပြီလေ။ စက္ကန့်လေးတွေတိုင်းမှာ ပြောင်းလဲမှုဆိုတာ ရှိတတ်သလားကွာ။ သူကလေးကို ကြည့်ကာ လက်ငင်းရင်ထဲမှာ ဝုန်းဒိုင်းကြဲအောင် အခုန်ကြမ်းလာသည်။

လက်ငင်းက ဘာတစ်ခွန်းမှမပြောဘဲ သူမလက်ကလေးကို ဆွဲယူလျှက် လက်ဖမိုးအိအိလေးကို သူ့နှုတ်ခမ်းနွေးနွေးနှင့် ဖြေးညှင်းစွာ ထိတွေ့လိုက်သည်။

နှစ်သိမ့်သော ထိုအနမ်းဖွဖွလေးဟာ ကောင်းကင်ပေါ်က ကျလာသော လက်ဆောင်လေးတစ်ခုပမာ ယိုးမယ်ဖွဲ့ရဲ့ နှလုံးသားကို တဖျပ်ဖျပ် တောင်ပံခတ်သွားစေလေသည်။

ဆုလေးနွယ်

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com